ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 The Mirror Daily



# နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအား ရှင်းလင်းပြောကြားမည်

**နေပြည်တော် ဧပြီ ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီ ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ မြန်မာနိုင်ငံဆိုင်ရာ ပြည်တွင်း ပြည်ပ အခြေစိုက်သံတမန်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုရှိန်က ပြောကြားသည်။

"သံတမန်တွေနဲ့ တွေ့ဆုံရှင်းလင်းပွဲကို တက်ရောက်ဖို့ ရန်ကုန်မြို့ အခြေစိုက် သံရုံး ၄၆ ရုံး၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံး တစ်ရုံးနဲ့ ပြည်ပအခြေစိုက် သံရုံး ၄၆ ရုံး စုစုပေါင်း ၉၃ ရုံးကို ဖိတ်ကြားခဲ့ရာမှာ ယနေ့အချိန်အထိ သံရုံး ၇၃ ရုံးမှ ပါဝင်တက်ရောက်ကြမယ်လို့ ပြန်ကြားထားပါတယ်။ အဲဒီမှာ သံအမတ်ကြီးများ သို့မဟုတ် ဒုတိယသံရုံးအကြီးအကဲများ ပါဝင်တက်ရောက်ကြမှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုရှိန်က ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာ မိမိနိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ဖော်ဆောင်တာဖြစ်ပြီး အမျိုးသားလုံခြုံရေး၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊တရားမျှတပြီး တည်ငြိမ်အေးချမ်းတဲ့ ကမ္ဘာ့ပတ်ဝန်းကျင်တိုးတက်ဖြစ်ထွန်းရေးကိုဦးတည်ထားရှိပါတယ်။ လွတ်လပ်မှု၊အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းအစဉ်အလာများကိုအလေးထားမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားမှုစတဲ့အချက်တွေကို တန်ဖိုးထားတဲ့ မူဝါဒဖြစ်ပါတယ်။"

"ကျွန်တော်တို့နိုင်ငံဟာ အနာဂတ်နိုင်ငံတော် ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုတွေ၊ မိမိပြည်တွင်းရေးလိုအပ်ချက်တွေကို ပြည်ပနိုင်ငံတကာရဲ့ စံချိန်စံညွှန်းတွေနဲ့ ညှိနှိုင်းမှုတွေပြုလုပ်ပြီး အပြန်အလှန်အားဖြင့် နိုင်ငံတကာဖြစ်စဉ်တွေကနေပြီး မိမိနိုင်ငံပြည်တွင်းရေး သက်ရောက်မှုတွေကို စောင့်ကြည့်လေ့လာကာအမျိုးသားရေးအကျိုးစီးပွားနဲ့ယှဉ်ပြီး ရပ်တည်ဆောင်ရွက်ခြင်းတွေကို ဆက်လက်ဖော်ဆောင်လျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယခင်ကကဲ့သို့ သာမန်နှစ်နိုင်ငံဆက်ဆံရေး (bilateral relation) တိုးတက်ခိုင်မာရေး ဦးတည်ချက်တစ်ခုတည်းသာမဟုတ်တော့ဘဲ ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်ပြီး (regional integration)နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး (multilateralism) တို့ကိုလည်း ပိုမိုပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်။

ပြည်သူ့လက်ထဲက ရန်ကုန်၏ အနာဂတ် — စာမျက်နှာ - ၇
စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များအား ကြပ်မတ်ပေးစေလို — စာမျက်နှာ - ၇
ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက် — စာမျက်နှာ - ၉
မုံရွာမြို့တွင် ရေနွေးငွေ့ဘွိုင်လာအိုး အပူလွန်ကဲရာမှ ပေါက်ကွဲ၍ တစ်ဦးသေဆုံး — စာမျက်နှာ - ၁၀

## နှစ်သစ်ကူးလက်ဆောင်ပေးသည့် အထုပ်အား စစ်ဆေးရာ ငွေသားကျပ် သိန်း ၅၀ ဖြစ်နေ

### နိုင်ငံတော်သမ္မတရုံးက မီဒီယာကုမ္ပဏီကြီးတစ်ခုအား ငွေကြေးပေးအပ်ခြင်း မပြုရန် ပညာပေးအသိပေးသည့် အကြောင်းကြားစာ ပေးပို့ချက်နှင့် စပ်လျဉ်းပြီး သတင်းထုတ်ပြန်

**နေပြည်တော် ဧပြီ ၂၀**

အဂတိလိုက်စားမှုအလေ့အထကို အချိန်တိုကာလအတွင်း လုံးဝပပျောက်သွားစေရန်အတွက် "လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်"အား လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်လာသည့် မီဒီယာကုမ္ပဏီကြီးတစ်ခုအား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဧပြီလ ၂၀ ရက်နေ့ ရက်စွဲဖြင့် ပညာပေးအသိပေးသည့် အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ဖော်ပြထားရှိသည်။

အဆိုပါ ပေးပို့ခဲ့သည့် အကြောင်းကြားစာတွင် အဂတိလိုက်စားမှုအလေ့အထကို အချိန်တိုကာလအတွင်း လုံးဝပပျောက်သွားစေရန်အတွက် "လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်"ကို အလေးအနက်ထားလိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် သက်ဆိုင်ရာဌာနအားလုံးသို့ ပေးပို့ခဲ့ပြီး ထိုလမ်းညွှန်ချက်ကို အများပြည်သူသိရှိနိုင်ရန် သတင်းစာများတွင် ထည့်သွင်းခဲ့သည့်အပြင် သမ္မတရုံး၏ Website တွင်လည်း ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

နေပြည်တော်တွင် မဟာသင်္ကြန်ကို သိုက်သိုက်မြိုက်မြိုက် ကျင်းပရာတွင် မီဒီယာကုမ္ပဏီကြီးအနေဖြင့်လည်း မဏ္ဍပ်တည်ဆောက်ကာ ပါဝင်ဆင်နွှဲခဲ့ပြီး အစိုးရအဖွဲ့ဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်တို့ကိုလည်း ဖိတ်ကြားကာ ဧည့်ခံမှုပြုလုပ်ခဲ့ပါကြောင်း၊ ထိုသို့ ဖိတ်ကြားဧည့်ခံသူများအနက် အရေးကြီးပုဂ္ဂိုလ်၏ ကိုယ်ရေးအရာရှိလည်း ပါဝင်ပါကြောင်း၊ ထိုသို့လာရောက်သူများကို နှစ်သစ်ကူး လက်ဆောင်ပေးရာ၌ ကိုယ်ရေးအရာရှိအား ငွေသားကျပ်သိန်း ၅၀ ပါ အထုပ်ကို ပေးအပ်ရာတွင် သက်ဆိုင်ရာအရာရှိမှ ငွေသားဟု မသိရှိသဖြင့် ယူဆောင်ခဲ့ပြီး စစ်ဆေးကြည့်ရာတွင် ငွေများဖြစ်နေ၍ လမ်းညွှန်ချက်တွင် ပါရှိသည့်အတိုင်း အထက်အကြီးအကဲထံ တင်ပြခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုသည် ကနဦးအဆင့်တွင် လက်ဆောင်ပစ္စည်းပေးရာမှ စတင်နိုင်သဖြင့် နိုင်ငံတော်သမ္မတရုံးအနေဖြင့် လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း။

မီဒီယာကုမ္ပဏီကြီးအနေဖြင့် ပေးအပ်သည့် ငွေကြေးသည် စေတနာဖြင့် ပေးအပ်သည့်တိုင် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်ဘောင်ထက်များစွာကျော်လွန်နေပါကြောင်း၊ ၎င်းကိစ္စသည် ယခုအစိုးရလက်ထက်တွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား
မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 013106 (0118)
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလိုင်စင်အမှတ်
တိုင်းရင်းဆေးဝါးကြော်ငြာခွင့်ပြုချက်အမှတ်

အာသာဝတီ (အမှတ်တံဆိပ်)
သွေးတိုးကျဆေး

၁။ တိုင်းရင်းဆေးပါမောက္ခဆရာကြီး၏ အောင်မြင်သော သုတေသနကို အခြေခံထားသည်။
၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်။ နိုင်ငံတကာစံချိန်မီ OECD (423) Guide Line ဖြင့်ပြုလုပ်သည်။
၃။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်။ ခေါင်းကြည်လင်ပေါ့ပါးစေခြင်းဖြင့် အလုပ်ခွင်တွင် လန်းဆန်းစွာ လုပ်ကိုင်နိုင်သည်။
၄။ Reference : - Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)

ဂရိတ်ဓါတ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

# အသက် (၈၀) အထက် ဘိုးဘွားများ သက်ကြီးပူဇော်ပွဲကျင်းပ



**ရန်ကုန် မေ ၂၀**

(၂၅)ကြိမ်မြောက် အသက် (၈၀) အထက် ဘိုးဘွားများသက်ကြီးပူဇော်ကန်တော့ပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် (၇)ရပ်ကွက် သာသနာနုဂ္ဂဟဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့မှ (၇)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က " ရပ်ကွက်ထဲမှာ နေထိုင်ကြတဲ့ အသက် (၈၀)အထက် ဘိုးဘွားတွေကို နှစ်သစ်ကူးမှာ ရပ်ကွက်နေပြည်သူတွေ အားလုံး ပူးပေါင်းပြီး လှူဒါန်းတဲ့အလှူငွေတွေနဲ့ ပူဇော်ကန်တော့ကြတာပါ။ ထိုက်ထိုက်တန်တန် ကန်တော့နိုင်အောင် အခြားအသုံးစရိတ်တွေကိုလည်းချွေတာထားတယ်။နောင်နှစ်တွေမှာ ဒါထက်လှူနိုင်အောင် ကြိုးစားသွားမယ်"ဟု ပြောသည်။

သက်ကြီးကန်တော့ခံတစ်ဦးဖြစ်သူ စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်က "နှစ်ကူးကာလမှာ သက်ကြီးဘိုးဘွားတွေကို ပူဇော်ကန်တော့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို လူငယ်တွေအနေနဲ့ မပျောက်ပျက်အောင် ထိန်းရမယ်။ ဒီရပ်ကွက်က ၁၉၉၀ ပြည့်နှစ် ရပ်ကွက်စတည်ကတည်းက လုပ်လာတာ တစ်နှစ်မှ မပျက်သေးဘူး။ အခြေခံလူတန်းစားတွေများပေမယ့် သဒ္ဓါတရားထက်သန်တယ်။ အခုလို လှူဒါန်းတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် သံဃာတော်များအား ဆွမ်းနှင့် အလှူငွေများ ကပ်လှူခြင်း၊ အသက် (၈၀)အထက် ဘိုးဘွား ၉၅ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှင့် ဆေးဝါးများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါများလှူဒါန်းခဲ့ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သည့် ဘိုးဘွားများကိုလည်း အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သီသီမင်း)**

---

**အဂတိကင်းစေ**

အတွေးတွေ မတူ
အပေးယူ မမှု
ရကယူ ကြည်ဖြူ
မပြုဆူ ခပင်း
အတင်းလည်း မဆို
နားလည်မှု ပိုမို
ထိုထို ဤလူသား
လာဘ်ဝေစား လှည့်ဖြား
ရှောင်ရှားကြပါ
အဂတိတရား။ ။

မြင့်ကျော်(ဇလွန်)

---




---

ကြေးမုံ

# အမှန်တကယ် သန့်ရှင်းတဲ့အစိုးရ

လွတ်လပ်ရေးရပြီးသည့်နောက် ကိုယ့်မင်းကိုယ့်ချင်းအစိုးရအဖြစ်နှင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရင်း အရှေ့တောင်အာရှမှာ အတိုးတက်ဆုံး၊ အဖွံ့ဖြိုးဆုံး အချမ်းသာဆုံးနိုင်ငံအဖြစ် ထွန်းတောက်ခဲ့သော၊ နိုင်ငံတကာက အလေးဂရုပြုကာ တလေးတစား ဆက်ဆံရသော မြန်မာနိုင်ငံဘဝမှ အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ရသော အဓိကအကြောင်းများထဲတွင် အစိုးရခေါင်းဆောင်များ ကိုယ်ကျိုးရှာမှုက တစ်ခုအပါအဝင်ဖြစ်သည်။

ခေါင်းဆောင်များ ကိုယ်ကျိုးရှာခဲ့ကြသည့် ရေချိန်မြင့်မားလာပုံမှာ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတို့သည် တရားဝင်လိုလို ဖြစ်လာခဲ့သည်အထိ။ လောဘရမက် တက်ကြသည်မှာ အလုအယက်နှင့် လူကြား၌ပင်မကောင်း။ အဂတိလိုက်စားခြင်းသည် ယဉ်ကျေးမှုတစ်ခုသဖွယ်။ နိုင်ငံဒုတ်ဒုတ်ထိဆင်းရဲသွားချိန်မှာ ကိုယ်ကျိုးရှာ အာဏာပိုင်တို့၏ ချမ်းသာကြွယ်ဝမှုက ကမ္ဘာ့အဆင့်မီ ဖြစ်ခဲ့သည်။

သည်နေ့လို တိုင်းပြည်ပြန်လည်ထူထောင်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြတော့မည်ဟု ဆုံးဖြတ်လုပ်ကိုင်နေကြချိန်တွင် အဂတိကင်းစင်ရေး ကြွေးကြော်သံက မဖြစ်မနေ အကောင်အထည်ဖော်ရမည့် ပင်မလုပ်ငန်းကြီးတစ်ခု ဖြစ်ပါသည်။

သည့်အတွက်ကို အစိုးရအဖွဲ့ဝင်များကြား လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်ထုတ်ပြန်ပြီး ထိန်းချုပ်ခဲ့သည်ကိုလည်း ပြည်သူတို့ ထောက်ခံအားပေးခဲ့ကြပြီး ဖြစ်သည်။

သည်လိုအချိန်မှာ မီဒီယာကုမ္ပဏီကြီးတစ်ခုက အရေးကြီး ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ရေးအရာရှိအား ငွေကျပ် သိန်းငါးဆယ်ပါ အထုပ်နှင့် လက်ဆောင်ပေးခဲ့သည်ဟူသော နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ချက်တစ်စောင်ထွက်ရှိလာရာ ယင်းသတင်းမှာ အလွန်ပင် သတိထားရမည့် အန္တရာယ်အချက်ပေးခေါင်းလောင်းသံတစ်ခုပင်ဖြစ်ပါသည်။

နိုင်ငံရေးသမားဟူသည် နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးအတွက်သာ မိမိ၏ ကိုယ်ကျိုးကို လျှော့ချသူတို့သာ ဖြစ်သင့်သည်။ ယင်းသည် အလွန်အရေးကြီးသော နိုင်ငံရေးသမားတစ်ယောက်၏ အရည်အသွေးတစ်ရပ်ပါပေ။

ဝီရိယကြီးခြင်း၊ ဇွဲရှိခြင်း၊ အမှန်တရားအတွက် ရဲဝံ့သတ္တိရှိခြင်း၊ ပညာဉာဏ်မြင့်မားခြင်း၊ လုပ်ရည်ကိုင်ရည် ထက်မြက်ခြင်း စသည့် အရည်အချင်းတို့နှင့်အတူ စွန့်လွှတ်နိုင်စွမ်းရှိခြင်းကလည်း အလွန်အရေးကြီးသော အရည်အသွေးတစ်ရပ်ဖြစ်ပါလိမ့်မည်။ ကိုယ်ကျိုးရှာလိုစိတ်နည်းပါးသူတို့လက်သို့သာ နိုင်ငံရေးအာဏာအပ်နှင်းချင်သည်မှာ ပြည်သူတို့၏ ဆန္ဒဖြစ်ပါသည်။

နိုင်ငံရေးလုပ်ခြင်းဆိုသည် သူတော်ကောင်းတို့ မြင့်မြတ်သူတို့၏ အလုပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ မဖြူစင်လျှင်၊ လောဘအလိုရမက်ကြီးလျှင်၊ ကိုယ်ကျိုးကြည့်လွန်းလျှင် နိုင်ငံရေးနှင့် ဝေးဝေးနေသင့်သည်။ နိုင်ငံရေးအာဏာနှင့် ဝေးဝေးနေသင့်သည်။

မြင့်မြတ်သူတို့ ဆောင်ရွက်လုပ်ကိုင်ရာ နိုင်ငံရေးနယ်ပယ်တွင် ကိုယ်ကျိုးရှာ လောဘသားများ၊ ညစ်ထေးယုတ်မာ မဟုတ်မမှန် လုပ်လိုသူများ၊ ပြည်သူ့အကျိုးစီးပွားကို မှန်မှန်ကန်ကန် မမြင်တတ်သူများ အနားမကပ်သင့်ဟု ယူဆပါသည်။

စီးပွားရေးသမားများ ဒီမိုကရေစီတိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ လွတ်လပ်မျှတမှုများဖြင့် ယှဉ်ပြိုင်အလုပ်လုပ်နိုင်ကြပါလိမ့်မည်။ နိုင်ငံရေးသမားများကို ငွေနှင့်ပေါက်၍ အခွင့်အရေးရယူရန် ကြံစည်ကြိုးပမ်းမှုမျိုးကို ရှောင်ကြဉ်သင့်ပါပြီ။ အဂတိလိုက်စားသော နိုင်ငံရေးသမားများ ပေါ်ပေါက်ရေးကို အားထုတ်လာသူ မည်သူကိုမဆို ပြည်သူလူထုက ဆန့်ကျင်သွားလိမ့်မည်ဆိုသည်ကို သတိပြုသင့်ပါသည်။

ယနေ့လို ပြန်လည်ထူထောင်ရေးကာလတွင် တိုင်းပြည်တိုးတက်ရေးကို အဓိကထား အလုပ်လုပ်ကြသည့် အမှန်တကယ် သန့်ရှင်းသော အစိုးရဖြစ်ရေးကို ပြည်သူအားလုံးတို့က ဘက်ပေါင်းစုံမှ အားပေးကူညီသွားကြမည်ဆိုသည်ကို သဘောပေါက်နားလည်သင့်ပြီဟု ယူဆပါကြောင်း။ ။

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **နှစ်သစ်ကူးလက်ဆောင်မှ**

ပထမအကြိမ်ပေါ်ပေါက်သည့် ကိစ္စဖြစ်၍ ပညာပေးကာလဟု သတ်မှတ်ပြီး ယခုကိစ္စကို ဆက်လက်အရေးယူဆောင်ရွက်ခြင်းပြုမည်မဟုတ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ပပျောက်အောင် ဆောင်ရွက်ရာတွင် အဓိက "မူ" မှာ "မပေးရန်"၊ "မယူရန်" ဖြစ်ပါကြောင်း။

ထို့ကြောင့် အနာဂတ်တွင် လက်ဆောင်ပစ္စည်းပေးမှုများကို လမ်းညွှန်ချက်ဘောင်ထက် ကျော်လွန်စွာ ဆောင်ရွက်ခြင်းမပြုရန် သက်ဆိုင်ရာ ကုမ္ပဏီအား လေးနက်စွာ အကြောင်းကြားပါကြောင်း။

လက်ဆောင်ပေးအပ်သည့် ငွေသားနှင့် ပတ်သက်ပြီး ကျပ်သိန်း ၅၀ အား နွေရာသီတွင် ရေရှားပါးသဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်သည့် လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလှူငွေအဖြစ် ပေးလှူမည်ဟု ဖော်ပြပါရှိကြောင်း သိရသည်။

ထိုကဲ့သို့ လက်ဆောင်ပစ္စည်း ပေးအပ်ခြင်း၊ လက်ခံခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းဖြင့် အဂတိလိုက်စားမှုများ အချိန်တိုကာလအတွင်း တိုက်ဖျက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း သတင်းထုတ်ပြန်ထားရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗြိတိန်နိုင်ငံ ဘုရင်မကြီးမွေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၁**

၂၀၁၆ ခုနှစ် မေ ၂၁ ရက်တွင် ကျရောက်သော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီး၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် မေ ၂၁ ရက်တွင် ကျရောက်သော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီး၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဒေးဗစ်ကင်မရွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အဆောက်အအုံသစ်ကို တွေ့ရစဉ်။

❒ **ရှေ့ဖုံးမှ**

နီးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်လာကြောင်း၊ ထို့ကြောင့် ASEAN၊ ASEAN +3၊ ACMECS၊ CLMV၊ BIMSTEC၊ LMI၊ GMS၊ ACD၊ Mekong-Lancang၊ Mekong-Korea နဲ့ Mekong-Japan စသည့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းပြီးဆောင်ရွက်နေကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုရှိန်က ဆက်လက်ပြောကြားသည်။



နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုရှိန်

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ အရ **"လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးဝါဒ"**ကိုကျင့်သုံးလျက်ရှိပြီး **"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်"** ဖြစ်သည့် တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေရန်နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန် အချက်များကို အခြေခံပြီး လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ကျင့်သုံးလျက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဒေါ်အောင်ဆန်းစုကြည်က မိမိတို့အစိုးရသည် နိုင်ငံခြားရေးမူဝါဒအရ တစ်ကမ္ဘာလုံးနှင့် ခင်မင်ရင်းနှီးစွာဖြင့် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်သည့်နေရာတွင် အိမ်နီးချင်းနိုင်ငံများကလည်း ပူးပေါင်းဆောင်ရွက်မည်ဟုယုံကြည်ပါကြောင်း မေ ၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား လက်ခံတွေ့ဆုံရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အစဉ်အဆက်ကျင့်သုံးခဲ့သော နိုင်ငံခြားရေးမူဝါဒကို ထင်ဟပ်ဖော်ပြလျက်ရှိသကဲ့သို့ မြန်မာ့နိုင်ငံခြားရေးမူဝါဒမှာ ပိုမို၍ သွက်လက်လှုပ်ရှားလာခဲ့ရာ မေ ၂၂ ရက်တွင် သံတမန်များနှင့်တွေ့ဆုံရှင်းလင်းနိုင်ခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားအကျိုးစီးပွားမြင့်မားရေးအတွက် မြန်မာ့နိုင်ငံခြားရေးမူဝါဒဖြင့် မြှင့်တင်သွားနိုင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ဒေါ်အောင်ဆန်းစုကြည် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၁**

၂၀၁၆ ခုနှစ် မေ ၂၁ ရက်တွင် ကျရောက်သော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီး၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံမှ ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဖိလစ် ဟမ်းမန့်(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**



# သုတေသနလုပ်ငန်းများ၊ ဥယျာဉ်ခြံလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၈ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပူပိုင်းဒေသသီးနှံ ဇဟိုသုတေသနခြံသို့ရောက်ရှိကြရာ ခြံတာဝန်ခံ ဒေါ်မာမာချိုက သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သုတေသနလက်ထောက်-၂ ဦးဝင်းစိုးက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဒေသအလိုက် သုတေသနလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ မတူညီသော ရေမြေရာသီဥတု အခြေအနေပေါ် မူတည်၍ ဒေသနှင့် လိုက်လျောညီထွေမည့် သုတေသနလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေးနှင့် ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် သုတေသနလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ဆည်ပေါက်ဥယျာဉ်ခြံသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက အသေးစိတ်ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားပြီး ဥယျာဉ်ခြံအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုပ္ပါးဥယျာဉ်ခြံသို့ ရောက်ရှိကြပြီး ခြံအတွင်း စိုက်ပျိုးထားရှိသော ရှားပါးတိုင်းရင်းဆေးပင်များ၊ နဂါးမောက်သီးပင်များနှင့် ဥယျာဉ်ခြံသီးနှံပင်များကို လှည့်လည်ကြည့်ရှုအားပေးရာ**(ဓါတ်ပုံ)** ခြံတာဝန်ခံ ဒေါ်စိုးစိုးအောင်က ရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

# ပြင်ဆင်ဖတ်ရှုပါရန်

(၂၀-၄-၂၀၁၆)နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၅၊ ကော်လံ (၁)၊ ဒုတိယစာကြောင်းတွင် ကောဇာသက္ကရာဇ် ၁၂၈၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် ကော်လံ(၃)၊ တတိယပိုဒ်၊ စာကြောင်းရေ (၆) တွင် ပါရှိသည့် စာသားအား "ပဋိပတ်မကင်းသော ပရိယတ်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# နယူးယောက်ပြည်နယ်ရွေးကောက်ပွဲတွင် ဒေါ်နယ်လ်ထရန့်နှင့် ဟီလာရီကလင်တန်တို့ အနိုင်ရ

**နယူးယောက် ဧပြီ ၂၀**

အမေရိကန်ပြည်ထောင်စု၏ အဓိကပါတီနှစ်ခုဖြစ်သော ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန်ပါတီများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်ရွေးကောက်ပွဲများကို ပြည်နယ်အလိုက်ကျင်းပလျက်ရှိရာ အဓိကပြည်နယ်တစ်ခုဖြစ်သည့် နယူးယောက်ပြည်နယ်တွင် ဒေါ်နယ်လ်ထရန့်နှင့် ဟီလာရီကလင်တန်တို့က ၎င်းတို့၏ပြိုင်ဘက်များကို မဲအသာစီးဖြင့် အနိုင်ရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများအရ သိရသည်။

နယူးယောက်ပြည်နယ်တွင် ဧပြီ ၁၉ ရက်က မဲရုံများ ပိတ်သိမ်းခဲ့ပြီးနောက် မဲများကို စတင်ရေတွက်ခဲ့သည်။

ဒီမိုကရက်တစ်ပါတီကိုယ်စားပြု ဟီလာရီကလင်တန်က သူ့ပြိုင်ဘက် ဘာနေးဆန်ဒါးစ်ကို အနိုင်ရရှိခဲ့ပြီး ရီပတ်ဘလီကန်ပါတီကိုယ်စားပြု ဒေါ်နယ်ထရန့်က ဂျွန်ကာဆစ်ချ်နှင့် တက်ဒ်ခရုဇ်ကို အနိုင်ရရှိခဲ့သည်။

ဟီလာရီကလင်တန်နှင့် ထရန့်တို့သည် ယခင်ပြည်နယ်ရွေးကောက်ပွဲများတွင် ရလဒ်ကောင်းများ မရရှိခဲ့သော်လည်း ယခုနယူးယောက်ပြည်နယ်ရွေးကောက်ပွဲတွင် ၎င်းတို့၏ပြိုင်ဘက်များအား မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီပတ်ဘလီကန်ပါတီကိုယ်စားလှယ် ထရန့်သည် သူ၏မွေးရပ်ပြည်နယ် နယူးယောက်တွင် ပြိုင်ဘက်ကိုယ်စားလှယ်များအား မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ယခင်စကားရည်လုပွဲများတွင် လွှတ်တော်အမတ် တက်ခရုဇ်ကို အရေးနိမ့်ခဲ့သည်။

နယူးယောက်မြို့ကိုယ်စားပြုလွှတ်တော်အမတ်အဖြစ် ရှစ်နှစ်ကြာတာဝန်ထမ်းရွက်ခဲ့သည့် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ် ကလင်တန်က လွှတ်တော်အမတ် ဘာနေးဆန်ဒါးစ်ကို ၅၇ ဒသမ ၉ ရာခိုင်နှုန်းဖြင့် မဲအသာစီးရကာအနိုင်ရရှိခဲ့သည်။

ကလင်တန်သည် ယခင်စကားစစ်ထိုးပွဲများတွင် သူ့ပြိုင်ဘက်များအား ခုနှစ်ကြိမ်ဆက်တိုက် ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

မည်သို့ပင်ဆိုစေကာမူ ဟီလာရီကလင်တန်နှင့် ထရန့်တို့သည် နယူးယောက်မြို့ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်အတွက် နောင်လာမည့်ရွေးကောက်ပွဲများအတွက် ရလဒ်ကောင်းများရရှိရန် အရှိန်အဟုန်ကောင်းများရရှိခဲ့ပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**




# တရုတ်လေတပ်မှ အက်ဖ်ဘီစီ-၁ ဂျက်တိုက်လေယာဉ်များအား အမျိုးသမီးလေယာဉ်မှူးများ မောင်းနှင်မည်

**ပေကျင်း ဧပြီ ၂၀**

ယနေ့ထုတ် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သတင်းစာ၏အဆိုအရ အမျိုးသမီးလေယာဉ်မှူးများက ပထမဆုံးအကြိမ်အဖြစ်တရုတ်လေတပ်၏အက်ဖ်ဘီစီ-၁ ဗုံးကြဲလေယာဉ်များကို မောင်းနှင်တော့မည်ဖြစ်သည်။

"ပျံသန်းနေသောကျားသစ်"ဟူ၍လည်းလူသိများသည့် အက်ဖ်ဘီစီ-၁ ဂျက်တိုက်လေယာဉ်များကို သီးခြားတီထွင်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ရှီအန်းလေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းက ထုတ်လုပ်ခြင်းဖြစ်သည်။ အဆိုပါ ဂျက်တိုက်လေယာဉ်တွင် အခန်းငယ်နှစ်ခုပါဝင်ပြီး ရှေ့ပိုင်းတွင် လေယာဉ်မှူးအခန်းရှိကာ အနောက်ဘက်အခန်းက လက်နက်များကို ထိန်းချုပ်သည့် အခန်းဖြစ်သည်။



ယခုချိန်ထိ ယင်းဂျက်တိုက်လေယာဉ်၏ လေယာဉ်မှူးခန်းကို အမျိုးသားလေယာဉ်မှူးများကသာ နေရာယူထားခဲ့သည်။ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်လေတပ်ဖွဲ့က အမျိုးသမီးလေယာဉ်မှူးများ ပိုမိုကောင်းမွန်စွာ နေထိုင်နိုင်ရန် အက်ဖ်ဘီစီ-၁ ဂျက်တိုက်လေယာဉ်၏ လေယာဉ်မှူးခန်းကို ပြုပြင်မွမ်းမံရန် ဆုံးဖြတ်ခဲ့သည်။

တရုတ်လေတပ်သည် ယခုအခါ နိုင်ငံအရှေ့မြောက်ပိုင်းရှိ လေတပ်အခြေစိုက်စခန်းတစ်ခု၌ ဂျက်တိုက်လေယာဉ်များ မောင်းနှင်ရန် အမျိုးသမီးလေယာဉ်မှူးများကို လေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ လေယာဉ်မှူးများက အနာဂတ်ကာလတိုက်ခိုက်ရေးမစ်ရှင်များအတွက် ညပိုင်း၌ စုဖွဲ့ပျံသန်းရေးလေ့ကျင့်မှုများကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

**ဆင်ဟွာ။**

# ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပွင့်လင်းလာသော အာတိတ်ရေကြောင်းလမ်း အသုံးပြုရန် တရုတ်လိုလား

**ပေကျင်း ဧပြီ ၂၀**

အာတိတ်သမုဒ္ဒရာမှတစ်ဆင့် အနောက်မြောက်ပိုင်း ရေကြောင်းလမ်းကို တိုးမြှင့်အသုံးပြုသွားရန် သင်္ဘောလုပ်ငန်းကုမ္ပဏီများကို တရုတ်အစိုးရက တိုက်တွန်းအားပေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပွင့်လင်းလာသော ပင်လယ်ရေကြောင်းလမ်းသစ်ကို အသုံးပြုခြင်းဖြင့် အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအကြား ရေကြောင်းခရီးသွားလာရာတွင် အသုံးပြုရသည့်အချိန်ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်သတင်းစာဖြစ်သော ချိုင်းနားဒေးလီးက ဧပြီ ၂၀ ရက်တွင် ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဝင်ရိုးစွန်းဒေသ၌ လှုပ်ရှားမှုများ တိုးမြှင့်ပြုလုပ်လာသည်။ ဂရင်းလန်းကျွန်း၌ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် ငွေကြေးအများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်လာသည်။ ၎င်းအပြင် အိုက်စလန်နိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ကို တရုတ်နိုင်ငံကရရှိထားသည်။

အာတိတ်သမုဒ္ဒရာကို ဖြတ်သန်းကာ ပိုမိုတိုတောင်းသော ပင်လယ်ရေကြောင်းလမ်းကို အသုံးပြုခြင်းဖြင့် တရုတ်ကုမ္ပဏီများအနေဖြင့် အချိန်နှင့်ငွေကြေးအရ ချွေတာနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့သို့ အာတိတ်လမ်းကြောင်းမှ တစ်ဆင့် သင်္ဘောခုတ်မောင်းပါက စူးအက်တူးမြောင်းမှတစ်ဆင့် သင်္ဘောခုတ်မောင်းခြင်းနှင့် နှိုင်းယှဉ်လျှင် ရေမိုင် ၂၈၀၀ ပိုမိုလျှော့နည်းသွားမည်ဖြစ်ကြောင်း တရုတ်ပင်လယ်ရေကြောင်း ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ယခုလအတွင်း ထုတ်ပြန်သော စာမျက်နှာ ၃၅၆ မျက်နှာပါ လမ်းညွှန်စာတမ်းကို ကိုးကားလျက် ချိုင်းနားဒေးလီးက ရေးသားဖော်ပြသည်။

အာတိတ်ပင်လယ်ရေကြောင်းလမ်းကို အများစုက အသုံးပြုလာပါက ကမ္ဘာ့ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ လုံးဝပြောင်းလဲလာမည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားထားသည်။ **ရိုက်တာ။**

# အိုင်အက်စ်တို့အား တိုက်ခိုက်ရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်သို့စေလွှတ်မည်

**ဘဂ္ဂဒက် ဧပြီ ၂၀**

အစ္စလာမ့်မစ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့အား ရှေ့တန်းစစ်မျက်နှာတွင် တိုက်ခိုက်နေသည့် အီရတ်တပ်ဖွဲ့ဝင်များကို အကူအညီပေးနိုင်ရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံသို့ စေလွှတ်သွားမည်ဟု ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀ ခန့်အား အီရတ်နိုင်ငံသို့ ပို့ဆောင်ဖြန့်ကြက်ပေးမည်ဖြစ်ကြောင်း၊ ယင်းတပ်ဖွဲ့ဝင်များထဲမှ အများစုမှာ မိုဆူးလ်မြို့သို့ ဦးတည်ချီတက်နေသည့် အီရတ်တပ်ဖွဲ့များအား အကြံဉာဏ်များပေးမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဧပြီ ၁၈ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် မိုဆူးလ်မြို့သည် အိုင်အက်စ်အဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။ အမေရိကန်က အီရတ်တပ်ဖွဲ့များအား အကူအညီပေးရန် အပါချီအမျိုးအစား တိုက်ခိုက်ရေးရဟတ်ယာဉ်များကို အသုံးပြုရန် ခွင့်ပြုပေးထားသည်။ ယင်းရဟတ်ယာဉ်များ အသုံးပြုခြင်းကြောင့် မြန်ဆန်တိကျသော လေကြောင်းပစ်ကူရရှိရေး အထောက်အပံ့ရရှိနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**



# ကမ္ဘာတစ်ဝန်း၌ မီဒီယာလွတ်လပ်ခွင့် လျော့ပါးနိမ့်ကျလာ




**တိုကျို ဧပြီ ၂၀**
ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး၌ သတင်းမီဒီယာလွတ်လပ်ခွင့်လျော့ပါးနိမ့်ကျလာကြောင်း နိုင်ငံတကာသတင်းစာဆရာများအဖွဲ့တစ်ဖွဲ့၏ နှစ်စဉ်ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။ ပြင်သစ်နိုင်ငံ ပါရီမြို့အခြေစိုက် နယ်စည်းမထား သတင်းထောက်များအဖွဲ့က ၂၀၁၆ ခုနှစ် ကမ္ဘာ့သတင်းမီဒီယာလွတ်လပ်ခွင့် အညွှန်းကိန်းကို ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်လိုက်သည်။

ယင်းအဖွဲ့က ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့် ဒေသပေါင်း ၁၈၀ ကို သတင်းမီဒီယာလွတ်လပ်ခွင့်၊ ဥပဒေပြုမှုကန့်သတ်ချက်များ၊ ပွင့်လင်းမြင်သာမှုနှင့် အခြားသောစံနှုန်းသတ်မှတ်ချက်များဖြင့် နှစ်စဉ်အဆင့်အတန်း ခွဲခြားသတ်မှတ်ထုတ်ပြန်လေ့ရှိသည်။

ယခုနောက်ဆုံး ထုတ်ပြန်လိုက်သည့် ထုတ်ပြန်ချက်စာရင်းအဆင့်အတန်းတွင် ဂျပန်နိုင်ငံသည် လွန်ခဲ့သည့်နှစ်ကထက် အဆင့် (၁၁)ဆင့် လျော့ကျသွားခဲ့ပြီး အဆင့် (၇၂)တွင် ရပ်တည်လျက်ရှိသည်။ ဂျပန်နိုင်ငံတွင် တိကျပြတ်သားမှုမရှိသော နိုင်ငံတော်လျှို့ဝှက်ချက်များကို သတင်းထောက်များ စုံစမ်းထောက်လှမ်းခြင်းမပြုနိုင်စေရန် ဥပဒေဖြင့် ပြင်းပြင်းထန်ထန် ကာကွယ်ထားသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဂျပန်နိုင်ငံတွင် နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေကို ၂၀၁၄ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့သတင်းမီဒီယာလွတ်လပ်ခွင့် အညွှန်းကိန်းတွင် ဖင်လန်နိုင်ငံသည့် အဆင့်(၁) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ဖင်လန်နိုင်ငံသည် အဆင့်(၁) နေရာကို ခြောက်နှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ၎င်းနောက်တွင် နယ်သာလန်နိုင်ငံက အဆင့်(၂)နှင့် နော်ဝေနိုင်ငံ အဆင့်(၃)၊ ဒိန်းမတ်နိုင်ငံ အဆင့်(၄)၊ နယူးဇီလန် အဆင့်(၅)၊ ကော်စတာရီကာ အဆင့်(၆)၊ ဆွစ်ဇာလန် အဆင့်(၇)၊ ဆွီဒင် အဆင့်(၈)၊ အိုင်ယာလန် အဆင့်(၉)နှင့် ဂျမေကာ အဆင့်(၁၀) တို့ဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။

နိုင်ငံပေါင်း ၁၈၀ တွင် အိန္ဒိယနိုင်ငံသည် အဆင့်(၁၃၃)တွင် ရပ်တည်နေပြီး ၂၀၁၅ ခုနှစ်ကထက် သုံးဆင့်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ အိန္ဒိယတွင် ဘာသာရေးအဖွဲ့အစည်းအမျိုးမျိုးက သတင်းထောက်များနှင့် ဘလော့ဂါများကို တိုက်ခိုက်ခြင်းနှင့် စွပ်စွဲရှုတ်ချခြင်းများသည် အမြန်ဆုံးအရေးယူဆောင်ရွက်ရမည့်ပြဿနာဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ တစ်ချိန်တည်းမှာပင် သတင်းထောက်များအနေဖြင့် ကတ်ရှ်မီးယားကဲ့သို့သော ဒေသများတွင် သတင်းထောက်လှမ်းရေးသားရာတွင် အခက်အခဲများရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အိန္ဒိယ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ပါကစ္စတန်သည် အဆင့် (၁၄၇)၊ သီရိလင်္ကာ အဆင့် (၁၄၁)၊ အာဖဂန်နစ္စတန် အဆင့် (၁၂၀)၊ ဘင်္ဂလားဒေ့ရှ် အဆင့် (၁၄၄)၊ နီပေါ အဆင့် (၁၀၅)၊ ဘူတန် အဆင့် (၉၄)နှင့် တရုတ် အဆင့် (၁၇၆) တို့ဖြစ်ကြသည်။

အခြားနိုင်ငံကြီးများဖြစ်ကြသည့် ဗြိတိန်နိုင်ငံ အဆင့်(၃၈)၊ အမေရိကန်နိုင်ငံ အဆင့်(၄၁)၊ ပြင်သစ် အဆင့်(၄၅)နှင့် ရုရှား အဆင့်(၁၄၈) တို့ဖြစ်ကြသည်။ မြန်မာနိုင်ငံမှာ အဆင့် (၁၄၃)တွင် ရပ်တည်နေပြီး ၂၀၁၅ ခုနှစ်က အဆင့် (၁၄၄)ဖြစ်သည့်အတွက် တစ်ဆင့်တက်လာနိုင်ခဲ့သည်။

သတင်းမီဒီယာလွတ်လပ်ခွင့်သည့် ကမ္ဘာတစ်ဝန်းလုံးနှင့် ဒေသများအလိုက်ပါ စိုးရိမ်စရာကောင်းလောက်အောင် သိသိသာသာလျော့ပါးနိမ့်ကျခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဗဟိုအမေရိကနှင့် မက္ကဆီကိုနိုင်ငံတို့တွင် လူသတ်မှုနှင့် အခြားသော အကြမ်းဖက်မှုတို့သည် သတင်းထောက်များကို ပစ်မှတ်ထားတိုက်ခိုက်နေသကဲ့သို့ ပိုလန်နှင့် အခြားသော ဥရောပနိုင်ငံများတွင် နိုင်ငံပိုင်မီဒီယာများကို အစိုးရက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည်ဟု အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် သတင်းထောက်များအနေဖြင့် မိမိသတင်းကို မိမိကိုယ်တိုင် ဆင်ဆာလုပ်စိစစ်ဖြတ်တောက်မှုများ ကြီးထွားလာနေပြီး သတင်းမီဒီယာလွတ်လပ်ခွင့် ပို၍ပို၍ ဆိုးရွားလာလျက်ရှိသည်ဟု ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# သမ္မတ အိုဘားမား ဆော်ဒီအာရေဗျဘုရင်နှင့် တွေ့ဆုံ



**ရီယတ် ဧပြီ ၂၀**
အမေရိကန်နှင့်ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများ (ဂျီစီစီ) ထိပ်သီးအစည်းအဝေးပွဲ တက်ရောက်ရန် ဆော်ဒီအာရေဗျနိုင်ငံသို့ရောက်ရှိနေသည့် အမေရိကန်သမ္မတ အိုဘားမားက ဆော်ဒီအာရေဗျဘုရင် ဆယ်လ်မန် ဘင်အဗ္ဗဒူလာဇစ်နှင့် ရီယတ်မြို့တွင် ယနေ့တွေ့ဆုံခဲ့ကြောင်း သတင်းများအရ သိရသည်။

သမ္မတ အိုဘားမားအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံသို့ အလည်အပတ်ရောက်ရှိမှုမှာ ၎င်း သမ္မတရာထူး စတင်ထမ်းရွက်ခဲ့သည့်အချိန် ၂၀၀၉ ခုနှစ်ကစပြီး ယခုအချိန်ထိ လေးကြိမ်ရှိပြီဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်နိုင်ငံ၏ အားအထားရဆုံးသော မဟာဗျူဟာကျသည့် မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် ယမန်နှစ် အီရန်နျူကလီးယားသဘောတူစာချုပ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့သည်။

ယီမင်နိုင်ငံသို့ အီရန်နိုင်ငံ၏ သဘော်ဖြင့် လက်နက်တင်ပို့မှုများကို ရပ်တန့်နိုင်ရန် ပင်လယ်ရေကြောင်းဆိုင်ရာပူးပေါင်းကင်းလှည့်မှု အစီအစဉ်များ ဆောင်ရွက်ရန် ဂျီစီစီအဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့က သဘောတူညီခဲ့ကြသည်။

အိုင်အက်စ် စစ်သွေးကြွများအား ချေမှုန်းရာတွင် အီရတ်နိုင်ငံအား ထောက်ပံ့မှုများပေးရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးက ဂျီစီစီအဖွဲ့ဝင်များ၏ နိုင်ငံ့ခေါင်းဆောင်များကို တိုက်တွန်းခဲ့သည်။

အမေရိကန်နှင့် ဂျီစီစီအဖွဲ့ဝင်များ၏ ထိပ်သီးအစည်းအဝေးကို ဧပြီ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံ့ခေါင်းဆောင်များက အိုင်အက်စ်စစ်သွေးကြွ သုတ်သင်ရှင်းလင်းရေး အပါအဝင် ဒေသတွင်း ပဋိပက္ခများနှင့်ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဆိုသည်။

**ဆင်ဟွာ။**

# ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ သူပုန်တပ်ဖွဲ့ဝင်များ လက်နက်ချအလင်းဝင်

**အစ္စလမ္မာဘတ် ဧပြီ ၂၀**
ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ် အခြေစိုက်သူပုန်အဖွဲ့များမှ တပ်ဖွဲ့ဝင်များသည် အာဏာပိုင်များထံ လက်နက်ချအလင်းဝင်ရောက်လာခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘလူချီစတန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ရရှိထားသော ပြည်နယ်ဖြစ်ပြီး ဒေသဆိုင်ရာငြိမ်းချမ်းရေးရရှိရေးအတွက် တိုးတက်သော လက္ခဏာတစ်ရပ်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့်အတူ စီးပွားရေးစင်္ကြံလမ်းစီမံကိန်းကို ဒေါ်လာ ၄၆ ဘီလီယံရင်းနှီးမြှုပ်နှံကာ အကောင်အထည်ဖော်ရန် ရည်မှန်းထားသည်။ ကုန်သွယ်ရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရေးအတွက် ဂွါဒါမြို့၌ ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဘလူချီစတန်လွတ်မြောက်ရေးတပ်ဦး၊ ဘလူချီစတန် လွတ်မြောက်ရေးတပ်မတော်နှင့် လက်ရှ်ခါအီး ဘလူချီစတန်အဖွဲ့များမှ တပ်ဖွဲ့ဝင်များက အစိုးရတပ်ဖွဲ့ထံ လက်နက်ချကာ အလင်းဝင်ရောက်လာခဲ့ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အန်ဝါအူလ်ဟတ်က ပြောကြားသည်။

အလင်းဝင်လာသူများတွင် ဘလူချီစတန် လွတ်မြောက်ရေးတပ်ဦးခေါင်းဆောင် အလ္လာနာဇာဘူလပ်နှင့် ဆွေမျိုးတော်စပ်သူများပါဝင်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသော်လည်း အလင်းဝင်လာသူဦးရေကို မသိရပေ။ **ရိုက်တာ။**

# မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး အမေရိကန်နိုင်ငံသို့ သွားရောက်



**ပြုံယမ်း ဧပြီ ၂၀**
မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးသည် လွန်ခဲ့သည့်နှစ်က ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သော ကုလသမဂ္ဂရာသီဥတုဆိုင်ရာထိပ်သီးညီလာခံ၏ ပါရီသဘောတူညီချက်များကို လက်မှတ်ရေးထိုးသည့် အခမ်းအနားကို တက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ထွက်ခွာသွားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ရီစုယောင်သည် ဧပြီ ၁၉ ရက်တွင် ပြုံယမ်းမြို့မှ ထွက်ခွာသွားခဲ့ပြီး တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိသည်။ ဧပြီ ၁၉ ရက် နှောင်ပိုင်းတွင်ပင် ရီစုယောင်သည် နယူးယောက်မြို့သို ဆက်လက်ထွက်ခွာသွားခဲ့သည်။

နိုင်ငံပေါင်း ၁၃၀ မှ ကိုယ်စားလှယ်များသည် ကမ္ဘာကြီးပူနွေးလာမှုလျှော့ချတိုက်ဖျက်ရေး သဘောတူညီချက်များကို ဧပြီ ၂၂ ရက်တွင် ကုလသမဂ္ဂရုံးချုပ်၌ လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီး ရီစုယောင်၏ ယခုအမေရိကန်ခရီးစဉ်သည် မြောက်ကိုရီးယားနိုင်ငံ၏ ဇန်နဝါရီလအတွင်းက နျူကလီးယားစမ်းသပ်မှုနှင့် ဖေဖော်ဝါရီလအတွင်းက ဒုံးကျည်စမ်းသပ်မှုများပြီးနောက်ပိုင်း သွားရောက်သည့်ခရီးစဉ်ဖြစ်သည်။ ၎င်း၏ အမေရိကန်နိုင်ငံသို့ နောက်ဆုံးသွားရောက်ခဲ့သည့် ခရီးစဉ်မှာ လွန်ခဲ့သည့်နှစ်က ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ဘယ်သူ့အားကိုးနဲ့ ဝယ်ကြမလဲ

**ခင်မောင်ညို(ဘောဂဗေဒ)**

လောလောဆယ်မှာ အက်ဖ်အမ်အိုင် (FMI) အများပိုင်ကုမ္ပဏီရဲ့ ရှယ်ယာတွေကို ရန်ကုန်စတော့ဒိုင်မှာ အရောင်းအဝယ်လုပ်နေကြပေမယ့် စာရင်းဝင်ကုမ္ပဏီတွေဖြစ်ဖို့ လောလောဆယ်ကြိုးစားနေတဲ့ အများပိုင်ကုမ္ပဏီက ငါးခုလောက် ကျန်နေသေးတယ်။ ဒါတွေက ဒီနှစ်ထဲမှာစာရင်းပေါက်ဖြစ်သွားနိုင်တယ်။ နောက်ထပ် အများပိုင် ကုမ္ပဏီ ၁၂ ခုလောက်ကလည်း ၂၀၁၇ ခုနှစ်လောက်မှာ စာရင်းဝင်ကုမ္ပဏီအဖြစ် ရန်ကုန်စတော့ဒိုင်မှာ ရှယ်ယာတွေ အရောင်းအဝယ်လုပ်နိုင်ဖို့ ပြင်ဆင်နေကြတယ်လို့ ဆိုတယ်။

နောင်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေအတွက် ရွေးချယ်စရာတွေ၊ ချင့်ချိန်စရာတွေ၊ စဉ်းစားစရာတွေ ပိုများလာတော့မှာပါ။

ဒါဆိုရင် ဘယ်သူ့အကြံဉာဏ်ကိုယူကြမလဲ။ စာနယ်ဇင်းတွေလား။ ဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတွေလား။ ဒါမှမဟုတ် ကိုယ့်ဘာသာကိုယ်ပဲ ချိန်ဆကြမှာလား။ လုပ်ရမှာ ဝန်အလေးဆုံးကတော့ ကိုယ့်ဘာသာချင့်ချိန်ကြတာပဲ ဖြစ်ပါလိမ့်မယ်။

ပထမဆုံးရှယ်ယာဈေးနှုန်းတွေ ဘယ်လိုသတ်မှတ်ကြသလဲ၊ ရှယ်ယာဈေးနှုန်းတွေ တန်၊ မတန်ကိုဘယ်လိုစဉ်းစားကြသလဲဆိုတာ သိဖို့လိုပါတယ်။

ရှယ်ယာဈေးနှုန်းတွေဟာ ဝယ်သူအပေါ် အများကြီးမူတည်ပါတယ်။ ရှယ်ယာတစ်ခုရဲ့ ဈေးနှုန်းဟာတစ်သောင်းပေါက်နေလို့ ကုမ္ပဏီမှာတစ်သောင်းတန် ပိုင်ဆိုင်မှုရှိတယ်လို့ မတွက်ဆနိုင်ပါဘူး။ ဒါပေမယ့် အဲဒီရှယ်ယာကို တစ်သောင်းပေးတဲ့သူ၊ တစ်သောင်းထက်ပိုပေးတဲ့သူရှိနေသမျှ ကုမ္ပဏီရဲ့ ပိုင်ဆိုင်မှု ဘယ်လောက်ရှိနေသလဲဆိုတာကို ဘယ်သူမှစဉ်းစားမနေကြပါဘူး။ ဝယ်တဲ့သူဟာ ကိုယ်ဝယ်လိုက်တဲ့ ရှယ်ယာကိုအကောင်းဆုံး၊ အထိရောက်ဆုံး သုံးနိုင်တဲ့သူ ဖြစ်ပါလိမ့်မယ်။ သူများတွေမမြင်တဲ့ အခွင့်အလမ်းတွေမြင်၊ အသုံးချနိုင်စွမ်းရှိတဲ့သူဟာ အမြင့်ဆုံးဈေးကိုပေးပါလိမ့်မယ်။

အရေးအကြီးဆုံးအချက်က ကိုယ်ကဘယ်လောက် သတင်းအချက်အလက်တွေ ရထားသလဲဆိုတာရယ်၊ ကိုယ်ရထားတဲ့သတင်းက ဘယ်လောက်အရေးကြီးတဲ့သတင်း ဖြစ်နေသလဲဆိုတာရယ်ပါ။ တကယ်တော့ အနာဂတ်ကိုဘယ်သူမှ မှန်းဆလို့ မရပါဘူး။ မှန်းဆထားတဲ့အတိုင်း ဝင်ငွေတွေ ရ၊ မရဆိုတာကိုလည်း ဘယ်သူမှ အာမ မခံနိုင်ပါဘူး။ ဒါပေမယ့် ယုံကြည်မှုပိုရှိတဲ့သူက ပိုဈေးပေး၊ ယုံကြည်မှုနည်းတဲ့သူက လျှော့ဈေးပေးတတ်တာ ဓမ္မတာပါ။

အခုပဲတချို့က ရှယ်ယာဈေးနှုန်းတွေ ဒီထက်ပိုဖြစ်သင့်တယ်။ ဒီလောက်မဖြစ်သင့်ဘူးနဲ့ ဆွေးနွေးလာကြတာတွေ တွေ့နေရပါပြီ။ ဒီလိုသုံးသပ်ချက်တွေဟာလည်း သူတို့ရထားတဲ့ သတင်းအချက်အလက်၊ ယုံကြည်စိတ်ချမှုနဲ့ မျှော်လင့်ချက်တွေအပေါ် မူတည်ပါတယ်။

တကယ်လို့ သတင်းအချက်အလက်သစ်တွေ ထွက်ပေါ်လာပြီဆိုရင်တော့ မျှော်လင့်ချက်တွေပြောင်းလဲသလို ဈေးနှုန်းတွေလည်းပြောင်းလဲသွားတတ်ကြတာဓမ္မတာပါ။ သွက်လက်ထက်မြက်တဲ့ ဈေးကွက်တစ်ခုမှာ သတင်းအချက်အလက်အသစ်တွေ အမြဲထွက်နေပြီး မျှော်လင့်ချက်တွေ ပြောင်းလဲလို့ ဈေးနှုန်းတွေလည်း အမြဲပြောင်းလဲနေပါတယ်။

ရှယ်ယာတစ်ခုကိုဝယ်တဲ့အခါ ထူးခြားတဲ့၊ သာမန်ထက် မြင့်မားတဲ့ အကျိုးအမြတ်မျိုးကိုရဖို့ ခက်တယ်လို့ ဆိုပါတယ်။ သတင်းစာတွေ၊ စာစောင်တွေ၊ ဝေဖန်သုံးသပ်တဲ့သူတွေရရှိထားတဲ့ သတင်းအချက်အလက်တွေဟာ တခြားသူတွေ၊ သူလိုကိုယ်လိုလူတွေရထားတဲ့ သတင်းအချက်အလက်တွေနဲ့ ဘာမှကွာခြားမှု မရှိပါဘူးတဲ့။ အဲဒီ သတင်းအချက်အလက်တွေအတိုင်း လောလောဆယ် ပေါက်ဈေးတွေဖြစ်နေတာ ဖြစ်ပါသတဲ့။ ဆန်ဖရန်စစ္စကိုက သတင်းစာတစ်စောင် ပြောနည်းအတိုင်းပြောရရင် ဆရာကြီးတွေရဲ့ တွက်ကိန်းတွေဟာ လူဝံတစ်ကောင်ရဲ့ တွက်ကိန်းလောက်တောင် မကောင်းဘူးတဲ့။ ကျွန်တော်တို့ဆီမှာတော့ အရှုးဂဏန်း၊ ကလေးဂဏန်း၊ အိပ်မက်ဂဏန်းတွေနဲ့ တွက်ကိန်းတစ်ထောင်မက ရှိတောင်နေသေး။

ပြီးတော့ နှစ်ပေါင်းများစွာ ဆက်တိုက်အောင်မြင်နေတဲ့သူမရှိသလို အရင်တုန်းကအောင်မြင်ခဲ့လို့ အခုအောင်မြင်မယ်လို့လည်း မဆိုနိုင်ပါဘူး။ တခြားဒေသ၊ တခြားဈေးကွက်မှာ အောင်မြင်မှုရနိုင်ပေမယ့် နောက်တစ်ဒေသ၊ နောက်ဈေးကွက်တစ်ခုမှာ အောင်မြင်မယ်လို့ မဆိုနိုင်ပါဘူး။ အမြဲတမ်းရှုံးနေတဲ့သူတွေ (ရှောင်ရမယ့်ဂဏန်းပေးတတ်တဲ့သူတွေလို) ရှိကြပေမယ့် ဘယ်သူကမှ ဘယ်တုန်းကတွက်ကိန်းတွေ ဘယ်လိုလွဲခဲ့တယ်ဆိုတာ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောဆိုနေလေ့မရှိကြပါဘူး။

ကိုယ့်ရဲ့ ကိုယ်စားလှယ်ကဘယ်ဟာလေးတွေ အလားအလာကောင်းတယ်။ ဝယ်လိုက်ပါလားလို့ အကြံပေးရင်လည်း ထူးထူးခြားခြား အကျိုးရှိမယ့်ဟာမျိုး မဟုတ်ပါဘူး။ သတင်းထူးဆိုတာ လူတိုင်းသိပြီးသားဖြစ်နေပြီး နောက်ဆုံးကျမှ ကိုယ့်ဆီရောက်လာတတ်တာမျိုးလည်း ဖြစ်နေနိုင်ပါတယ်။ လူတကာသိနေတဲ့ ကိစ္စမျိုးဟာ ထူးထူးခြားခြားအကျိုးရှိဖို့ မဖြစ်နိုင်ပါဘူး။ တကယ်လို့ ကိုယ်တစ်ယောက်ထဲက ဦးဦးဖျားဖျားသတင်းထူးရမယ်။ အဲဒီသတင်းကမှန်လည်းမှန်မယ်၊ အရေးကြီးတဲ့သတင်းလည်း ဖြစ်မယ်ဆိုရင်တော့ ကိုယ်ဟာကံထူးသူ ဖြစ်နိုင်ပါတယ်။ ဒါမျိုးကလည်း ဖြစ်ခဲသား။

ရှယ်ယာတစ်ခုနဲ့ ပတ်သက်လို့ သတင်းကောင်းတွေ ထွက်နေပေမယ့်လည်း ရှယ်ယာဈေးနှုန်းတက်မယ်လို့ မဆိုနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ရှယ်ယာဈေးနှုန်းတွေရဲ့ အပြောင်းအလဲကို ကြိုတင်မှန်းဆမရလို့ပါ။ အဲဒီသတင်းဟာ ဈေးကွက်ကမျှော်လင့်ထားပြီးသား သတင်းအချက်အလက်မျိုးဖြစ်တယ်။ လက်ရှိဈေးနှုန်းက ထင်ဟပ်ပြီးသားဖြစ်နေတယ်ဆိုရင် ရှယ်ယာဈေးက မပြောင်းနိုင်ပါဘူး။ တကယ်လို့ လူတွေမျှော်လင့်မထားတဲ့သတင်းမျိုး ဖြစ်တယ်။ တကယ်ကို သတင်းအသစ်အဆန်းဖြစ်တယ်ဆိုမှပဲ ရှယ်ယာဈေးနှုန်းတွေ ပြောင်းလဲနိုင်ပါတယ်။ သတင်းကတော့ သတင်းကောင်းပါ၊ ဒါပေမယ့် လူတွေ မျှော်လင့်ထားသလောက်မကောင်းလို့ စိတ်ပျက်စရာဖြစ်သွားခဲ့တယ်ဆိုရင်လည်း ဈေးတက်ဖို့ခက်ပါတယ်။ အဲဒါကြောင့် တစ်ခါတလေ သတင်းကောင်းတွေ ထွက်လာပေမယ့် ဈေးကျတဲ့အခါမျိုးတွေနဲ့လည်း ကြုံတွေ့ရတာပါ။ ဥပမာ ၂၀ ရာခိုင်နှုန်း မြတ်မယ်ထင်တာ ၁၅ ရာခိုင်နှုန်းလောက်ပဲ မြတ်တယ်ဆိုတာမျိုးပေ့ါ။

ဆိုလိုတာက သူသူကိုယ်ကိုယ်ရနိုင်တဲ့ သတင်းမျိုးတွေ ကိုယ်ရတဲ့အတွက် ထူးထူးခြားခြားအကျိုးရှိမယ့် ရင်းနှီးမြှုပ်နှံမှုမျိုးကို မလုပ်နိုင်ပါဘူး။ သူများထက်မသာတဲ့သတင်းတွေနဲ့ သူများထက်သာတဲ့ ရင်းနှီးမြှုပ်နှံသူ ဖြစ်မလာနိုင်ပါဘူး။

ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး ဝယ်လိုက်၊ ရောင်းလိုက်လုပ်နေမယ်ဆိုရင်တော့ ကြားထဲကပွဲစားတွေက ကျေးဇူးတင်မှာပဲ။ ဘာလို့လဲဆိုတော့ ကော်မရှင်ရနေလို့ပါ။ နောက်ဆုံးကိုယ်အတန်အသင့် အကျိုးရှိတယ်ဆိုရင်တောင်မှ ပွဲခနုတ်လိုက်ရင် ကိုယ့်အတွက် မကျန်တော့တာမျိုး ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အရင်းငွေနည်းနည်းနဲ့ စလုပ်ခါစ ရင်းနှီးမြှုပ်နှံမှုတွေကို ပွဲခများများပေးရတာမျိုး မလုပ်ဖို့ အကြံပေးကြတာပါ။

ဒီလိုပြောလို့ အလွန်ထူးချွန်တဲ့ပါရမီရှင်တွေ မရှိဘူးလို့ မဆိုလိုပါဘူး။

ဥပမာ အချို့ မြန်မာလုပ်ငန်းရှင်တွေက မန်ကျည်းသီးလှောင်တဲ့အချိန်ဆို မန်ကျည်းသီးဈေးတက်ပြီး ဆီးသီးလှောင်တဲ့အချိန်ဆို ဆီးသီးဈေးတက်တဲ့ သာဓကတွေလည်း ရှိပါတယ်။

ပါရမီရှင်တွေထဲမှာ ကိုယ်မပါဘူးဆိုရင်တော့ ကိုယ်နိုင်သလောက်ဝယ်ထား၊ ကြာကြာကိုင်ထားတဲ့နည်းက အဆင်ပြေပါလိမ့်မယ်။

နိဂုံးချုပ်ရရင် သူများကိုအားကိုးလို့ မရဘူး။ ကိုယ့်ဘာသာကိုယ်လည်း လေ့လာမှု၊ ဆန်းစစ်မှု၊ တွက်ချက်မှုတွေ လုပ်ရမယ်။ မျက်စိဖွင့်၊ နားဖွင့်ထားရမယ်။ ခံစားမှုတွေနောက်မလိုက်ဘဲ ဆင်ခြင်တုံတရားကို ဦးစားပေးရမယ်။

စတော့ရှယ်ယာဈေးကွက်ကို ခဲ့ထိုးသလိုသဘောထားလို့တော့ မဖြစ်ဘူး။ ။

**နောင်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေအတွက် ရွေးချယ်စရာတွေ၊ ချင့်ချိန်စရာတွေ၊ စဉ်းစားစရာတွေ ပိုများလာတော့မှာပါ။**

**ဒါဆိုရင် ဘယ်သူ့အကြံဉာဏ်ကိုယူကြမလဲ။ စာနယ်ဇင်းတွေလား။ ဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတွေလား။ ဒါမှမဟုတ် ကိုယ့်ဘာသာကိုယ်ပဲ ချိန်ဆကြမှာလား။ လုပ်ရမှာ ဝန်အလေးဆုံးကတော့ ကိုယ့်ဘာသာချင့်ချိန်ကြတာပဲ ဖြစ်ပါလိမ့်မယ်။**

## ပြောင်းလဲချိန်

- ကြယ်ရောင်မဲ့ကင်း
  လမင်းမသာ
  အမိုက်တိုက်တွေသာ
  အမြဲဖုံးလွှမ်းနေတဲ့ ကောင်းကင်ကြီး
  နှစ်ပေါင်း ၅၀ မက စွန်းခဲ့ပြီ. . . .။ ။
- လူတွေစိတ်ကူးနဲ့
  ငှက်တွေကို လွှတ်လိုက်ကြ
  လေညင်းကို ဘာသာစကားထည့်
  မုန်တိုင်းကြီးဖြစ်စေခဲ့။ ။
- ရေညှိတက် သံမဏိတိုင်ကြီးတွေ
  အက်ကွဲပြိုလဲကျလာတဲ့အထိ
  ၂၀၁၅ နိုဝင်ဘာလရဲ့
  အလင်းသစ် တစ်စဟာ
  လောက နှလုံးသားကို
  ရဲရဲစူးစူး ဖူးမြမြ
  ဦးညွှတ်ခ၊ စေခဲ့တယ်လေ. . . .။ ။
- တကယ်တော့ကာ
  အမှန်တရားရဲ့ အလံတော်ဟာ
  ဘယ်ခါးသွားအောက်မှာမှ
  ကွေးညွတ်သွားရိုး မရှိခဲ့ဘူး. . . .။ ။
- မြန်မာမျိုး မြန်မာသွေး
  နီစွေးစွေး စစ်အမှန်
  ထာဝရ သစ္စာရှိတဲ့အကြောင်း
  သမိုင်းသက်သေ တည်ခဲ့ကြ. . . .။ ။
- ပစ္စက္ခကာလ
  တစ်ကနေပြန်စ
  ပြောင်းလဲကြရမှာမို့
  တစ်မြေတည်းနေ
  တစ်ရေတည်းသောက်
  ပြည်ထောင်စုဖွား
  တိုင်းရင်းသားညီနောင်များ
  ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက်
  အဆက်မပြတ် ထူထောင်ကြ
  ပြုပြင်ကြ တည်ဆောက်ကြ
  ပြောင်းလဲကြ. . . .။ ။

ဟံသာဝတီ-ဦးအုန်းကြိုင်




## မြဝတီမြို့တွင် လိုအပ်လျက်ရှိသည့် ယာဉ်ရပ်နားကွင်းတည်ဆောက်ရေး ကွင်းဆင်းဆောင်ရွက်

**မြဝတီ မေ ၂၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့သည် နယ်စပ်ဒေသမြို့တစ်မြို့ဖြစ်သည့်အတွက် လူဦးရေ သိပ်သည်းခြင်း၊ ခရီးသွားပြည်သူများ ပြားခြင်း၊ ရောင်းဝယ်မှုများဖွံ့ဖြိုးခြင်း၊ မော်တော်ယာဉ်များ များပြားခြင်းတို့ကြောင့် မြို့ပြအင်္ဂါရပ်များနှင့်အညီ လူ၊ ယာဉ်များသွားလာမှုကို စနစ်တကျသွားလာ မောင်းနှင်နိုင်ရေး၊ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယာဉ်ရပ်နားကွင်း(ကားဝင်း) တည်ဆောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်ရပ်နားကွင်း တည်ဆောက်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူလတ်၊ အင်ဂျင်နီယာမှူး ဦးစိုးလွင်နှင့်တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ချစ်ကြည်ရေး လမ်းမကြီးဘေးရှိ ဦးမောင်ဝင်းပိုင်ဆိုင်သည့် မြေဧရိယာ ၃၂ ဒသမ ၄၅ ဧကရှိ မြေနေရာတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

"ကျွန်တော်တို့မြို့ဟာ နယ်စပ်မြို့ဖြစ်တော့ ခရီးသွားလာမှုများပါတယ်။ အဲဒီလိုများတာနဲ့အမျှ ယာဉ်ကြီးယာဉ်ငယ်တွေလည်း အလွန်များလာပါတယ်။ ကျွန်တော်တို့ မြို့ထဲမှာဆို ယာဉ်ကြောပိတ်ဆို့မှုတွေ မကြာခဏဖြစ်ပါတယ်။ အဲဒါကြောင့် ယာဉ်ရပ်နားကွင်းသာ အောင်မြင်စွာ တည်ဆောက်ပြီးသွားရင် ပြည်သူလူထုအားလုံး ဝမ်းသာကြမှာဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းနဲ့ ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်ဖွံ့ဖြိုးလာမှာပါ။ ဒါကို မြန်မြန်အကောင်အထည်ဖော်ဖို့လည်း ကျွန်တော်တို့ ကော်မတီအနေနဲ့ သက်ဆိုင်ရာကို အမြန်ဆုံး တင်ပြသွားမှာပါ"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေက ပြောသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

# ပြည်သူ့လက်ထဲက ရန်ကုန်၏အနာဂတ်

**လှစုမြတ်(ဗိသုကာ)**

**(ယမန်နေ့မှအဆက်)**

ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သော စင်ကာပူ၊ ဂျပန် အစရှိသောနိုင်ငံများ၏ နည်းဥပဒေများတွင် ဇုန်နှင့် အဆောက်အအုံ အသုံးပြုပုံတို့အပေါ် မူတည်၍ အဆောက်အအုံနှင့် ခြံစည်းရိုးကြားထားရှိရမည့် မြေကျန်အကွာအဝေး (Building Setbacks)၊ အဆောက်အအုံအမြင့်တို့ကို ထိန်းချုပ်ရုံမျှမက ဆောက်လုပ်ခွင့်ပြုနိုင်သော အဆောက်အအုံ၏ဧရိယာကို ထိန်းချုပ်မှုစနစ်ညွှန်းကိန်း FAR (Floor Area Ratio)နဲ့ အဆောက်အအုံမှ မြေကွက်ပေါ် အများဆုံးဖုံးလွှမ်းခွင့်ပြုသော ဧရိယာထိန်းချုပ်မှုစနစ်ညွှန်းကိန်း BCR (Building Coverage Ratio)တို့နဲ့ သတ်မှတ်ထိန်းချုပ်ပါတယ်။

အဆောက်အအုံဧရိယာကို ထိန်းချုပ်မှုစနစ်ညွှန်းကိန်း (FAR)နဲ့ ဖုံးလွှမ်းခွင့်ပြုသော ဧရိယာထိန်းချုပ်မှုစနစ်ညွှန်းကိန်း (DCR) တို့ကတော့ မြန်မာပြည်သူတွေအတွက် စနစ်သစ်ဖြစ်နေမှာပါ။ တချို့နိုင်ငံများမှာတော့ FAR ကို Plot Ratio လို့သုံးနှုန်းပါတယ်။

FAR ဆိုတာ ဘာပါလဲ။ FAR 1 ဆိုတာ အဆောက်အအုံရဲ့စုစုပေါင်း ဧရိယာကို မိမိပိုင်မြေကွက်အကျယ်နဲ့ ဆတူဆောက်ခွင့်ရှိတယ်လို့ သတ်မှတ်တာပါ။ FAR 2 ဆိုတာ အဆောက်အအုံကို မိမိပိုင်မြေကွက်အကျယ်ရဲ့ နှစ်ဆ ဆောက်ခွင့်ရှိတယ်လို့ သတ်မှတ်တာပါ။

**ခေတ်ကာလကြာသည်နှင့်အမျှ ရန်ကုန်မြို့ဟာ လူဦးရေတိုးပွားလာပြီး တောင်/မြောက်ဥက္ကလာ မြို့သစ်များ၊ ရန်ကုန်မြို့အရှေ့၊ အနောက်ကိုလည်း တံတားများထိုးလို့ စနစ်တကျ မြို့ကွက်သစ်များ ဖော်ထုတ်ခဲ့ပါတယ်။ ဒါပေမယ့် . . .**

BCR ဆိုတာကကော ဘာပါလဲ။ BCR 0.5 ဆိုတာ အဆောက်အအုံရဲ့အထပ်တစ်ထပ်ရဲ့ကြမ်းခင်းအကျယ်ဟာ မြေကွက်အကျယ်ရဲ့ ၅၀ ရာခိုင်နှုန်းထက် ပိုမိုဆောက်ခွင့်မရှိတာကို ဆိုလိုပါတယ်။

တကယ်လို့ မိမိမြေကွက်ဟာ FAR 3၊ BCR 0.5 ဆိုရင် အဆောက်အအုံရဲ့စုစုပေါင်းဧရိယာဟာ မြေကွက်အကျယ်ရဲ့ သုံးဆအထိ ဆောက်ခွင့်ရမှာဖြစ်ပြီး အဆောက်အအုံရဲ့ BCR 0.5 ဖြင့် ဆောက်လုပ်ပါက ခြောက်ထပ်အထိ၊ BCR 0.3 ဖြင့် ဆောက်လုပ်ပါက ၁၀ ထပ်အထိ၊ BCR 0.15 ဆောက်လုပ်ပါက အထပ် ၂၀ အထိ ဆောက်လုပ်ပါက အများဆုံးခွင့်ပြုသော ဧရိယာအကျယ်အဝန်းကို ရရှိနိုင်ပါတယ်။

အထပ်မြင့်ဆောက်ဖို့ FAR 10၊ FAR 15 အထိမလိုပါ။ စင်ကာပူနိုင်ငံ အိမ်ရာများတွင် BCR 0.5 ပိုမပေးပါ။ မြေဧက ခုနစ်ဧကခန့် ကျယ်ဝန်းသောမြေနေရာ၌ FAR 3.5 ဆောက်ခွင့်ရှိသော အိမ်ရာတစ်ခုဆိုလျှင် BCR 0.17 သာရှိ၍ အထပ် ၁၆ ထပ်မှ ၂၇ ထပ်အထိရှိသောအဆောက်အအုံ ငါးလုံးဖြင့် ဆောက်လုပ်ထားပါသည်။ BCR 0.17 နှင့် ဆောက်လုပ်ထားသဖြင့် အိမ်ခန်းတိုင်း လေဝင်လေထွက်နှင့် နေအလင်းရောင်ကောင်းစွာရရှိပြီး တစ်ခန်းနှင့် တစ်ခန်းမမြင်ကြ၍ နေထိုင်သူများ သီးသီးသန့်သန့်နေနိုင်ကြပါတယ်။

မြို့တစ်မြို့ရယ်လို့တည်ဆောက်ရင် လူအများ တစုတဝေးတည်းနေထိုင်ကြမှာဖြစ်လို့ လူအများ ကျန်းမာသန့်ရှင်းစွာ အန္တရာယ်ကင်းစွာ နေထိုင်နိုင်ရန် မြို့တစ်မြို့ရဲ့ အခြေခံအဆောက်အအုံများ (lnfrastructure)ဖြစ်တဲ့ စုပေါင်းမိလ္လာစနစ်(Central sewage system)၊ ရေပေးဝေမှုစနစ် (Water supply system)၊ ရေနုတ်မြောင်းစနစ် (Drainage system)၊ လျှပ်စစ်ပေးဝေခြင်းစနစ် (Electricity supply system)၊ ပို့ဆောင်ဆက်သွယ်ရေးစနစ် (Transportation system)၊ ဗဟိုမီးသတ်ရေပိုက်စနစ် (Public Hydrant System)၊ အမှိုက်သိမ်းစနစ် (Garbage disposal system)၊ သတင်းအချက်အလက် ဆက်သွယ်ပေးပို့ရေးစနစ် (Telecommunication system)တို့ လိုအပ်ပါတယ်။ မြေကွက်ပိုင်းစိတ်ပြီးရုံ၊ လမ်းများနေရာချထားရုံနှင့်မပြီးစီးပါ။

ရန်ကုန်မြို့မှာတော့ မြို့လယ်မှ မြို့နယ်အချို့လောက်သာ ရှေးယခင်ကတည်းက တည်ဆောက်ခဲ့လို့ စုပေါင်းမိလ္လာစနစ်ရှိပါတယ်။ ကျန်မြို့နယ်များမှာတော့ ကိုယ်ပိုင်မိလ္လာကန် (Septic tank) များ အသုံးပြုနေကြရတာပါ။ ရေနုတ်မြောင်းစနစ်တွေကတော့ မိုးတွင်းမှာ နေ့ဝက်လောက် ကားများပင် မသွားနိုင်ဖြစ်ခဲ့ကြတာ အားလုံးတွေ့ကြုံပြီးဖြစ်ပါတယ်။ ရေကြီးရေလျှံတာ ခဏဆိုရေကျသွားတာပါပဲလို့ မြင်ကြပေမယ့် ရေလျှံတဲ့အချိန် မိလ္လာကန်များ နစ်မြုပ်ရုံမက အညစ်အကြေးပေါင်းစုံ၊ ရောဂါပိုးမွှားပေါင်းစုံ အလွယ်တကူပျံ့နှံ့နိုင်တဲ့ အခြေအနေထိ ဖြစ်တည်သွားတာပါ။

အမှိုက်သိမ်းစနစ်မှာလည်း ယခင်က ရပ်ကွက်များအတွင်း သစ်ရွက်ခြောက်များ လှည်းကျင်းတဲ့ သန့်ရှင်းရေးအလုပ်သမားများနဲ့ အမှိုက်သိမ်းကားများ လာလေ့ရှိခဲ့ပါတယ်။ ယခုအခါ ယင်းစနစ်များမရှိတော့ဘဲ အမှိုက်ပုံများတွင် သွားရောက်စွန့်ပစ်ကြရပါတယ်။ စနစ်တကျသွားရောက်စွန့်ပစ်ခြင်းမရှိတဲ့ ရပ်ကွက်သူ၊ ရပ်ကွက်သားများရဲ့ အမှိုက်များ၊ လမ်းပေါ်မှ အမှိုက်များနဲ့ သစ်ရွက်များမှာ ရေနုတ်မြောင်းများကို ပိတ်ဆို့ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပါတယ်။

ဗဟိုမီးသတ်ရေပိုက်စနစ်ဆိုရင် မြန်မာပြည်သူအများ ရုပ်ရှင်ကားများထဲတွင်သာ မြင်ဖူးကြပါတယ်။ လူနေထူထပ်သော မြို့တစ်မြို့မှာ မီးငြိမ်းသတ်ရန်အတွက် ရေကိုကားဖြင့်သယ်ယူရသည်ဆိုသည်မှာ မဖြစ်သင့်ပါ။ မီးကိုငြိမ်းသတ်ရန် ရေအလာကိုစောင့်ရသဖြင့် ပျက်စီးဆုံးရှုံးမှုများ ပိုမိုများပြားရုံမက မီးသတ်သူများအတွက်လည်း အန္တရာယ်ကြီးလှပါသည်။ လူအင်အား၊ ကားအင်အားလည်း ပိုမိုလိုအပ်လာပြီး စရိတ်စကလည်း မသက်သာပါချေ။

ရန်ကုန်မြို့ကို အင်္ဂလိပ်အစိုးရစတည်စဉ်က ဆူးလေဘုရားတစ်ဝိုက်မှ စတင်၍ အကွက်ရိုက်ကာ စနစ်တကျ စတင်ခဲ့ပါတယ်။ စမ်းချောင်း၊ကြည့်မြင်တိုင်၊ ကျောက်မြောင်းတို့ကိုလည်း စနစ်တကျအကွက်ရိုက်ခဲ့ပါတယ်။ ခေတ်ကာလကြာသည်နှင့်အမျှ ရန်ကုန်မြို့ဟာ လူဦးရေတိုးပွားလာပြီး တောင်/မြောက်ဥက္ကလာ မြို့သစ်များ၊ ရန်ကုန်မြို့ အရှေ့၊ အနောက်ကိုလည်း တံတားများထိုးလို့ စနစ်တကျ မြို့ကွက်သစ်များ ဖော်ထုတ်ခဲ့ပါတယ်။ ဒါပေမယ့် လှည်းတန်းမြောက်ဘက်ကစလို့ လှိုင်၊ မရမ်းကုန်း၊ ၇ မိုင်၊ ၈ မိုင်၊ ၉ မိုင်၊ သမိုင်း၊ အင်းစိန်မြို့နယ်များဟာ ရှေးမူလ သဘာဝလမ်းအတိုင်းသာ ကျယ်ဝန်းပြီး မြို့ပြလူဦးရေသိပ်သည်းဆကို ခံနိုင်ရည်မရှိသောလမ်းများပေါ်မှာ ပတ်ဝန်းကျင်ကဖွံ့ဖြိုးလို့သာ မြို့လယ်ဖြစ်လာပါတယ်။

မြို့တစ်မြို့မှာ လမ်းဧရိယာဟာ မြို့ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းကနေ ၃၅ ရာခိုင်နှုန်းလောက်ရှိသင့်ပြီး ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းကတော့ အများပြည်သူများ အပန်းဖြေနေရာများဖြစ်သင့်တယ်ဆိုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ မြို့များအတွက် UN HABITAT ရဲ့ ထောက်ပြအကြံပေးချက်ရှိပါတယ်။ ရန်ကုန်မြို့ရဲ့ ပျမ်းမျှလမ်းဧရိယာဟာ ၅ ဒသမ ၂ ရာခိုင်နှုန်းခန့်သာ ရှိတယ်လို့ သိရပါတယ်။

# စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များအား ကြပ်မတ်ပေးစေလို

**ဇော်မင်းထွန်း**

နေပြည်တော်ရှိမြို့နယ်များတွင် သင်္ကြန်ကာလအတွင်း မော်တော်ဆိုင်ကယ်မောင်းနှင်သူ လူငယ်များမှာ အိတ်ဇောများဖြုတ်၍ မောင်းနှင်ခြင်း၊ ဟွန်းသံမျိုးစုံ အသုံးပြု၍မောင်းနှင်နေကြခြင်းများကြောင့် ပတ်ဝန်းကျင်တွင် ဆူညံသံများဖြစ်ပေါ်နေပြီး စိတ်အနှောင့်အယှက်များစွာဖြစ်နေရသည်ကို တွေ့ရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန် စည်းကမ်းချက်များ ထုတ်ပြန်ကြေညာထားသော်လည်း မောင်းနှင်သူလူငယ်များမှာ ဆိုးရွားစွာလုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည်။

သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများက ယာဉ်မောင်းသူများလိုက်နာရန်စည်းကမ်းများ၊ သတိပေးချက်များကို နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာများ၊ လူမှုမီဒီယာများတွင် ထည့်သွင်းအသိပေးကြေညာခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်စစ်ဆေး အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။

အဆိုပါစည်းကမ်းဖောက်ဖျက်မှုများကို ကြပ်မတ်ပြုပြင်ပေးနေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကိုလည်း ပြည်သူလူထုက ချီးကျူးဂုဏ်ပြုစကားဆိုနေကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်နေရသည်။ မြို့နယ်တစ်ခုတွင် စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များကို သင်္ကြန်ကာလအတွင်း ဖမ်းဆီးထိန်းသိမ်းထားပြီး ထိုက်သင့်သည့်အရေးယူမှုများ ပြုလုပ်ခဲ့သည်။

ဦးစွာအသိပညာပေးခြင်း၊ စည်းရုံးခြင်း ဆောင်ရွက်ပေးပြီးနောက်ပိုင်းတွင် ထုတ်ပြန်ထားသည့် စည်းကမ်းများအရ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းသည် အားလုံးအတွက်ကောင်းမွန်စေသည်။ ဥပဒေကို လိုက်နာစေသည်။ စည်းကမ်းကို လိုက်နာစေသည်။ စည်းကမ်းလိုက်နာခြင်းဖြင့် အန္တရာယ်ကင်းစေသည်။ စည်းကမ်း၊ ဥပဒေကို ထိန်းသိမ်းကြပ်မတ်သူများအနေဖြင့်လည်း မိမိ၏ကိုယ်ကျိုးအတွက်မဟုတ်ဘဲ အများပြည်သူ နိုင်ငံသူ နိုင်ငံသားတို့၏ အသက်ဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ ရဲရင့်ပြတ်သားစွာ ဆောင်ရွက်သင့်သည်။

စာရေးသူသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက်ပြုလုပ်သော အစည်းအဝေးတစ်ခုတွင် တက်ရောက်ခဲ့သည်။ မဆွေးနွေးဖြစ်ခဲ့ပါ။ တာဝန်ရှိသူ အကြီးအကဲတစ်ဦးက ဥပဒေအရာရှိအား ထုတ်ပြန်ထားသည့် စည်းကမ်းတွေ ဥပဒေတွေကို ထုတ်ပြန်ထားခြင်း၊ ဖမ်းဆီးစစ်ဆေးအရေးယူခြင်းများကို ဆောင်ရွက်နေသော်လည်း နေ့စဉ်ယာဉ်တိုက်မှု ယာဉ်အန္တရာယ်ကြောင့် သေဆုံးမှုများနေရပါသလဲဟု အမြင်ကို ဆွေးနွေးဖလှယ်စေသည်။

ဥပဒေအရာရှိက ရာသီဥတုအခြေအနေ မိုးရာသီဖြစ်လျှင်လည်း ပြန်ချိန်၊ သွားချိန် ဆန္ဒစောမှု၊ မြင်ကွင်းမရှင်းလင်းမှုများကြောင့်လည်း အန္တရာယ်ဖြစ်ပွားမှုများကြောင်း ဆွေးနွေးတင်ပြသည်။

အစိတ်အပိုင်းတစ်ခုအရ မှန်ပေသည်။ စာရေးသူက ဆွေးနွေးလိုသည်မှာ ထိရောက်သော စစ်ဆေးမှု၊ အပြစ်ပေးအရေးယူမှုဖြစ်သည်။ မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် ဆိုင်ကယ်စီးဦးထုပ် ဆောင်းရမည်ကို ဆိုင်ကယ်မောင်းနှင်သူ အတော်များများသိထားကြပြီးဖြစ်သည်။ သို့သော် ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီး မောင်းနှင်သူနည်းပါးလွန်းလှသည်ကို တွေ့ရသည်။

ဆိုလိုသည်မှာ စည်းကမ်းနှင့် ဥပဒေများ ထုတ်ပြန်ထားသော်လည်း ကြပ်မတ်စစ်ဆေးမှု၊ အရေးယူအပြစ်ပေးမှုကို အလျဉ်းသင့်မှ ဆောင်ရွက်ခြင်းမပြုဘဲ မပြတ်ဆောင်ရွက်ပေးခြင်းဖြင့် စည်းကမ်းလိုက်နာမှုရှိလာအောင် ထိန်းသိမ်းပြုပြင်ပေးသင့်သည်။ စည်းကမ်းလိုက်နာရမည့်သူများကလည်း မိမိအတွက်ရော အများအတွက်ပါ လိုက်နာသင့်သလို အပြစ်ပေးအရေးယူရမည့် တာဝန်ရှိသူများဘက်ကတည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ထိန်းသိမ်းကြပ်မတ်ပေးခြင်းဖြင့် အများပြည်သူတို့၏ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် စဉ်ဆက်မပြတ် ကြပ်မတ်ပေးစေလိုကြောင်း အသိပေးတင်ပြအပ်ပါသည်။

**ဥပဒေကို လိုက်နာစေသည်။ စည်းကမ်းကို လိုက်နာစေသည်။ စည်းကမ်းလိုက်နာခြင်းဖြင့် အန္တရာယ်ကင်းစေသည်။ စည်းကမ်း၊ ဥပဒေကို ထိန်းသိမ်းကြပ်မတ်သူများအနေဖြင့်လည်း မိမိ၏ကိုယ်ကျိုးအတွက်မဟုတ်ဘဲ အများပြည်သူ နိုင်ငံသူ နိုင်ငံသားတို့၏ အသက်ဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ ရဲရင့်ပြတ်သားစွာ ဆောင်ရွက်သင့်။**

# တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေ

**နေပြည်တော် မေ ၂၀**

အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး သောက်သုံးရေရှားပါးပြတ်လပ်သည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများ လိုက်လံပို့ဆောင်ပေးခြင်း၊ ယာယီရေလှောင်ကန်များ ပြုလုပ်ပေးခြင်း၊ စက်ရေတွင်းများ တူးဖော်ပေးခြင်းစသည်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ မေ ၁၈ ရက် မွန်းလွဲပိုင်းက နေပြည်တော်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အလှူရှင် ဒေါက်တာဦးခင်မောင်အေး-ဒေါ်ဝင်းပပ မိသားစု(စက္ကူစက်ရုံ-ရေနီ) တို့ ပူးပေါင်း၍ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာမှ အိမ်ခြေ ၁၇၃ ရှိ လူဦးရေ ၇၂၆ ဦးအတွက် ရေဂါလန် ၄၀၀၀ ကိုလည်းကောင်း၊ ဂါတ်ချိုင်းကျေးရွာအတွင်းရှိ အိမ်ခြေ ၂၂၀ မှ လူဦးရေ ၇၃၀ အတွက် ရေဂါလန် ၃၈၀၀ ကိုလည်းကောင်း ဖြန့်ဝေပေးခဲ့သည်။

"ကျွန်တော်တို့ တစ်ရွာလုံးအနေနဲ့ လက်နှိပ်တွင်း ၅၀ လောက်ရှိပြီး စက်ရေတွင်းက ရွာဦးဘုန်းကြီးကျောင်းတစ်ကျောင်းမှာပဲ ရှိပါတယ်။ ယခုလို သောက်သုံးရေအခက်အခဲကို ကူညီဖြေရှင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု တံခွန်တိုင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**(ရွှေရဲရင့်)**

## ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်များနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်

**နေပြည်တော် ဧပြီ ၂၀**
၁၉၆၄ ခုနှစ်မှစတင်၍ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်းအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့သည်။

ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ် ၁၇၆ ဦးစီတို့အား စိစစ်ရွေးချယ်ထားပြီး ဖြစ်သည်။

အဋ္ဌမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် အင်းလေးအပန်းဖြေစခန်းနှင့် ဒသမတန်း ဘက်စုံပညာထူးချွန် လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းတို့ကို ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စခန်းဝင်စဉ်ကာလအတွင်း လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံခြင်း၊ လေ့လာရေးခရီးစဉ် သွားရောက်ခြင်းတို့ကို ဆောင်ရွက်ကြမည် ဖြစ်သည်။

အတန်းတစ်တန်းစီအတွက် အပန်းဖြေစခန်းတစ်ခုစီ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ သုံးနှစ်ဆက်တိုက်ရွေးချယ်ခံရပါက စခန်းသုံးခုစလုံး၌ အပန်းဖြေခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းရယူလိုသည့် မီဒီယာများအနေဖြင့် ဘက်စုံပညာထူးချွန်လူငယ်စခန်းများနှင့်ပတ်သက်၍ ဒေါက်တာစိုးမြင့်ထွန်း (ပုဂံစခန်းမှူး) ဖုန်း-၀၉-၂၀၀၃၂၃၆၊ ဦးမြင့်အောင် (အင်းလေးစခန်းမှူး) ဖုန်း-၀၉-၅၂၁၃၅၅၅ နှင့် ဦးဝင်းမောင်(ငွေဆောင်စခန်းမှူး) ဖုန်း-၀၉-၄၂၅၀၀၀၅၃၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**


ဒေါ်သစ်သစ်ရွှေ
(မန္တလေးစုရပ်စခန်းတာဝန်ခံ)


ဒေါက်တာစိုးမြင့်ထွန်း
(စခန်းမှူး၊ ပုဂံအပန်းဖြေစခန်း)


ဦးမြင့်အောင် (စခန်းမှူး၊
အင်းလေးအပန်းဖြေစခန်း)


ဦးဝင်းမောင် (စခန်းမှူး၊
ငွေဆောင်အပန်းဖြေစခန်း)


အဋ္ဌမတန်းထူးချွန်လူငယ်များတည်းခိုရန် စီစဉ်ထားသည့် ပုဂံ Royal Emerald ဟိုတယ်အခန်းအား တွေ့ရစဉ်။

○ ကျောဖုံးမှ

**ဒေါ်ဆွေဆွေလှဲ (ရန်ကုန်စုရပ်စခန်း) (ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး)**

ငွေဆောင်သွားမယ့် ကျောင်းသားကျောင်းသူ ၁၇၆ ဦး၊ ကြီးကြပ်ဆရာ ၁၈ ဦးအတွက် အထက(၁) လမ်းမတော်မှာ တည်းခိုဖို့ စီစဉ်ထားပါတယ်။ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားသောက်ခန်းတွေလည်း သီးသန့်ရှိပြီး ဖြစ်ပါတယ်။ ဧပြီ ၂၅ ရက်မှာ စတင်ရောက်ရှိကြမှာဖြစ်ပြီး အဲဒီထက်စောရောက်ရင်လည်း ထမင်းကျွေးဖို့ စီစဉ်ထားပါတယ်။ အရင်နှစ်ကဆိုရင် လူရည်ချွန်ဟောင်းတွေ လာရောက်တွေ့ဆုံတာရှိပါတယ်။ အခုနှစ်တော့ အစီအစဉ်ရှိ၊ မရှိ မသိရသေးပါဘူး။ ဧပြီ ၂၇ ရက် မနက် ၆ နာရီမှာ ယာဉ်တန်းနဲ့ထွက်ပြီး ရွှေတိဂုံဘုရားဖူးပါမယ်။ အဲဒါပြီးတာနဲ့ ငွေဆောင်ကို ဆက်လက်ထွက်ခွာမှာ ဖြစ်ပါတယ်။ လှိုင်သာယာနယ်နိမိတ်အဆုံးအထိ ရှေ့ပြေးမော်တော်ဆိုင်ကယ်နဲ့ ပို့ပေးပါမယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ မြို့နယ်ကျန်းမာရေးမှူးနဲ့ ညှိနှိုင်းပြီး စီစဉ်ထားပါတယ်။ ကျောင်းကျန်းမာရေးဆေးခန်းလည်းရှိတော့ အဆင်ပြေပါတယ်။ လုံခြုံရေးအနေနဲ့ မြို့နယ်၊ ရပ်ကွက် အထွေထွေအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ရဲစခန်းတွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ထားပါတယ်။ စခန်းသိမ်းအပြန်မှာလည်း တည်းခိုနိုင်ရေး၊ ကျွေးမွေးနိုင်ရေးအတွက် စီစဉ်ထားပါတယ်။

မြန်မာနိုင်ငံ အောက်ပိုင်းက မန္တလေးစုရပ်ကို သွားရမယ့် အင်းလေးစခန်း ၇၆ ဦး၊ ကြီးကြပ်ဆရာ ရှစ်ဦး၊ ပုဂံစခန်း ၇၆ ဦး၊ ကြီးကြပ်ရှစ်ဦးတို့ကတော့ ဧပြီ ၂၅ ရက် ညနေနောက်ဆုံးထား ဝင်ရောက်ရမှာ ဖြစ်ပါတယ်။ ကျောင်းသားတွေက အထက(၄) မင်္ဂလာတောင်ညွန့်၊ ကျောင်းသူတွေက အထက(၃) မင်္ဂလာတောင်ညွန့်မှာ နေရာချထားပေးဖို့ စီစဉ်ထားပါတယ်။ အိပ်ရာလိပ်ယူလာစရာ မလိုပါဘူး။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးအပြည့်အစုံ စီစဉ်ထားပါတယ်။ ဧပြီ ၂၆ ရက် မနက် ၆ နာရီမှာတော့ မနက်စောစောစာ ကျွေးပြီးတာနဲ့ မန္တလေးကို မှန်လုံယာဉ်တွေနဲ့ ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။

**ဒေါ်သစ်သစ်ရွှေ (မန္တလေးစုရပ်စခန်းတာဝန်ခံ) (ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး)**

အထက(၁)နဲ့ အထက(၄)မှာက အင်းလေးအဖွဲ့၊ အထက(၁၄)နဲ့ အထက(၂၂)မှာက ပုဂံအဖွဲ့နဲ့ ငွေဆောင်အဖွဲ့ တည်းကြမှာပါ။ ငွေဆောင်အဖွဲ့က အထွက်၊ ပုဂံအဖွဲ့က အဝင်ပါ။ သက်ဆိုင်ရာကျောင်းတွေမှာ ဆေးခန်းတွေ ဖွင့်လှစ်ပေးသွားမှာပါ။ ကျွေးမွေးရေးအစီအစဉ်ကလည်း အဲဒီစုရပ်စခန်း ကျောင်းတွေမှာပဲ ကျွေးမွေးဖို့ တစ်ရက် ကျပ် ၅၀၀၀ နှုန်းနဲ့ စီစဉ်ထားပြီးသားပါ။ ပို့ဆောင်ရေးအနေနဲ့ အင်းလေးနဲ့ ပုဂံအတွက် သက်ဆိုင်ရာစခန်းမှူးတွေရဲ့ အစီအစဉ်နဲ့ လာခေါ်သွားပါမယ်။ ငွေဆောင်တစ်ခုပဲ မြန်မာနိုင်ငံ အထက်ပိုင်းက အဖွဲ့တွေကို ဧပြီ ၂၅ ရက် ညနေမှာ ရန်ကုန်စုရပ်စခန်းကို ပို့ပေးမယ်။ ပြန်လာတဲ့အခါမှာလည်း မနှစ်ကလိုပဲ ဘယ်အဖွဲ့တွေ ဝင်လာမလဲဆိုတာကို ကြိုသိအောင် စာရင်းလုပ်ထားပြီး လိုအပ်တဲ့ ကားလက်မှတ်၊ လေယာဉ်လက်မှတ်တွေကို စီစဉ်ပေးသွားမှာပါ။

**ဒေါက်တာစိုးမြင့်ထွန်း (စခန်းမှူး၊ ပုဂံအပန်းဖြေစခန်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံး)**

လုပ်ငန်းစီမံချက်ရေးဆွဲပြီး ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်နေပါတယ်။ ကြိုတင်ပြင်ဆင်မှုအပိုင်းမှာတော့ ဖွင့်ပွဲလုပ်မယ့် မုခ်ဦးနေရာ၊ စင်မြင့်နေရာတွေ ပြင်ဆင်ထားပါတယ်။ တည်းခိုမယ့် နေရာကိုတော့ Royal Emerald Hotel မှာ စီစဉ်ထားပါတယ်။ ကျောင်းသားကျောင်းသူ ၁၇၆ ဦး၊ ကြီးကြပ်ဆရာ ၁၈ ဦး တည်းခိုနိုင်ဖို့ အားလုံးစီစဉ်ပြီးဖြစ်ပါတယ်။ လုံခြုံရေးအပိုင်းမှာတော့ နေရာလုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့နဲ့ ညှိနှိုင်းထားပါတယ်။ ကျန်းမာရေးအပိုင်းမှာတော့ တိုင်းဒေသကြီးကျန်းမာရေးနဲ့ ညှိနှိုင်းပြီးတော့ အစားအသောက်အတွက် ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ပါမယ်။ ချက်ပြုတ်တဲ့အဖွဲ့ကိုလည်း စစ်ဆေးပါမယ်။ ဒီမှာ တော်တော်ပူတဲ့အတွက် ချက်တဲ့အခါမှာလည်း ရေကြောင့် ပြဿနာမဖြစ်အောင် ထမင်း၊ဟင်းချက်တဲ့အခါ ရေသန့်ကိုပဲ သုံးဖို့ ပြောထားပါတယ်။ စခန်းမှာလည်း ဆေးအဖွဲ့ အချိန်ပြည့်ထိုင်ပေးပါမယ်။ လူနာတင်ယာဉ်ကိုလည်း အသင့်စီစဉ်ထားပါတယ်။ ပူတဲ့နေရာဆိုတော့ Heat Stroke ဖြစ်မှာ စိုးရိမ်တဲ့အတွက် ချက်ချင်းဆောင်ရွက်နိုင်အောင် လေအေးပေးစက်နဲ့သီးသန့်အခန်းထားပြီး ကြိုတင်ပြင်ဆင်ထားပါတယ်။

နေ့အလိုက်ဆောင်ရွက်မယ့် အစီအစဉ်တွေကတော့ ဧပြီ ၂၇ ရက် မနက် ၇ နာရီမှာ မန္တလေးကြားစခန်းက စထွက်ပါမယ်။ ပထမဆုံး မန္တလေး မြနန်းစံကျော် ရွှေနန်းတော်ကို လေ့လာပါမယ်။ ပြီးရင် မဟာမြတ်မုနိဘုရားဝင်ဖူးပါမယ်။ အဲဒါပြီးတာနဲ့ ပုဂံစခန်းကို ဆက်ထွက်ပါမယ်။ မိတ္ထီလာ သီးကုန်းမှာ နေ့လယ်စာစားဖို့ စီစဉ်ထားပါတယ်။ ပုဂံစခန်းကိုရောက်ပြီး ညပိုင်းမှာတော့ မိတ်ဆက်တာ၊ ဖျော်ဖြေတာတွေ လုပ်ပါမယ်။ ဧပြီ ၂၈ ရက် မနက်ခင်းမှာတော့ ဖွင့်ပွဲအတွက် အစမ်းလေ့ကျင့်တာ ဆောင်ရွက်ပါမယ်။ နေ့ခင်းမှာ လူရည်ချွန်ဟောင်းတွေနဲ့တွေ့ဆုံပွဲကို စုဝေးခန်းမမှာပဲ စီစဉ်ထားပါတယ်။

ဧပြီ ၂၉ ရက် မနက် ၇ နာရီမှာ ဟိုတယ်မှာပဲ ဖွင့်ပွဲအခမ်းအနား ဆောင်ရွက်ပါမယ်။ မုခ်ဦးရှေ့မှာ လုပ်တာရယ်၊ စင်မြင့်မှာ ရင်ထိုးတံဆိပ်ပေးတာ၊ တပ်တာလုပ်ပါမယ်။ ၉ နာရီလောက်ပြီးတာနဲ့ ပုဂံမှာရှိတဲ့ ဘုရားတွေကို လမ်းကြောင်းနှစ်ခုခွဲပြီး ဖူးပါမယ်။ နေ့ခင်းပိုင်းမှာတော့ နေပူတော့ ဟိုတယ်ခန်းမမှာပဲ ဟောပြောပွဲလုပ်တာတို့၊ စကားရည်လုပွဲလုပ်တာတို့ အဲဒီလိုအစီအစဉ်လေးတွေ ထည့်ပေးထားပါတယ်။ ညပိုင်းမှာတော့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ ဂုဏ်ပြုညစာစားပွဲလုပ်ဖို့ဆိုပြီး စီစဉ်ထားပါတယ်။

ဧပြီ ၃၀ ရက် မနက် ၇ နာရီမှာ စထွက်ပြီး ပုပ္ပါးတောင်ကလပ်၊ သစ်တောပြတိုက်၊ ပရဆေးဥယျာဉ်၊ Poppa Mountain Resort တွေကို လေ့လာပါမယ်။ ညပိုင်းမှာတော့ ဖျော်ဖြေရေးအစီအစဉ်တွေပဲ ရှိပါတယ်။ မေ ၁ ရက်မှာတော့ စလေရုပ်စုံကျောင်းတော်ကြီးကို လေ့လာရေးသွားပါမယ်။ နေ့လယ်စာကို စခန်းမှာပဲ ပြန်စားပါမယ်။ နေ့ခင်းမှာတော့ စာပေဟောပြောပွဲတွေ ဆောင်ရွက်ပါမယ်။ ညပိုင်းမှာတော့ ဖျော်ဖြေရေးအစီအစဉ်တွေ စီစဉ်ထားပါတယ်။

နောက်တစ်ခါ မေ ၂ ရက်ကျတော့ ပခုက္ကူဘက်ကို သွားမှာပါ။ ပုဂံကနေထွက်ပြီး ပခုက္ကူတံတားကိုဖြတ်ကာ မြို့ဘက်ကို သွားမှာပါ။ အဲဒီမှာ သီဟိုဠ်ရှင်ဘုရား၊ ဆင်ဖြူရှင်ဘုရား၊ နောက်တစ်ခါ ပခုက္ကူမြို့ထဲ၊ ပခန်းကြီးကျောင်းတော်ရာကိုလည်း လေ့လာပါမယ်။ အဲဒီကနေပြန်ပြီး စခန်းမှာပဲ နေ့လယ်စာ စားပါမယ်။ ညပိုင်းမှာတော့ စခန်းသိမ်းပွဲနဲ့မီးပုံပွဲ ဆောင်ရွက်ပါမယ်။

မေ ၃ ရက်မှာတော့ နေရပ်ပြန်ကြမှာပါ။ မနက်ပိုင်းမှာတော့ ပုဂံမှာ လေ့လာဖို့ကျန်နေတဲ့ ပုဂံရှေးဟောင်းနန်းတော်ရာ၊ ပုဂံပြတိုက်၊ ယွန်းကောလိပ်တွေကို လေ့လာရေး ပို့ပေးပါမယ်။ ၁၁ နာရီမှာ နေ့လယ်စာကို ဟိုတယ်မှာ စားပြီး နေ့ခင်း ၁၂ နာရီမှာတော့ သက်ဆိုင်ရာနေရပ်အသီးသီးကို ပြန်ကြမှာပါ။ အဲဒီလို စီစဉ်ထားပါတယ်။

**ဦးမြင့်အောင် (စခန်းမှူး၊ အင်းလေးအပန်းဖြေစခန်း) (ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ပညာရေးမှူးရုံး)**

အင်းလေးခေါင်တိုင် ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း ဖွင့်လှစ်နိုင်ဖို့အတွက် လုပ်ငန်းအလိုက် ဆပ်ကော်မတီတွေ ဖွဲ့စည်းဆောင်ရွက်ထားပါတယ်။ ဧပြီ ၂၇ ရက်ကနေ ၃၀ ရက်အထိ တည်းခိုရေးအတွက် ညောင်ရွှေမြို့ ဟူပင်ဟိုတယ်မှာ စီစဉ်ထားပါတယ်။ မေ ၁ ရက်ကနေ ၂ ရက်အထိ အထက(၁) တောင်ကြီးမှာ စီစဉ်ထားပါတယ်။ စားသောက်ရေးနဲ့ပတ်သက်လို့ ဧပြီ ၂၇ ရက်မှာ မန္တလေးစုရပ်ကနေ အင်းလေးကို ထွက်ခွာတဲ့အခါ နေ့လယ်စာကို ကလောမြို့နယ် ရွှေရေယားမှာ စီစဉ်ထားပါတယ်။ ဧပြီ ၂၇ ရက် ညပိုင်းကနေ မေ ၁ ရက် မနက်အထိ ဟူပင်ဟိုတယ်မှာ စီစဉ်ထားပြီး မေ ၁ ရက် နေ့လယ်စာကိုတော့ ပင်းတယမှာ စီစဉ်ထားပါတယ်။ မေ ၁ ရက် ညစာကနေ ၃ ရက် မနက်စာအထိ တောင်ကြီးမြို့မှာ စားသောက်နိုင်ရေးစီစဉ်ဆောင်ရွက်ထားပါတယ်။

ကြိုဆိုတာ၊ ပို့ဆောင်တာတွေ အဆင်ပြေစေဖို့အတွက် ကားကောင်း၊ ကားသန့်တွေရရှိရေး ဆောင်ရွက်ထားပါတယ်။ ဒါ့အပြင် အင်းလေးကန်အတွင်း သွားလာနိုင်ဖို့အတွက် စက်လှေတွေကိုလည်း လုံလုံလောက်လောက်စီစဉ်ထားပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့အတွက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနနဲ့ ဆက်သွယ်ဆောင်ရွက်ထားပြီး ဆေးခန်းတစ်ခုကိုလည်း ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်။ ဆရာဝန်တစ်ဦးနဲ့ သူနာပြုသုံးဦးတို့က အလှည့်ကျတာဝန်ယူသွားမှာဖြစ်ပြီး လေ့လာရေးခရီးစဉ်တွေမှာလည်း လိုက်ပါစောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ အပန်းဖြေစခန်း လုံခြုံရေးနဲ့ လေ့လာရေးခရီးစဉ်လုံခြုံရေးအတွက် ညောင်ရွှေနဲ့ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးတွေရဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေ့လာရေးခရီးစဉ်တွေအနေနဲ့ကတော့ ဧပြီ ၃၀ ရက်မှာ အင်းလေးကန် ကေလာရေခြံ၊ ဟဲယာရွာမ ငွေထည်လုပ်ငန်း(စိန်သမာဓိ)၊ အင်းလေးရိုးရာ ရက်ကန်းရုံ၊ ဖောင်တော်ဦးနဲ့အလိုတော်ပေါက် ဘုရားတို့ကို သွားရောက်နိုင်ဖို့ စီစဉ်ထားပါတယ်။ မေ ၁ ရက်မှာတော့ ခနုဒေသ လေ့လာရေးအဖြစ် ရွှေဥမင်ဘုရား၊ ကံ့လုံဆရာတော်စံကျောင်း၊ တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်တို့ကို စီစဉ်ထားပါတယ်။ မေ ၂ ရက်မှာတော့ ပအိုဝ်းရိုးရာယဉ်ကျေးမှုနဲ့ ရှေးဟောင်းအမွေအနှစ် လေ့လာရေးအဖြစ် ဟိုပုံးမြို့နယ် ထမ်စမ်းဂူ၊ တောင်ကြီးမြို့နယ် မွေတော်ကက္ကူ ရွှေဘုန်းပွင့်၊ စူဠာမုနိဘုရား၊ တောင်ကြီးမြို့မဈေးတို့ကို စီစဉ်ထားပါတယ်။

**ဦးဝင်းမောင် (စခန်းမှူး၊ ငွေဆောင်အပန်းဖြေစခန်း) (ညွှန်ကြားရေးမှူး၊ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး)**

တည်းခိုနေထိုင်ရေးကိစ္စအနေနဲ့ ငွေဆောင်မှာရှိတဲ့ ယုဇနဟိုတယ်နဲ့ ပုလဲငွေဆောင်ဟိုတယ်နှစ်ခုမှာ စီစဉ်ထားပါတယ်။ ယုဇနဟိုတယ်မှာတော့ ဒသမတန်းထူးချွန်လူငယ် ၈၈ ဦးနဲ့ ကြီးကြပ်ဆရာမ ကိုးဦး၊ ပုလဲငွေဆောင်

စာမျက်နှာ ၉ ကော်လံ ၁ သို့

# မြို့ပြပတ်ဝန်းကျင်ဖွံ့ဖြိုးမှုအတွက် လိုအပ်သော Urban Planning Law ခေါ် မြို့ပြစီမံကိန်းဥပဒေနှင့် Land Bank ထားရှိခြင်းများအကြောင်း

ဒေါက်တာကျော်လတ်

ယခင်နေ့များက မြို့ကြီးများပတ်ဝန်းကျင်တွင် လယ်မြေများ၊ သို့မဟုတ် မြို့ပြမြေအဖြစ် သိမ်းသွင်းထားခြင်းမရှိသေးသော မြေများကို ပုဂ္ဂလိကကုမ္ပဏီကြီးတို့ကဝယ်ယူပြီး ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောက်လုပ်ရန်စီစဉ်လျက်ရှိကြသည်။ ထိုလုပ်ရပ်များမှာ ဥပဒေနှင့် ကိုက်ညီမှုမရှိသည့်အပြင် မြို့များဖွံ့ဖြိုးမှုကို ဟန့်တားနှောင့်ယှက်လျက်ရှိကြောင်း ဖော်ပြခဲ့ပါသည်။

မြို့ပြဒေသများတွင် လူဦးရေတိုးပွားလာသည်နှင့် လိုက်လျောညီစွာ ကျောင်းများ၊ ဈေးများ၊ ဆေးရုံများ စသည့်အများပြည်သူအတွက် အဆောက်အအုံများနှင့် မြေနေရာများလည်း လိုအပ်လျက်ရှိသည်။

ထိုအများပြည်သူ၏ အဓိကလိုအပ်ချက်များအတွက် ဆောက်လုပ်ရန်မြေများပေါ်တွင် ကုမ္ပဏီကြီးတို့၏ လိုအပ်ချက်အတိုင်း ဖြစ်ပေါ်နေကြခြင်းတို့ကြောင့် မြို့ပြဒေသများ၏ဖွံ့ဖြိုးမှုကို ဟန့်တားလျက်ရှိသည့်အကြောင်းကိုလည်း တင်ပြခဲ့ပါသည်။

အခြားတစ်ဖက်မှကြည့်လျှင်လည်း ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းများလည်ပတ်နိုင်ရန် မြေများ လိုအပ်ပေသည်။ မိမိတို့တိုင်းပြည်တွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း မြေသစ်များဖော်ထုတ်ခြင်းလုပ်ငန်းမှာ အစိုးရအပြောင်းအလဲအချိန်အခါတွင်သာ ဆောင်ရွက်ကြပြီး ပုံမှန်အချိန်များတွင် မဆောင်ရွက်ကြ၍ ထို့ကြောင့် Land supply ခေါ် မြေသစ်များ ဖော်ထုတ်ခြင်းမရှိကြသဖြင့် မြို့မြေဈေးများ တစ်စတစ်စကြီးမြင့်လာသည်။ ထိုသည်ကိုအခြေခံ၍ Land speculation ခေါ် မြေများအပေါ် စီးပွားရှာအမြတ်ထုတ်ကြပြန်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရှုထောင့်မှကြည့်သော် ထို Land speculation သည် တိုင်းပြည်အတွက် လွန်စွာဆိုးရွားသော လုပ်ငန်းရပ်ဖြစ်သည်။ တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားကို လုံးဝအထောက်အကူမပြုသည့်အပြင် တိုင်းပြည်တွင် အလွန်လိုအပ်လျက်ရှိသော အရင်းအနှီးများ လစ်ဟာနေခြင်း၊ ထိရောက်စွာ အသုံးမပြုခြင်း (Idling of investment capital) သို့ ရောက်စေသည်။ ထိုပြဿနာများကို တုံ့ပြန်ရန်နှင့် လူဦးရေတိုးပွားလာခြင်းကြောင့် လိုအပ်သော ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စက်ရုံအလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အတွက်အပါအဝင် လိုအပ်သောမြေများဖြင့် ပံ့ပိုးနိုင်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတို့တွင် Land Bank ခေါ်မြေများကို ထိန်းသိမ်းသောစနစ်ထားရှိကျင့်သုံးသင့်ပေသည်။

Land Bank ဆိုသည်မှာ သက်ဆိုင်ရာမြို့ပြဖွံ့ဖြိုးမှုကို တာဝန်ရှိသော အစိုးရဌာနက မြို့ပြစီမံကိန်းများအပေါ် အခြေခံ၍ မြေများကို ကြိုတင်ဝယ်ယူထားခြင်း၊ ဝယ်ယူသည့်အခါ ကြိုတင်ညှိနှိုင်း၍ မည်သည့်အချိန်တွင် ထိုမြေများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများ စတင်မည်၊ မည်သည့်အချိန်တွင် စတင်အသုံးပြုမည်တို့ကို သဘောတူထားပြီး မြေများကို စီမံအုပ်ချုပ်သောစနစ်ပင်ဖြစ်သည်။ ထိုတာဝန်ရှိသော အစိုးရဌာနသည် ထိုမြေများကို ပုဂ္ဂလိကကုမ္ပဏီကြီးတို့၏ လိုအပ်ချက်အတွက်လည်းကောင်း၊ အခြားအများပြည်သူတို့လိုအပ်ချက်များအတွက်လည်းကောင်း၊ ဘက်စုံရှုထောင့်စုံမှ ညှိနှိုင်းဆောင်ရွက်စီမံလျှင် အဘက်ဘက်က အဆင်ပြေပေမည်။ ထိုစနစ်ကိုကျင့်သုံးရန် ယခုလွန်ခဲ့သော နှစ်အနည်းငယ်က ပြဋ္ဌာန်းခဲ့သော မြေနှင့်ပတ်သက်သော ဥပဒေများအပြင် "Urban Planning Law ခေါ် မြို့ပြစီမံကိန်းဥပဒေ" တစ်ရပ်လိုအပ်ပါမည်။ ထိုမြို့ပြစီမံကိန်းဥပဒေ၏အနှစ်သာရမှာ အောက်ပါတို့ဖြစ်ပါသည်-

၁။ မြို့များသည် မြို့ပြစီမံကိန်းများ ထားရှိရမည်။

၂။ သက်ဆိုင်ရာအစိုးရဌာနသည် မြို့ပြစီမံကိန်းများပေါ် အခြေခံ၍ မြို့တိုးချဲ့ခြင်းလုပ်ငန်းများကို လုပ်ပိုင်ခွင့်ရှိသည်။

၃။ အများပြည်သူအကျိုး၊ ပတ်ဝန်းကျင်ဖွံ့ဖြိုးမှုအကျိုးအတွက် မြေများကို သိမ်းပိုက်ခွင့်ရှိသည်။

၄။ မြို့ပြစီမံကိန်းများအပေါ် အခြေခံ၍ မြေများကို ကြိုတင်ဝယ်ယူထားခြင်း၊ ဝယ်ယူရန် သတ်မှတ်ထားခြင်းနှင့် မြေများပေါ်တွင် ဖွံ့ဖြိုးမှုများ လုပ်ပိုင်ခွင့်ရှိသည်။

၅။ အများပြည်သူအကျိုး၊ ပတ်ဝန်းကျင်ဖွံ့ဖြိုးမှုအကျိုးအတွက် မြေများကို သိမ်းပိုက်သည့်အခါ တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ လျော်ကြေးများပေးရမည်။

၆။ တာဝန်ရှိသောအစိုးရဌာနသည် မြေများကို အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ နှစ်တိုနှစ်ရှည် ငှားရမ်းခွင့်ရှိသည်။

အထက်ပါ မြို့ပြစီမံကိန်းဥပဒေကို ပြဋ္ဌာန်းလျှင် လွန်ခဲ့သောနှစ်အနည်းငယ်က သမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်က အတည်ပြုခဲ့သော မြေယာဆိုင်ရာဥပဒေများကို များစွာပြင်ဆင်စရာမလိုအပ်ပေ။ သို့သော် လက်ရှိဥပဒေတစ်ရပ်ဖြစ်သော "၂၀၁၂ လယ်ယာမြေဥပဒေ ပုဒ်မ ၃၁" ကို အနည်းငယ်ပြင်ဆင်ရန် လိုအပ်မည်ဟု ယူဆပါသည်။ အထက်ဥပဒေတွင် "မြေသိမ်းခွင့်ရရှိပြီးသည့်နောက် (၆)လအတွင်း လုပ်ငန်းစတင်ရမည်။ သတ်မှတ်ထားသောအချိန်အတွင်း အပြီးဆောက်လုပ်ရမည်"ဟု ပါရှိသည်။ ယခု Land Bank ထားရှိခြင်း၏ရည်ရွယ်ချက်မှာ အောက်ပါ (၃) ချက်ဖြစ်သည်-

၁။ တာဝန်ရှိသောအစိုးရဌာနသည် မြေများအသုံးချမှုတွင် ထိရောက်စေရန် လိုအပ်သူများကို လိုအပ်သည့်အချိန်အခါတွင် ခွင့်ပြုရန်။

၂။ တာဝန်ရှိသော အစိုးရဌာနသည် Land speculation ခေါ် မြေများအပေါ် စီးပွားရှာခြင်းကို တုံ့ပြန်ရန်။

၃။ ဘက်စုံမြို့ပြဖွံ့ဖြိုးမှုကို အထောက်အကူပြုရန်။

ထိုသည်တို့ကို အခြေခံ၍ တိုင်းပြည်အတွင်း မြို့ပြများ ဘက်စုံဖွံ့ဖြိုးရေးအတွက် "မြို့ပြစီမံကိန်းဥပဒေ"တစ်ရပ်ကို ပြဋ္ဌာန်းသင့်ပေသည်။

❐ စာမျက်နှာ ၈ မှ

ဟိုတယ်မှာတော့ ဒသမတန်းထူးချွန်လူငယ် ၈၈ ဦးနဲ့ ကြီးကြပ်ဆရာ ကိုးဦးတို့ကို ထားရှိမှာဖြစ်ပါတယ်။ စားသောက်ရေးနဲ့ ပတ်သက်လို့ပြောရရင် ဧပြီ ၂၇ ရက် ရန်ကုန်ကနေ ငွေဆောင်ကို ထွက်လာတဲ့အခါ ပန်းတနော် ရွှေမင်္ဂလာရပ်နားစခန်းမှာ နံနက်စောစောစာ စီစဉ်ထားပါတယ်။ နေ့လယ်စာကိုတော့ ပုသိမ်ဟိုတယ်မှာ စီစဉ်ထားပါတယ်။ ကျန်တဲ့ရက်တွေမှာတော့ ယုဇနဟိုတယ်နဲ့ ပုလဲငွေဆောင် ဟိုတယ်တွေမှာ နံနက်စာ၊ နေ့လယ်စာ၊ ညစာ စီစဉ်ထားပါတယ်။ ကျွေးမွေးမယ့်အစီအစဉ်တွေကိုလည်း ဟိုတယ်တွေက တာဝန်ရှိသူတွေနဲ့ အသေးစိတ်ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ အစားအသောက်တွေနဲ့ ပတ်သက်လို့လည်း အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှုဦးစီးဌာနက ဆရာဝန်တွေက စစ်ဆေးပေးမှာ ဖြစ်ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာလည်း တိုင်းကျန်းမာရေးဦးစီးဌာနရဲ့အကူအညီနဲ့ ရန်ကုန်-ငွေဆောင်လမ်းတစ်လျှောက် လူနာတင်ယာဉ်လိုက်ပါဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ စခန်းရောက်တဲ့အခါမှာလည်း ကျန်းမာရေးဆေးခန်းတွေကို တည်းခိုတဲ့ဟိုတယ်တွေမှာ ဖွင့်လှစ်ပေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးသွားမှာဖြစ်ပါတယ်။ လိုအပ်ရင်လည်း ငွေဆောင်ပြည်သူ့ဆေးရုံမှာလည်း ဆေးဝါးကုသနိုင်ဖို့အတွက် စီစဉ်ပေးထားမှာဖြစ်ပါတယ်။ လူနာတင်ယာဉ်နှစ်စီးကိုလည်း အဆင်သင့်ထားရှိပေးမှာ ဖြစ်ပါတယ်။

လုံခြုံရေးကိစ္စကိုတော့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဦးစီးပြီးတော့ လမ်းကြောင်းလုံခြုံရေး၊ စခန်းလုံခြုံရေးတွေကို စီမံချက်ရေးဆွဲပြီး ဆောင်ရွက်ထားပါတယ်။ ရေချိုးအပန်းဖြေတဲ့အခါမှာလည်း ဘေးကင်းလုံခြုံမှုရှိအောင် သီးသန့်နေရာ စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကယ်ဆယ်ရေးအဖွဲ့တွေထားပြီး စောင့်ရှောက်ပေးသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးအနေနဲ့ ရန်ကုန်ကနေ ငွေဆောင်ကို ခေါ်ဆောင်ဖို့ Elite လေအိတ်မှန်လုံမော်တော်ယာဉ်တွေ စီစဉ်ထားပါတယ်။ ငွေဆောင်ပတ်ဝန်းကျင် လေ့လာရေးသွားတဲ့အခါကျတော့ ကားကြီးတွေ သွားလို့မရတဲ့အတွက် ကုန်းလမ်းပို့ဆောင်ရေးက မော်တော်ယာဉ်တွေ စီစဉ်ပေးထားပါတယ်။ ပုသိမ်မြို့ လေ့လာရေးနဲ့ အပြန်ခရီးအတွက်ကိုတော့ Elite လေအိတ်မှန်လုံမော်တော်ယာဉ်တွေနဲ့ပဲ ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

ရက်အလိုက် ဆောင်ရွက်မယ့်အစီအစဉ်တွေကတော့ ဧပြီ ၂၇ ရက်မှာ ထူးချွန်လူငယ်တွေ အပန်းဖြေစခန်း စဝင်မှာ ဖြစ်ပါတယ်။ ညပိုင်းမှာတော့ စည်းကမ်းသတ်မှတ်ချက်တွေကို ရှင်းလင်းပြောပြမှာ ဖြစ်ပါတယ်။ ဧပြီ ၂၈ ရက် မနက်ပိုင်းမှာ လူရည်ချွန်ဟောင်းတွေနဲ့ တွေ့ဆုံပွဲပြုလုပ်ဖို့ စီစဉ်ထားပါတယ်။ နေ့လယ်ပိုင်းမှာတော့ စခန်းဖွင့်ပွဲအတွက် အစမ်းလေ့ကျင့်တာတွေ၊ ကြိုတင်ပြင်ဆင်တာတွေကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ စုပေါင်းကိုယ်လက်လေ့ကျင့်ခန်းနဲ့ အခြေခံစစ်ရေးပြသင်တန်းပြုလုပ်တာကိုတော့ ဟိုတယ်ရှေ့က သဲသောင်ပြင်မှာ မနက်ပိုင်း နေမပူခင် နေ့တိုင်း လုပ်ဆောင်သွားပါမယ်။

ဧပြီ ၂၉ ရက် မနက်ပိုင်းမှာ စခန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်မှာဖြစ်ပြီး နေ့လယ်ပိုင်းမှာတော့ အခမ်းအနားတက်ရောက်တဲ့ ပုဂ္ဂိုလ်တွေနဲ့အတူတူ နေ့လယ်စာသုံးဆောင်ဖို့ ပုလဲငွေဆောင်ဟိုတယ်မှာ စီစဉ်ထားပါတယ်။ ညပိုင်းမှာတော့ ဖျော်ဖြေရေးအစီအစဉ်တွေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပညာရေးမှူးရုံးက ဖွဲ့စည်းထားတဲ့ ပညာအလင်္ကာတေးဂီတအဖွဲ့နဲ့ ငွေဆောင်အထကအပြင် ပတ်ဝန်းကျင်မှာရှိတဲ့ အခြေခံပညာကျောင်းတွေကလည်း အလှည့်ကျဖျော်ဖြေကြဖို့ စီစဉ်ထားပါတယ်။

ဧပြီ ၃၀ ရက် မနက်ပိုင်းမှာတော့ ပုသိမ်မြို့ လေ့လာရေးခရီး သွားရောက်မှာဖြစ်ပါတယ်။ အထည်ချုပ်စက်ရုံ(၂)ခု၊ ပုသိမ်ထီးလုပ်ငန်းနဲ့ ပုသိမ်ဟာလဝါလုပ်ငန်း လေ့လာပါမယ်။ ပြီးရင် ရွှေမုဋ္ဌောစေတီ ဖူးမြော်ပါမယ်။ နေ့လယ်စာကိုတော့ Royal Lake ဟိုတယ်မှာ စီစဉ်ထားပါတယ်။ နေ့လယ်စာ စားပြီးရင်တော့ ပုသိမ်မြို့ မြို့တော်ခန်းမမှာ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့တွေ့ဆုံပွဲ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒါပြီးတာနဲ့ ငွေဆောင်ကို ပြန်နားမှာ ဖြစ်ပါတယ်။

မေ ၁ ရက်မှာတော့ ငွေဆောင်ပတ်ဝန်းကျင် ပြည်သူ့ဘဝလေ့လာရေးအဖြစ် သဇင်ရွာဘက်ကို သွားရောက်လေ့လာရေးဆောင်ရွက်ပါမယ်။ မေ ၂ ရက်မှာတော့ ဟိုတယ်လုပ်ငန်းဆိုင်ရာအသိပညာပေးဆွေးနွေးဟောပြောတာ လုပ်ပါမယ်။ ပုသိမ်မြို့က ကွန်ပျူတာပညာရှင်အသင်းကလည်း ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှုတွေ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ညနေပိုင်းမှာတော့ ငွေဆောင်ဟိုတယ်ဇုန်ကို လေ့လာနိုင်အောင် စီစဉ်ထားပါတယ်။ ညပိုင်းမှာတော့ ပုလဲငွေဆောင်ဟိုတယ်ဝင်းထဲမှာ မီးပုံပွဲကျင်းပပြီး စခန်းသိမ်းပွဲပြုလုပ်မှာဖြစ်ပါတယ်။

မေ ၃ ရက် မနက်မှာ ငွေဆောင်ကနေ ပြန်လည်ထွက်ခွာပြီး ပုသိမ်ဟိုတယ်မှာ နံနက် စောစောစာ ကျွေးမွေးဧည့်ခံမှာဖြစ်ပါတယ်။ အဲဒီမှာ ဧရာဝတီတိုင်းဒေသကြီးက ဘက်စုံထူးချွန်လူငယ်တွေကျန်ခဲ့ပြီး ကျန်တဲ့သူတွေကတော့ ရန်ကုန်စုရပ်ဖြစ်တဲ့ အထက(၁) လမ်းမတော်ကို ဆက်လက်ထွက်ခွာမှာ ဖြစ်ပါတယ်။ နေ့လယ်စာကို ဆားမလောက်မှာ ကျွေးမွေးမှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏အနာဂတ်မျိုးဆက်လူငယ်များ အပန်းဖြေလေ့လာရေး အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာစခန်းအလိုက် ဘက်ပေါင်းစုံက ကြိုတင်ပြင်ဆင်ထားရှိပြီးဖြစ်သည့်အတွက် ၂၀၁၆ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်များ အခက်အခဲမရှိ အောင်မြင်နိုင်မည်ဟု ထင်မြင်မိပါကြောင်း။**

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်းထုတ်ပြန်ချက်

**နေပြည်တော် ဧပြီ ၂၀**

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံရှိ မန္တလေးဒေသနှင့် စစ်ကိုင်းဒေသတို့တွင် ၂၀၀၆ ခုနှစ်၌ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ်ထိ စုစုပေါင်း (၇)ကြိမ် ကျရောက်ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ရောဂါကျရောက်စဉ်ကလည်း မုံရွာမြို့ပါဝင်ခဲ့ပြီး မုံရွာမြို့ ကြက်/ငုံးမွေးမြူရေးအထူးဇုန်တွင် ၂၀၁၅ ခုနှစ်တွင်လည်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ကာ ပိုးမျိုးခွဲ (H5N1) ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ ယခုနှစ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ ကြက်/ငုံးမွေးမြူရေးအထူးဇုန်အတွင်းရှိ ကြက်ခြံများတွင် (၃-၄-၂၀၁၆) ရက်မှစ၍ ကြက်များစတင်သေဆုံးခဲ့သောကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းများတွင်စစ်ဆေးခဲ့ရာ H5 နှင့် H9 ဗိုင်းရပ်စ်ပိုးများ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် ဦးစီးဌာနမှ ပညာရှင်အဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များပူးပေါင်း၍ ရောဂါဖြစ်ပွားနေမှုအား ထိန်းချုပ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရောဂါကူးစက်မှုမပြန့်ပွားစေရန် ဇီဝလုံခြုံမှုပိုမိုမြှင့်တင်ဆောင်ရွက်ခြင်း၊ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ ကနဦးသတင်းပေးပို့ခြင်းများ ဆောင်ရွက်ထားပါကြောင်းနှင့် ဗိုင်းရပ်စ်ရောဂါပိုးမျိုးခွဲ N နှင့် ပတ်သက်ပြီး ဆက်လက်အတည်ပြုနိုင်ရန် ဒေသဆိုင်ရာ ရည်ညွှန်းကိုးကားဓာတ်ခွဲခန်းဖြစ်သည့် ဩစတြေးလျနိုင်ငံ Geelong ရှိ တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်း (Australia Animal Health Laboratory-AAHL) သို့ နမူနာပစ္စည်း ပေးပို့စစ်ဆေးလျက်ရှိပါသည်။ အဆိုပါဓာတ်ခွဲခန်းမှ ရောဂါပိုးမျိုးခွဲ အတည်ပြုစစ်ဆေးချက်ရရှိပါက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်းအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၃။ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များရှိ ကြက်၊ ငှက်များတွင်သာမက လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရန်အတွက် အောက်ပါအချက်အလက်များအား လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေး ကြက်၊ငှက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံး စသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်၊ ငှက်၊ အသား၊ ဥ စသည်တို့ကို သေချာစွာ ချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မီဒီယာသည် ပြည်သူ့အတွက်

**စုသက်မှူး (မရမ်းကုန်း)**

ယခင်အစိုးရနှင့် ယခုအစိုးရသစ်တို့ တာဝန်မလွှဲပြောင်းခင်ကပင် ပြည်သူတွေ စိတ်အဝင်စားဆုံးအရာမှာ အစိုးရသစ်အနေနဲ့ ယခင်အစိုးရဖောက်ခဲ့တဲ့လမ်းမှာ နိုင်ငံနဲ့ ပြည်သူအတွက် ဘယ်လိုအရာတွေကို အပြောင်းအလဲလုပ်မလဲ ဆိုတဲ့ ကိစ္စက အာရုံအစိုက်ဆုံးကိစ္စဖြစ်နေသည်။

အစိုးရသစ်မတက်မီ ပြည်သူတွေတင်မက သတင်းမီဒီယာတွေက သမ္မတ ဘယ်သူဖြစ်မလဲ စိတ်ဝင်တစားရှိကြသည်။ သတင်းကို မရမကလိုက်ကြသည်။ မေးကြသည်။ ဗျူးကြသည်။ နောက်ဝန်ကြီးတွေ ဘယ်သူဖြစ်မလဲ၊ ဘယ်ဝန်ကြီး ဌာနတွေ ပြုတ်မလဲ စုံစမ်းကြသည်။ သုံးသပ်ကြသည်။ ထင်ကြေးတွေပေးကြသည်။ အစိုးရသစ်အနေနဲ့ ဘယ်လိုတွေ အပြောင်းအလဲလုပ်မလဲ စောင့်ကြည့်ကြသည်။

ဒီလိုအချိန်မှာ ပြန်ကြားရေးဝန်ကြီးဌာနဆိုတာ မရှိသင့်ဘူးဟု ဆိုသူတွေ လည်း ရှိနေသည်။ ဘယ်သူတွေ ဘာတွေပဲပြောပြော မြန်မာ့အသံရေဒီယိုကတော့ ပြောင်းလဲတင်ဆက်လာသည်။ သတင်းထုတ်လွှင့်တင်ပြမှုနှင့်အတူ နိုင်ငံရေး နှင့်ပတ်သက်သည့် သတင်းအင်တာဗျူးများကို ပြည်သူ့အသံ၊ လွှတ်တော်အသံ အစီအစဉ်ကနေ နိုင်ငံရေးသုံးသပ်သူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်သူတွေရဲ့အသံတွေနဲ့ နိုင်ငံရေးသတင်းအင်တာဗျူးတွေကို ထုတ်လွှင့်ခဲ့သည်။

ထိုသို့ သတင်းထုတ်လွှင့်ရာတွင် ပြည်သူတွေကို မှန်ကန်တိကျတဲ့ သတင်း ပေးနိုင်ဖို့ အဘက်ဘက်က ကြိုးစားရသည်။ မီဒီယာ၏အသက်သည် မှန်ကန် တိကျသည့် သတင်းပေးနိုင်ဖို့ပင်။ ကျွန်မတို့ကြိုးစားခဲ့သည်။ သောတရှင်တွေ လက်ခံကြသည်။

အစိုးရသစ် စတင်တာဝန်ယူသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဆက်ရှိနေ သည်။ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတို့ ပုံစံပြောင်းပြီး ထုတ်ဝေလာသည်။ အရင်က မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ မဖတ်သူတွေ တကူးတက ဝယ်ဖတ်လာကြသည်။

သတင်းစာနှစ်စောင်၏ ပြောင်းလဲမှုကို တချို့တွေကကြိုဆိုကြသည်။ ဟုတ်ပါသည်။ သတင်းစာမှာ ကာတွန်းတွေကအစ ဆောင်းပါးတွေအဆုံး ပွင့်ပွင့်လင်းလင်းရေးသားကြသည်ကို သတိထားမိသည်။ မှတ်မှတ်ရရ သင်္ကြန် တွင်းက ဖြစ်စဉ်လေးတစ်ခုကို ပြောပြချင်သည်။ ကျွန်မတို့ မြန်မာ့အသံရေဒီယို အစီအစဉ်တွင် သတင်းစာမိတ်ဆက်အစီအစဉ်ရှိသည်။ ထိုအစီအစဉ်သည် သတင်းစာမဖတ်ရှုရသေးသောသူများ သတင်းသိပိုင်ခွင့်ပိုမိုရရှိစေရန် ရည်ရွယ် ချက်နှင့် နေ့စဉ် မနက် ၈ နာရီခွဲတိုင်း ဂျာနယ်တိုက်၊ သတင်းစာအသီးသီးမှ တာဝန်ခံများ၏အသံများနှင့် မိမိတို့ တိုက်ပိုင်သတင်းများကို ကိုယ်တိုင်တင်ပြပေး ခွင့်ရသော အစီအစဉ်ဖြစ်သည်။

ဧပြီ ၁၇ ရက် နှစ်ဆန်း ၁ ရက်နေ့မှာ ဂျာနယ်တိုက်တော်တော်များများ ပိတ်သည်။ ဒါကြောင့် ထိုနေ့မှာဖွင့်သည့် ကြေးမုံသတင်းစာတိုက်ကပင် သတင်း တချို့ရသည်။ သတင်းနည်းနေတာနှင့် ကျွန်မတို့ သတင်းတင်ဆက်သူတွေက အဲဒီနေ့မှာထုတ်သည့် ကြေးမုံသတင်းစာထဲက သတင်းနှစ်ပုဒ် ထပ်ရွေးပြီး သောတရှင်တွေကို တင်ပြပေးရသည်။ မှတ်မှတ်ရရ တင်ပြပေးမိသည့် သတင်း နှစ်ပုဒ်ထဲတွင် မုံရွာကြက်မွေးမြူရေးဇုန်မှာ ကြက်ငှက်တုပ်ကွေးရောဂါ ရှိ၊ မရှိ သက်ဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည့် သတင်းပါသည်။

အစီအစဉ်တင်ဆက်သူဖြစ်သည့် ကျွန်မစိတ်ထဲမှာ ထိုသတင်းကို တင်ဆက်ပေးပြီးသည့်အချိန်မှာ စိတ်ထဲအတွေးတစ်ခု ဝင်လာသည်။ မုံရွာကြက် မွေးမြူရေးဇုန်မှာ ကြက်ငှက်တုပ်ကွေးရောဂါ တကယ်ပြန်ဖြစ်နေပြီလား။ အခြေအနေဆိုးနေပြီလား။ အခုသတင်းက ရောဂါဖြစ်တယ်လို့လည်း မရေး။ ကွင်းဆင်းဆောင်ရွက်တယ်ဆိုတာလောက်ပဲ ပါသည်။

ထိုရက်များအတွင်းက သင်္ကြန်တွင်းဆိုတော့ ပြန်သူပြန်၊ နားသူနားနှင့်မို့ ရုံးတွင် တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းက သိပ်မရှိလှ။ ထိုအကြောင်းကို လည်း တခြားမီဒီယာတွေမှာ သတင်းတက်တာ သိပ်မတွေ့။ သင်္ကြန်တွင်း ဆိုတော့ သင်္ကြန်ပွဲတော်များအကြောင်းနှင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် က ထိခိုက်ဒဏ်ရာရရှိမှုသတင်းတွေ အချိန်မီတင်နိုင်ဖို့ ဖုန်းနှင့် အင်တာဗျူးများ လှမ်းလုပ်နေရသည်နှင့် မအား။

ဧပြီ ၁၈ ရက်ထုတ် ကြေးမုံသတင်းစာကို ဖတ်မိလိုက်သည်။ မုံရွာကြက် မွေးမြူရေးဇုန်မှာ H9N2 ရောဂါပိုးသစ်တွေ့ ဆိုတဲ့ခေါင်းစဉ်နဲ့ သတင်းတွေ့တော့ လူက ခေါင်းထောင်သွားသည်။ ထိုသတင်းဖတ်ပြီး မုံရွာက ခရိုင်တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဌာနနှင့် မုံရွာပြည်သူ့ဆေးရုံကို မေးမှဖြစ်တော့မည်ဟု တွေးပြီး ဖုန်းနံပါတ်တွေ စုံစမ်းသည်။ မုံရွာပြည်သူ့ဆေးရုံဖုန်းနံပါတ်က လွယ်လွယ်ကူကူရပေမယ့် မုံရွာခရိုင်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဖုန်းနံပါတ်ကမရသေးတော့ လိုက်စုံစမ်းသည်။ ရုံးပိတ်ရက်တွေမို့ အဆင်မပြေ။

ဧပြီ ၁၉ ရက် ရောက်လာသည်။ ကြေးမုံသတင်းစာကို ဖွင့်ဖတ်လိုက်သည်။ မုံရွာကြက်မွေးမြူရေးဇုန်မှာတွေ့သည့် H9N2 သည် H5N1လိုအပြင်းစား ရောဂါပိုးမဟုတ်ပါ ဆိုသည့်သတင်းတစ်ပုဒ်ကို သတင်းစာဖတ်ဖတ်ချင်းမှာ တွေ့လိုက်ရသည်။ သတင်းအစအဆုံးဖတ်လိုက်သည်။ မနေ့က သတင်းစာထဲမှာ ပါရှိတဲ့ သတင်းပေါ် အခြေခံပြီး ပြန်လည်ဖြေရှင်းရေးသားထားသည့် သတင်း ဖြစ်သည်။

မြန်လိုက်သည့်သတင်းဖော်ပြမှု။ အရင်ကဆို ဒီလောက်မမြန်ဟု သတင်းစာ ဖတ်ပရိသတ်တစ်ဦးအမြင်နှင့်တွေးမိသည်။ ဒါ့အပြင် သွက်လက်မြန်ဆန်လာသည့် သတင်းဖော်ပြမှုက အချိန်နှင့်တစ်ပြေးညီဖြစ်လာသည်ဟု သတင်းထောက်တစ်ဦး အနေဖြင့် မှတ်ချက်ပြုမိသည်။

ကောင်းပါသည်။ သတင်းတစ်ခုကို ပြည်သူတွေထင်ယောင်ထင်မှား မဖြစ်ခင် အချိန်နှင့်တစ်ပြေးညီ သတင်းမှန်ကို တင်ပြပေးနိုင်သည်။ ကြက်ငှက် တုပ်ကွေးရောဂါ တကယ်ဖြစ်နေပြီလား၊ အခြေအနေတော်တော်ဆိုးနေပြီလား ဆိုသည့် စိုးရိမ်ပူပန်မှုတွေလည်း အတော်အသင့်လျော့သွားသည်။

သတင်းတစ်ပုဒ်မှာ သတင်းမှန်ကန်ရေးက အရေးကြီးဆုံးဖြစ်သည်။ ပြောင်းလဲလာသည့်ခေတ်နဲ့အညီ သတင်းရေးသားမှု၊ သတင်းတင်ပြပုံတွေ ပြောင်းလဲရင်း ပြည်သူတွေဆီ မှန်ကန်တိကျသည့်သတင်း အချိန်နှင့်တစ်ပြေးညီ ရောက်ရှိဖို့ သတင်းမီဒီယာသမားများကြိုးစားရပေမည်။

ကျွန်မတို့ မြန်မာ့အသံရေဒီယိုသည်လည်း ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်ရွယ်ချက်များနှင့် သတင်းသိပိုင်ခွင့်ပိုမိုရရှိအောင် သတင်းအင်တာဗျူးအစီအစဉ်များကို နေ့စဉ်ထုတ်လွှင့်ပေးနေသည်။ ထို့အတူ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာသည်လည်း အရင်ကနှင့်မတူ ပြောင်းလဲထုတ်လွှင့်မှုကို အသိအမှတ်ပြုရင်း ပြည်သူကို တိကျမှန်ကန်သည့် သတင်းများ အချိန်နှင့်တစ်ပြေးညီတင်ပြနိုင်ကြဖို့ ဆက်လက်အားထုတ် ကြိုးစား ရပေဦးမည်။

သွားရမည့်ခရီးက ရှည်သည်။ ရှည်သော်လည်း ခေတ်နှင့်အညီ ပြောင်းလဲရင်း ပြည်သူချစ်သော၊ ပြည်သူအားကိုး အသိအမှတ်ပြုသော မီဒီယာဖြစ်အောင် ရေကုန်ရေခန်း ကြိုးစားလျှော်ခတ်ရင်း အလုပ်အကျွေးပြုရပေမည်။

အပြောင်းအလဲကာလမှာ ပြည်သူအတွက် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုသည့်သတင်းမျိုး တင်ဆက်နိုင်အောင်ကြိုးစားရမည်။ ပြည်သူကို အသိပညာပေးနိုင်ရမည်။ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်ရမည်။ ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်ရမည်။ ပြည်သူ့အစိုးရ၏၊ ပြည်သူ့၏ သတင်းဌာနများသည် ပြည်သူကိုမျက်နှာမူပြီး ပြည်သူ၏အကျိုးကျေးဇူးကို ရှေးရှုလုပ်ဆောင်ကြ ရပေမည်။ မီဒီယာသည် ပြည်သူ့အကျိုးအတွက်ပင် ဖြစ်စေရပေမည်။

# မုံရွာမြို့တွင် ရေနွေးငွေ့ဘွိုင်လာအိုး အပူလွန်ကဲရာမှ ပေါက်ကွဲ၍ လူတစ်ဦးသေဆုံး

**မုံရွာ မေ ၂၀**

ရေနွေးငွေ့ဘွိုင်လာစနစ်ဖြင့် ထမင်းပေါင်းနေစဉ် ရေနွေးငွေ့ဘွိုင်လာအိုးအပူလွန်ကဲပြီး ပေါက်ကွဲ၍ လူတစ်ဦး နေရာတွင်ပင် သေဆုံးခဲ့မှု မေ ၂၀ ရက် နံနက် ၉ နာရီက မုံရွာမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ရုံးကြီးရပ်ကွက် အားကစားတိုက်တန်း အခန်းအမှတ်(၄၁/၄၂) ရှင်းစိမ်း ရှမ်းထမင်းဆိုင်တွင် ဖြစ်ပွားခဲ့သည်။

ယင်းရှမ်းထမင်းဆိုင်ပိုင်ရှင် ဦးသိန်းနိုင်သည် ဆိုင်၏ နောက်ဘက်ကပ်လျက်နှင့် ပြည်သူ့အားကစားကွင်း ကာယလေ့ကျင့်ခန်း ခန်းမကြား ထင်းမီးအသုံးပြု၍ ရေနွေးငွေ့ ဘွိုင်လာစနစ်ဖြင့် ထမင်းပေါင်းနေစဉ် အမြင့် ၅ ပေ ရေ ၁၅ ဂါလန်ဆံ့ ရေနွေးငွေ့ဘွိုင်လာအိုးမှာ အပူလွန်ကဲပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေနွေးငွေ့ဘွိုင်လာအိုး တစ်စစီကွဲထွက်လွင့်စင်ပြီး ကာယလေ့ကျင့်ခန်းနံရံသံဆန်ခါများ တွန့်လိမ်ချိုင့်ဝင်ကာ ဆိုင်ပိုင်ရှင် ဦးသိန်းနိုင်မှာ ဦးခေါင်းပွင့်၊ ဗိုက်ပွင့်ကာ ယာလက်ကျိုးဒဏ်ရာများရရှိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

"ဂက်စ်အိုးပေါက်ကွဲတာမဟုတ်ပါဘူး။ ထမင်းချက်ရာမှာအသုံးပြုတဲ့ ရေနွေးငွေ့ဘွိုင်လာအိုးက ရေနွေးငွေ့ဖိအားများပြီး မနိုင်ရာက ပေါက်ကွဲသွားတာပါ။ ဆိုင်ရှင်သေဆုံးပြီး အားကစားကွင်းအလေးမရုံက ဝိတ်မနေတဲ့သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိပါတယ်။ ပြင်းအားက တော်တော်ပြင်းပါတယ်။ အားကစားရုံကမှန်ပြတင်းတွေ ပြုတ်ထွက်သွားပြီး အနားမှာရှိတဲ့ခွေးတစ်ကောင်လည်း သေဆုံးပါတယ်" ဟု မုံရွာမြို့မရဲစခန်းမှူး ဒုရဲမှူးပြုံးလွင်က ပြောသည်။

အားကစားကွင်းအတွင်း အလေးမရုံတွင် လေ့ကျင့်ခန်း ပြုလုပ်နေသူ မင်းထင်သန့်မှာ အားကစားရုံတွင် ကာရံထားသော မှန်ပြတင်းများမှ မှန်ကွဲများထိမှန်ပြီး နှာခေါင်း၊ လက်နှင့် ခန္ဓာကိုယ်တို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်းသိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မုံရွာမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**






**❂ နိုင်ငံတကာမှ**

မန္တလေးမြို့မှာ ပထမဆုံးအကြိမ်ကျင်းပတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း အခုလိုပွဲမျိုး ဆက်လက်ကျင်းပဖို့ စီစဉ်သွားမှာပါ။ နယ်ကနေလာရောက်ယှဉ်ပြိုင်မယ့် ပြိုင်ပွဲဝင်အသင်းတွေအတွက် တည်းခိုနေထိုင်ရေးကိစ္စရပ်တွေကို စီစဉ်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် ကောင်းဆုအောင်ကုမ္ပဏီလီမိတက်မှ ဦးဝေယံအောင်က ပြောသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအနေဖြင့် ဝင်ကြေးပေးစရာမလိုဘဲ လျှောက်လွှာများကို ဗထူးအားကစားကွင်း၌ အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို မေ ၂၃ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကာ မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဗထူးအားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ မဲနှိုက်ရွေးချယ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲအလွတ်တန်းအတွက် ပထမဆုငွေကျပ်သိန်း ၂၀၊ ဒုတိယဆုငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် အသက်(၂၀)နှစ်အောက်ပြိုင်ပွဲအတွက် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဘတ်စကက်ဘော အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ တက္ကသိုလ်နှင့်အခြေခံပညာ ကျောင်းများမှ အားကစားသမားများ၊ ကလပ်အသင်းများနှင့် ဌာနဆိုင်ရာအသင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**

## မိတ္တူကူးစက်နှင့် အောက်ဆီဂျင်အိုးများ လှူဒါန်း

**ရန်ကုန် မေ ၂၀**

အင်းစိန်မြို့နယ် ကန္တားအလယ်ရပ်ကွက် လှိုင်မြစ်လမ်းနေ ဒေါ်တင်အေးမော်မိသားစု (မြတ်မိသားစု၊ ယာဉ်၊ စက်အပိုပစ္စည်းရောင်းဝယ်ရေး)နှင့် ဦးသက်စိုး-ဒေါ်အိအိမြတ် (Auto Family Trading Co.,Ltd.) မိသားစုတို့က ကွယ်လွန်သူ ဦးမြတ်ဆွေ(ခ)ဦးအားဟန်အားရည်စူး၍ အောက်ဆီဂျင်အိုးငါးလုံး၊ အောက်ဆီဂျင်အိုး ဆက်စပ်ပစ္စည်းများ(တန်ဖိုးကျပ်လေးသိန်း)နှင့် MF-215 မိတ္တူကူးစက်တစ်လုံး၊ A4 စက္ကူပုံးသုံးပုံး၊ Legal စက္ကူ ၅၀၀ ပါအထုပ် ၁၀ ထုပ် တို့ကို မေ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်း(အင်းစိန်) အသင်းရုံးခန်း၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

(၆၈၄)

## ဟားခါးမြို့ရှိ မီးဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

**ဟားခါး မေ ၂၀**

ဟားခါးမြို့၌ မေ ၁၉ ရက်က ဖြစ်ပွားခဲ့သောမီးလောင်မှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးသည့် အိမ်ထောင်စုနှစ်စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့မှလှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများကို ချင်းပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၉ နာရီတွင် အဆိုပါမီးလောင်ပြင်နေရာ၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါပေးအပ်ပွဲတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ချင်းပြည်နယ် ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး (ဒုတိယတန်း) ဒေါ်ခိုင်ခိုင်လှ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ဒု-တပ်ရင်းမှူးဦးသိန်းမောင်နှင့် တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့လှူဒါန်းပြီး မီးလောင်ပြင်နေရာ၌ ပြန့်ကျဲနေသည့်အမှိုက်များ ဖယ်ရှား ရှင်းလင်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**( ဟားခါးခရိုင်ပြန်/ဆက်)**






## ခမောက်ကြီးမြို့နယ်အတွင်း ရေလိုအပ်သောနေရာများသို့ သောက်သုံးရေများဖြန့်ဝေ

**ခမောက်ကြီး မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများသည် အယ်နီညိုရာသီဥတုကြောင့် ရပ်ကွက်အတွင်းရှိရေတွင်းများ ရေထွက်နည်းလာခြင်း၊ ချောင်း၊ မြောင်းများတွင် ရေနည်းပါးလာခြင်းတို့ကြောင့် သောက်သုံးရေ မလုံလောက်မှုနှင့် ကြုံတွေ့နေရသည်။

ထို့ကြောင့် ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်မှုရှိစေရန် ရည်ရွယ်လျက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါနေရာများသို့ မီးသတ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြည့်ဆည်းပေးခြင်းကို မေ ၁၈ ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပုပ္ပားတောင်မကြီး တောမီးလောင်ရာမှ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံအား မီးကူးစက်

**ကျောက်ပန်းတောင်း မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးတွင် မေ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်မှစတင်၍ တောင်မကြီးထိပ်ရှိ MRTV ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ၏ မြောက်ဘက်လျှိုအတွင်း စိန်နပန်ခြုံများမှနေ၍ တောမီးစတင်လောင်ကျွမ်းခဲ့ရာ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးမှာ စက်ရုံအဆောက်အအုံရှိရာသို့ တစ်မဟုတ်ချင်းရောက်ရှိလာပြီး ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ထပ်ဆင့်လွှင့်စက်ရုံအဆောက်အအုံအား မီးကူးစက်ခဲ့ကြောင်း သိရသည်။





အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် MRTVရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၁၀ ပေ x ၂၅ ပေ နံကပ်သွပ်မိုးအဆောက်အအုံတစ်လုံး၊ 60KVA မီးစက်ကြီး တစ်လုံး၊ Outdoor Unit နှစ်လုံးနှင့် 12V ဘက်ထရီများ မီးလောင်ဆုံးရှုံးခဲ့ပြီး အဆောက်အအုံတွင် တပ်ဆင်ထားသည့် လေအေးပေးစက်များ အရည်ပျော် ပျက်စီးခဲ့ကြောင်း သိရသည်။**(ပုံ)**

တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်စဉ်ဖြစ်ပွားရာသို့ စက်ရုံတာဝန်ရှိသူများ ဝန်ထမ်းများသွားရောက်ငြိမ်းသတ်ခဲ့ကြပြီး စက်ရုံလောင်ကျွမ်းမှုအခြေအနေအား ည ၈ နာရီ ၁၅ မိနစ်တွင် ထိန်းနိုင်ခဲ့ကြောင်းနှင့် စက်ပစ္စည်းများအား ဘေးကင်းရာသို့ ဆက်လက်ရွှေ့ပြောင်းလျက်ရှိကြောင်း သိရသည်။ တောမီးမှာ တောင်အောက်သို့ ဆက်လက်ရွေ့လျားလောင်ကျွမ်းသွားပြီး မီးလောင်ဧကစုစုပေါင်း ၄၀ ဧကခန့် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## အပူချိန်မြင့်၍ ဥအထွက်နည်းသဖြင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများ အခက်တွေ့

**သထုံ မေ ၂၀**

အယ်နီညိုရာသီဥတု၏ အပူချိန်မြင့်တက်နေမှုများကြောင့် မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဥစားကြက်မွေးမြူရေးကြက်ခြံများတွင် ကြက်ဥထွက်နှုန်းကျသဖြင့် ဥဈေးနှုန်းများမြင့်တက်နေသော်လည်း အကျိုးဖြစ်ထွန်းမှုနည်းပါးကြောင်း ဥစားကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

“သင်္ကြန်မတိုင်ခင်ကစပြီး ဥဈေးကတော့တက်လာနေပေမယ့် အပူချိန်ပြင်းတော့ ဥထွက်နှုန်းကကျတယ်။ နောက်ပြီး အပူဒဏ်က ခါတိုင်းနှစ်တွေနဲ့ မတူဘူးလေ။ ကြက်တွေမသေအောင် ဆေးထိုး၊ ဆေးတိုက်တာတွေလုပ်ပြီး ဂရုစိုက်နေရတော့ ကုန်ကျစရိတ်က မြင့်လာတယ်။ ရေအခက်အခဲကလည်း ရှိသေးတယ်။ ဒါကြောင့် ဥဈေးတက်လည်း ကိုယ့်အတွက်သိပ်မကျန်ဘူး” ဟု ဥစားကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုဖြိုးက ပြောသည်။

ဥစားကြက်များမှာ သာမန်အပူချိန်တွင် ကြက်အကောင် တစ်ထောင်လျှင် ဥအလုံး ၈၀၀ ခန့်ထွက်ရှိပြီး ရာသီဥတုအေးပါက ဥအလုံး ၉၀၀ ခန့် ထွက်ရှိကြောင်း၊ ယခုနှစ်တွင် အပူချိန်ပိုမိုပြင်းထန်သဖြင့် ကြက်အကောင်တစ်ထောင်လျှင် ဥအလုံးရေ ၆၈၀ ဝန်းကျင်ခန့်သာထွက်ရှိကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သည့်နှစ်ထိ အပူချိန်မြင့်မားခြင်း သိပ်မရှိသဖြင့် အကျိုးအမြတ်အထိုက်အလျောက်ရရှိခဲ့သော်လည်း ယခုနှစ်တွင် အပူချိန်ပြင်းထန်သဖြင့် ကြက်များ အစာစားနှုန်းကျဆင်းကာ ဥထွက်နှုန်းပါကျသဖြင့် အကျိုးအမြတ် နည်းပါးကြောင်း၊ ဧပြီလမတိုင်ခင်ထိ ဖောက်သည်ပေးဈေး ကြက်ဥအသေး တစ်လုံးလျှင် ကျပ် ၉၀၊ အကြီးတစ်လုံးလျှင် ကျပ် ၁၀၀ ရရှိခဲ့ပြီး ဧပြီလအတွင်း သင်္ကြန်မတိုင်ခင်မှ ယနေ့အချိန်အထိ ဖောက်သည်ပေးဈေး ကြက်ဥအသေး တစ်လုံးလျှင် ကျပ် ၁၀၀၊ အကြီးတစ်လုံးလျှင် ကျပ် ၁၂၀ အထိ ဈေးရရှိကြောင်း သထုံရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။ **သက်ဦး(သထုံ)**

## သောက်သုံးရေရှားပါးပြတ်လပ်နေသော ပြည်သူများအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၀**

ယခုနှစ်နွေရာသီတွင် အယ်လ်နီညိုနှင့်ဆက်စပ်၍ သောက်သုံးရေရှားပါးပြတ်လပ်နေမှုများ နိုင်ငံတစ်ဝန်းဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြည်သူများရေရရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မေ ၁၉ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ပြည်နယ်ဦးစီးမှူးရုံးများမှအရာထမ်း၊အမှုထမ်းများသည် ပြည်သူများထံသို့အရောက် သောက်သုံးရေများ ဆက်လက်ဖြန့်ဝေလျက်ရှိရာ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် သာစည်ကျေးရွာသို့ သောက်ရေသန့် ဂါလန် ၁၀၀၀ ကိုလည်းကောင်း၊ နေပြည်တော် လယ်ဝေးမြို့နယ် ကနစိုးကျေးရွာသို့ ရေဂါလန် ၁၅၀၀၊ ရွာမကျေးရွာသို့ ရေဂါလန်၁၅၀၀၊ ရွာသစ်ကျေးရွာသို့ရေဂါလန် ၁၅၀၀ ကိုလည်းကောင်း။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပျားမွတ်ကျေးရွာသို့ ရေဂါလန် ၁၈၀၀၊ ဘို့ဒင်ကျေးရွာသို့ ရေဂါလန် ၁၈၀၀ နှင့် နှစ်ခွကျေးရွာတွင် ရေကန်ပြုလုပ်ရန်အတွက် ဆော်ဒီမိုးကာစ(၆×၈)ကိုက် လေးစကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တောင်ပေါက်ကျေးရွာ၊ တတန်ကူးကျေးရွာ၊ ကျောက်ဖျာကျေးရွာ၊ စာရေးချောင်းကျေးရွာနှင့် ငပုတောမြို့နယ် မဏ္ဍပ်ကျေးရွာများသို့ ရေဂါလန် ၂၀၀၀ ကိုလည်းကောင်း။

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် အမှတ်(၁)ရပ်ကွက် ယန်ခမ်းအထက်အခါ ရွာသို့ ရေဂါလန် ၁၈၀၀၊ ကလောမြို့နယ် လက်မောင်းကွေးကျေးရွာသို့ ရေဂါလန် ၇၇၀၊ ကမ်းပါးနီကျေးရွာသို့ ရေဂါလန် ၃၅၀၊ သရက်ပုကျေးရွာသို့ ရေဂါလံ(၃၅၀)ကိုလည်းကောင်း။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကံပုံကြီးနားကျေးရွာသို့ ရေဂါလန် ၂၄၀၀ တို့ကိုလည်းကောင်း ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ရေလိုအပ်သောနေရာများသို့ နေ့စဉ် ဆက်လက်ဖြန့်ဖြူး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ကရသူရီမြို့နယ်ခွဲ နံရံကပ်စာပေရေချမ်းစင်များတွင် စာအုပ်၊ စာစဉ်အသစ်များ ဖြည့်ဆည်း

**ကရသူရီ မေ ၂၀**

ကော့သောင်းခရိုင် ကရသူရီမြို့နယ်ခွဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများသည် မေ ၁၈ ရက်က မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာများရှိ အများပြည်သူစည်ကားရာနေရာများတွင် ချိတ်ဆွဲခင်းကျင်းထားသည့် နံရံကပ်စာပေရေချမ်းစင်များတွင် စာအုပ်၊ စာစဉ်အသစ်များ ဖြည့်ဆည်း ဆောင်ရွက်ခြင်းလုပ်ငန်းအား လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းတွင် ပြန်/ဆက်ဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အသွင်ဖြင့် စာပေဖတ်ရှုခြင်းအလေ့အထများ တိုးပွားလာစေရန် ရည်ရွယ်၍ အများပြည်သူစည်ကားရာနေရာများဖြစ်သည့် ကားဂိတ်၊ ရေဆိပ်၊ အစိုးရရုံးဌာနများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ချိတ်ဆွဲခင်းကျင်းပေးထားသည့် နေရာ ၁၂ ခုသို့ ဦးစီးဌာနမှထုတ်ဝေသည့် ဘာသာရပ် ၁၂ မျိုးပါ စာအုပ်၊ စာစဉ်အသစ်များ ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကရသူရီ(ပြန်/ဆက်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၁ - ၄ -၂၀၁၆ (ကြာသပတေးနေ့)]

### MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+ဇဂ္ဂသုတ်
၅:၄၀ "ဘယ်အချိန်အရေးကြီးဆုံးလဲ" တရားတော် (အပိုင်း-၂) (ဆရာတော်ဘဒ္ဒန္တ တေဇောသာရ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၈)
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Schwarzkopf Professional Made to Create Collection Spring Summer 2016)
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၆)
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၀ အနုပညာမိုးကောင်းကင်
၁၁:၁၅ Food & D'ecor
၁၁:၄၅ MRTV-4 Stage
၁၂:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၀)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၆)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၃၈)
၃:၃၅ ရန်ကုန်မြင်ကွင်းကျယ် [အ. လ. က(၄) ရန်ကင်း ၁၉၆၅-၁၉၉၅ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ]
၃:၅၀ Cartoon Series (Go Go Giggles)
၅:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Bright Top-Star Educare Course Completion Ceremony)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၉)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၇)
၈:၁၀ ရသစုံညွှန်းတမ်းများ
၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၇)
၉:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၁)
၉:၄၅ အနုပညာမိုးကောင်းကင်
၁၀:၀၀ MRTV-4 Stage
၁၀:၂၅ World of Knowledge (Inside Combat Rescue In The Crossfire)

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ "ကမ္ဘာ့အကြီးဆုံးစာအုပ်"
၈:၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
၉:၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၉:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀:၃၅ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
၁၁:၃၅ အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း (အလင်္ကာကျော်စွာမြို့မငြိမ်းတေးသီချင်းများ) (ဝင်းဦးသီဆိုသည်)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၃)
၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၃)
၂:၀၀ သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေမြန်မာဟားညီအစ်ကို အငြိမ့်"
၂:၄၅ "လှေကားသုံးထစ်ဆင်းတဲ့အခါ"
၃:၃၅ "အပူပိုင်းဒေသ၏ရတနာ"
၄:၁၅ "ဘောလုံးအားကစားနည်း၏ အခြေခံနည်းစနစ်များ" (နောက်တန်းကစားသမား) (ပထမပိုင်း)
၄:၃၅ Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၅:၁၅ Weekly Sport Info
၅:၃၅ ပြည်သူတို့ရဲ့စကားသံများ
၅:၅၀ "အနုပညာရှင်များစုစည်းရာ ရုပ်ဝန်းတစ်ခု"
၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၄)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၄) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်

### mitv

07:25 SHWE SETTAW (Minbu)
07:43 The Art of Making Glaze Ware
08:26 Horse Cart Driver
08:37 A May Yay Yin Nat Festival ( Ep- I )
08:53 Black Gold ( P - II )
09:25 "Myanmar's Traditions and Culture" Myanmar Pottery
09:49 Sagaing: Youth Leader
10:25 A Worth Studying Site For Ancient Myanmar Heritages
10:44 History Of Mrauk U Pagoda
07:26 Travelogue "Chaung Tha at its peak period"
07:41 Myanmar Weaving
07:54 A Girl Guide
08:27 Mosaic Painting (Precious Stones & Gems)
08:42 Goldsmith
08:47 A Simple And Peaceful Life

## ပါဝါရိန်းဂျားရုပ်ရှင်သစ်မှာ စုန်းမတစ်ဦးအဖြစ် ပါဝင်ထားတဲ့ အဲလိဇဘတ်ဘန့်စ်



ပါဝါရိန်းဂျားရုပ်ရှင်တွေကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားတဲ့ရုပ်ရှင်အတွက် ဓာတ်ပုံတွေကိုထုတ်လွှင့်ပြသခဲ့ရာမှာ ဧပြီ ၁၉ ရက်က အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ပြသခဲ့တဲ့ဓာတ်ပုံမှာ မင်းသမီး အဲလိဇဘတ်ဘန့်စ်ကို စုန်းမတစ်ဦးရဲ့အသွင်နဲ့ တွေ့မြင်ခဲ့ရပါတယ်။

အဆိုပါရုပ်ရှင်မှာ ဘန့်စ်ဟာ တခြားဂြိုဟ်ကနေရောက်ရှိလာတဲ့ စုန်းမ တစ်ဦးဖြစ်တဲ့ ရီတာရက်ပူစာအဖြစ် ပါဝင်သရုပ်ဆောင်ထားကာ ရက်ပူစာဟာ သူ့ရဲ့ အတတ်ပညာတွေကိုအသုံးချပြီး ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်သွားလိုတဲ့ ရည်ရွယ်ချက်နဲ့ ကမ္ဘာပေါ်ကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ထုတ်ဖော်ပြသခဲ့တဲ့ဓာတ်ပုံအရ ဘန့်စ်ဟာ အစိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး သူ့ရဲ့ လည်ပင်းမှာ ကြိုးတစ်ချောင်းကို အထပ်ထပ်ပတ်ထားကာ ရွှေရောင်လက်သည်းတွေနဲ့ စုန်းမတစ်ဦးအသွင် ပုံဖော်ထားတာကို တွေ့ရပါတယ်။

အခုလိုအဝတ်အစားအပြင်အဆင်နဲ့ပတ်သက်ပြီး ဘန့်စ်က "ဒါဟာ တကယ့်ကိုခေတ်မီတဲ့ မူရင်းရီတာရက်ပူစာကို ပြန်လည်ပုံဖော်ထားတဲ့ အသွင်အပြင်ပဲ ဖြစ်ပါတယ်"လို့ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ဘန့်စ်က ယခုလို ဗီလိန်တစ်ဦးနေရာကနေ ပါဝင်သရုပ်ဆောင်ခဲ့တာဟာ သူ့အတွက် ပထမဦးဆုံးအကြိမ်ဖြစ်တယ်လို့လည်း ပီးပဲလ်မဂ္ဂဇင်းကို ပြောကြားခဲ့ပါတယ်။

ထူးခြားတဲ့အစွမ်းတွေကို ပိုင်ဆိုင်ထားတဲ့ အထက်တန်းကျောင်းသားကျောင်းသူတစ်စုက သူတို့ရဲ့စွမ်းအားတွေကို ပေါင်းစည်းအသုံးချကာ ကမ္ဘာကြီးကို ကယ်တင်နိုင်ဖို့အတွက် ကြိုးပမ်းကြပုံတွေကို ပုံဖော်တင်ဆက်ထားတဲ့ ယင်းရုပ်ရှင်ကို ဒါရိုက်တာ ဒင်းအစ်စရေးလိုက်က တာဝန်ယူရိုက်ကူးပေးထားကာ လာမယ့် ၂၀၁၇ ခုနှစ် မတ် ၂၄ ရက်အမီ ထုတ်လွှင့်ပြသနိုင်ရန်စီစဉ်ထားပါတယ်။ ယခုရိုက်ကူးလျက်ရှိတဲ့ရုပ်ရှင်မှာ ရောင်စုံပါဝါရိန်းဂျားတွေအဖြစ် ပါဝင်ထားတဲ့ သရုပ်ဆောင်တွေကတော့ ဒေကာမောင့်ဂိုမာရီ၊ နာအိုမီစကော့ထ်၊ ဘတ်ခ်ကီဂျီ၊ လူဒီလင်းနဲ့ အာဂျေဆိုင်လာတို့ပဲဖြစ်ကြကြောင်း အေ့စ်ရှူးဘစ်ဇ် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

**အေးပြည့်- ရေးသားသည်**

## ကောလာဟလတွေအကြားက ဗစ်တိုးရီးယား



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "f(x)"မှာ ပါဝင်တဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တရုတ် အဆိုတော် ဗစ်တိုးရီးယားရဲ့ အချစ်ရေးနဲ့ပတ်သက်တဲ့ ကောလာဟလတွေဟာ ယခုလအတွင်း မီဒီယာတွေအကြား ဆက်တိုက်ပေါ်ထွက်လာခဲ့ပါတယ်။ အချို့သောမီဒီယာတွေက ဗစ်တိုးရီးယားဟာ တရုတ်မင်းသားယန်းယန်းနဲ့ ချစ်သူတွေ ဖြစ်နေကြတယ်လို့ ဖော်ပြခဲ့ကြပြီး အချို့ကတော့ ဗစ်တိုးရီးယားဟာ သူ့ရဲ့မန်နေဂျာနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြပါတယ်။

အဆိုပါကောလာဟလတွေနဲ့ ပတ်သက်ပြီး မဟုတ်မှန်ကြောင်း ဗစ်တိုးရီးယားရဲ့ပြောရေးဆိုခွင့်ရှိသူက ဧပြီ ၁၉ ရက်မှာ တရားဝင်တုံ့ပြန်ပြောဆိုလိုက်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဗစ်တိုးရီးယားရဲ့ ပြောရေးဆိုခွင့်ရှိသူက "ကျွန်တော်တို့အနေနဲ့ အခုလို တရားဝင် ထုတ်ဖော်ကြေညာခဲ့ရတာက နောက်ဆက်ဖြစ်ပေါ်လာမယ့် ကောလာဟလတွေကြောင့် ဗစ်တိုးရီးယားရဲ့ ပုံရိပ်၊ ကိုယ်ကျင့်သိက္ခာနဲ့ ပုဂ္ဂိုလ်ရေးတွေကို မထိခိုက်စေဖို့ပဲ ဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

မကြာသေးမီက တရုတ်နိုင်ငံရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခု ဖြစ်တဲ့ဝီဘိုပေါ်မှာ ဗစ်တိုးရီးယားနဲ့ သူ့ရဲ့မန်နေဂျာတို့ချစ်သူတွေ ဖြစ်နေကြပြီဆိုတဲ့ ကောလာဟလဟာ ပျံ့နှံ့လာခဲ့ပါတယ်။ အဲဒီလိုသတင်းတွေ ထွက်ခဲ့ပြီးတဲ့နောက် ဗစ်တိုးရီးယားဟာ ယင်းလူမှုကွန်ရက်မီဒီယာပေါ်မှာ မှတ်ချက်ပြုခံရတာတွေ အများအပြားရှိခဲ့ပြီး ဝေဖန်မှုတွေကိုလည်း ဆက်တိုက်ခံခဲ့ရပါတယ်။ အဆိုပါအဖြစ်အပျက်တွေကြောင့် ဗစ်တိုးရီးယားရဲ့ ဂုဏ်သိက္ခာထိခိုက်ခဲ့ရပြီး သူ့အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေပါ ဖြစ်စေခဲ့တဲ့အပြင် အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ အနုပညာလုပ်ငန်းတွေအပေါ်ပါ အကျိုးသက်ရောက်မှုတွေရှိခဲ့တယ်လို့ သိရပါတယ်။

အဆိုပါကောလာဟလတွေဟာ အထောက်အထားတစ်စုံတစ်ရာ ခိုင်ခိုင်လုံလုံမရှိဘဲ စွပ်စွဲချက်သက်သက်သာဖြစ်တာကြောင့် ယင်းကောလာဟလတွေကို မယုံကြဖို့နဲ့ ဆက်လက်မျှဝေတာမျိုး၊ သတင်းဖြန့်တာမျိုးတွေမလုပ်ကြဖို့ ဗစ်တိုးရီးယားဘက်က ပရိသတ်တွေကို တောင်းဆိုလိုက်ကြောင်းလည်း သိရပါတယ်။

ဗစ်တိုးရီးယားဟာ တရုတ်နိုင်ငံမှာ အလွန်ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦးဖြစ်ပြီး ဝီဘိုစာမျက်နှာပေါ်မှာ သူ့ကို ဖောလိုးလုပ်သူ သန်း၂၀ ကျော်ရှိကာ တရုတ်နိုင်ငံရဲ့ စတုတ္ထမြောက် ဖောလိုးလုပ်သူအများဆုံးအနုပညာရှင်အဖြစ် ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဧပြီလအတွင်းက သတ်မှတ်ခံခဲ့ရသူလည်း ဖြစ်ပါတယ်။

## ကြေးမုံ ရုပ်ရှင်အညွှန်း


### သင်္ကြန်ပွဲတော်အပြီးတွင် ပြသဆဲ "အချစ်စစ်"မြန်မာဇာတ်ကားနှင့် ဘောလိဝုဒ်အက်ရှင်ဇာတ်ကားသစ်တို့ကို ကြည့်ရှုခံစားနိုင်

ချမ်းသာတဲ့အသိုင်းအဝိုင်းကနေ မေတ္တာစစ်၊ မေတ္တာမှန်ဆိုတာ ဘာမှန်း မသိသူ တစ်ယောက်အတွက် မမျှော်လင့်ဘဲဝိညာဉ်ဘဝကို ခဏရောက်သွားတော့မှ မိမိယုံကြည်ရတဲ့သူငယ်ချင်း၊ မိတ်ဆွေ၊ စေ့စပ်ထားသူ စတဲ့သူတွေဟာ ကွယ်ရာမှာ ဂုဏ်တစ်ခုကြောင့် ခင်မင်တွယ်တာနေကြမှန်း သိလိုက်ရတဲ့ အခါ. . . . မေတ္တာအစစ်အမှန်ကိုဘယ်လို ရှာဖွေတွေ့ရှိခဲ့သလဲဆိုတာ. . .

ဒီဇာတ်ကားလေးကို ဒါရိုက်တာ သိန်းဟန်(ဖိုးနစ်)က ရိုက်ကူးပုံဖော်ထားပြီး နေတိုး၊ ရွှေမှုန်ရတီနဲ့ ဆုမြတ်နိုးဦးတို့က ခေါင်းဆောင်ကာ သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ထားကြပါတယ်။

သင်္ကြန်ပွဲတော်အပြီး ပြသဆဲမြန်မာဇာတ်ကားတွေထဲက ဆက်လက်ပြသလျက်ရှိတဲ့ တစ်ကားတည်းသော ဒီဇာတ်လမ်းလေးကို အကြည်တော်က ပုံဖော်အားဖြည့်ထားပြီး သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ တော့ရှိုင်ရယ်၊ မင်္ဂလာစံပြ၊ ဝင်းလိုက်၊ မြို့မနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် The Divergent Series ထဲက ဇာတ်ကားတစ်ကားဖြစ်တဲ့ Allegiant သိပ္ပံအက်ရှင်ဇာတ်ကား၊ ဘောလိဝုဒ်ငွေကြယ်ပွင့် ရှရွတ်ခမ် ခေါင်းဆောင်ပါဝင်ထားတဲ့ အိန္ဒိယသည်းထိတ်ရင်ဖိုဇာတ်ကား FAN ၊ ရှုခင်းတွေဝေဝေဆာဆာနဲ့ ပုံဖော်ထားတဲ့ တောတွင်းဇာတ်ကား The Jungle Book ၊ မှုခင်းအက်ရှင်ဇာတ်ကား London Has Fallen ၊ ဒဏ္ဍာရီအီဂျစ်နတ်ဘုရားတွေအကြောင်း ပုံဖော်ထားတဲ့ Gods of Egypt ဇာတ်ကားတွေကို သင်္ကြန်ပွဲတော်အပြီးတွင် ရုပ်ရှင်ချစ်ပရိသတ်ကြီး ဆက်လက်ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။ **(ဖြိုးစန္ဒာမြင့်)**



# ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ်အဖြစ်

## ဗီဒီယိုဒိုင်များ အသုံးပြုသွားမည်






ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တာဝန်ရှိသူများ၏ဆုံးဖြတ်ချက်များကို ထောက်ပံ့ပေးနိုင်မည့် ဗီဒီယိုဒိုင်များအား ပထမဦးဆုံးအကြိမ်အဖြစ် အသုံးပြုသွားရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့် မတ်လအတွင်း အပြည်ပြည်ဆိုင်ရာ ဘောလုံးဘုတ်အဖွဲ့ (IFAB)က သွင်းဂိုး၊ အနီကတ်ပြစ်ဒဏ်၊ ပင်နယ်တီနှင့် အခြားဆုံးဖြတ်ချက် မှားယွင်းမှုများနှင့် ပတ်သက်၍ ထောက်ပံ့ပေးနိုင်မည့် နည်းပညာသစ်တစ်ရပ်ကို နှစ်နှစ်အတွင်း အသုံးပြုနိုင်ရန် စမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း အတည်ပြုခဲ့သည်။ ယင်းနည်းပညာရပ်ကို ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် စတင်အသုံးပြုသွားမည်ဟု မူလက စီစဉ်ထားခဲ့သော်လည်း အင်ဖန်တီနိုကမူ ၂၀၁၈ ကမ္ဘာ့ဖလားတွင် သေချာပေါက်အသုံးပြုနိုင်ရန်အတွက် ယခုကတည်းကပင် စမ်းသပ်မှုများ အရှိန်မြှင့်လုပ်ဆောင်သွားရန် တိုက်တွန်းခဲ့ကြောင်း အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

အင်ဖန်တီနိုက "ကျွန်တော်တို့ ဒီနည်းပညာရပ်ကို အသုံးပြုနိုင်ဖို့ အဆင်ပြေမှာလား၊ အဆင်မပြေဘူးလားဆိုတာ ၂၀၁၈ မတ်လရောက်ရင် အတည်ပြုသွားမှာပါ။ ဒါပေမယ့် ရုရှားမှာကျင်းပမယ့် ကမ္ဘာ့ဖလားက ဒိုင်တွေကို ထောက်ကူပေးနိုင်တဲ့ ဗီဒီယိုဒိုင်တွေကို ပထမဦးဆုံး အသုံးပြုတဲ့ ပြိုင်ပွဲဖြစ်လာဖို့ ကျွန်တော် မျှော်လင့်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

စမ်းသပ်မှုများအရ ဗီဒီယိုထောက်ကူဒိုင်များသည် ပွဲချိန်အတွင်း အဖြစ်အပျက် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ပြန်လည်သုံးသပ်ချက်၊ တောင်းဆိုချက်များပြုလုပ်နိုင်သော ဗီဒီယိုမှတ်တမ်းများကို ဒိုင်လူကြီးများနှင့် အခြားအကူဒိုင်များသို့ ဆက်သွယ်သတင်းပေးနေမည်ဖြစ်သည်။ အင်ဖန်တီနိုသည် မကြာသေးမီက သွားရောက်ခဲ့သည့် ရုရှားခရီးစဉ်အတွင်း စီးပွားရေးအကျပ်အတည်းဆိုက်နေသည့် ရုရှားအစိုးရအနေဖြင့် ကမ္ဘာ့ဖလားအကြို ပြင်ဆင်မှုများအတွက် ဘဏ္ဍာရေးလျှော့ချသုံးစွဲမည်မဟုတ်ဟူသော အာမခံချက်တစ်ရပ်ကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)သည် မကြာမီကျင်းပတော့မည့် ယူရို-၂၀၁၆ ပြိုင်ပွဲတွင် ဂိုးလိုင်းနည်းပညာရပ်ကို အသုံးပြုရန် ဗြိတိန်နည်းပညာကုမ္ပဏီ Hawk Eye (သိမ်းငှက်မျက်လုံး)ကို ရွေးချယ်ခဲ့ကြောင်းလည်း သိရသည်။

**ရှိုင်ယန်ဟေဒင်**

# ရီးယဲလ်မက်ဒရစ် ယခုထိ မည်သည့်ဖလားမျှမရရှိသေးဟု ဇီဒန်းသတိပေး

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက ရီးယဲလ်မက်ဒရစ်မှာ ရလဒ်များ ဆက်တိုက်ကောင်းမွန်နေပြီး လာလီဂါချန်ပီယံမျှော်လင့်ချက်များ ရှင်သန်ခိုင်မာလာခဲ့သော်လည်း ယခုထိ မည်သည့်ဖလားတစ်လုံးကိုမျှ ရယူနိုင်ခြင်းမရှိသေးကြောင်း ရီးယဲလ်ကစားသမားများအား သတိပေးစကားဆိုခဲ့သည်။ လာလီဂါအမှတ်ပေးဇယား တတိယနေရာရှိ ရီးယဲလ်မက်ဒရစ်အသင်းသည် အဆင့်(၁)နှင့် (၂) နေရာတို့တွင် ရပ်တည်နေသည့် ဘာစီလိုနာနှင့် အက်သလက်တီကိုတို့နှင့် ရမှတ်တစ်မှတ်သာ ကွာဟတော့သော်လည်း အဆိုပါအသင်းနှစ်သင်းသာ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်လျက်ရှိပြီး ချန်ပီယံဖြစ်ရန် အကောင်းဆုံးအခွင့်အလမ်းကို ဆက်လက်ပိုင်ဆိုင်ထားဆဲဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ရီးယဲလ်မက်ဒရစ်အသင်းသည် အက်သလက်တီကိုအား တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ပြီးနောက် ရီးယဲလ်အနေဖြင့် ချန်ပီယံအိပ်မက် မက်ခွင့်ပျက်ပြယ်ခဲ့ပြီဟု ဇီဒန်းက ပြောကြားခဲ့သေးသော်လည်း ယင်းပွဲစဉ်နောက်ပိုင်း လာလီဂါခုနစ်ပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့သည်။ ဇီဒန်းက ဘာစီလိုနာနှင့် အက်သလက်တီကိုတို့ လာလီဂါချန်ပီယံဖြစ်နိုင်ကြသလို ရီးယဲလ်မက်ဒရစ်အသင်းသည်လည်း ၂၀၁၂ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် အမှတ်ပေးချန်ပီယံ ဆုဆွတ်ခူးရန် အခြေအနေရှိနေကြောင်း၊ ချန်ပီယံလိဂ်တွင် မန်စီးတီးအား ကျော်ဖြတ်ကာ ဗိုလ်လုပွဲတက်ရောက်ရန် အခွင့်အရေးကောင်းနေကြောင်း သုံးသပ်ခဲ့သော်လည်း အက်သလက်တီကိုနှင့် ဘိုင်ယန်မြူးနစ်တို့အနက်မှ မည်သည့်အသင်း ဗိုလ်လုပွဲတက်ရောက်မည်ဆိုသည့် မေးခွန်းကို ဖြေကြားရန်မူ ငြင်းဆန်ခဲ့သည်။

ရီးယဲလ်နောက်ခံလူ မာဆယ်လ်လိုကမူ လက်ကျန်ပွဲစဉ်များအားလုံးကို ဗိုလ်လုပွဲကဲ့သို့ သဘောထားကာ ရေကုန်ရေခန်း ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရီးယဲလ်အနေဖြင့် ဖလားလက်မဲ့ ရာသီအဖြစ်ခံမည်မဟုတ်ကြောင်း ရီးယဲလ်ပရိသတ်များအား အာမခံချက်ပေးခဲ့သည်။ သို့သော် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် လာလီဂါလက်ကျန်ပွဲစဉ်များတွင် ဗီလာရီးယဲလ်နှင့် ဗလင်စီယာတို့ကဲ့သို့ ခက်ခဲသည့် ပြိုင်ဘက်များအား ရင်ဆိုင်ရဦးမည်ဖြစ်သည်။

# နယူးကာဆယ်နှင့်ပွဲစဉ်တွင် အဂူရို လိဂ်ဂိုး ၁၀၀ ပြည့်သွင်းယူနိုင်ခဲ့သော်လည်း မန်စီးတီး သုံးမှတ်အပြည့်ရမည့်အခွင့်အရေးလွဲချော်ကာ သရေတစ်မှတ်သာရရှိခဲ့

နယူးကာဆယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၄)တွင် မန်စီးတီးအသင်းအတွက် တိုက်စစ်မှူးအဂူရိုက တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့်သွင်းယူနိုင်ခဲ့သော်လည်း မန်စီးတီးအသင်းမှာမူ သုံးမှတ်အပြည့်ရရှိမည့် အခွင့်အရေးနှင့် လွဲချော်ကာ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

တိုက်စစ်မှူးအဂူရို၏ မန်စီးတီးအသင်းနှင့်အတူ သွင်းယူနိုင်ခဲ့သည့် ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ တွင် ခေါင်းတိုက်သွင်းယူခဲ့သည့် သွင်းဂိုးခုနစ်ဂိုး၊ ပင်နယ်တီသွင်းဂိုး ၁၃ ဂိုး၊ ညာခြေဖြင့် သွင်းယူသည့်သွင်းဂိုး ၇၄ ဂိုး၊ ဘယ်ခြေဖြင့်သွင်းယူသည့်သွင်းဂိုး ၁၉ ဂိုးရှိခဲ့သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းသည် ပွဲကစားချိန် ၁၄ မိနစ်တွင် သွင်းယူခဲ့သည့် တိုက်စစ်မှူးအဂူရို၏ သွင်းဂိုးဖြင့် အဝေးကွင်းတွင် ဦးဆောင်ဂိုး စတင်ရရှိခဲ့သော်လည်း ပွဲကစားချိန် ၃၁ မိနစ်တွင် အန်နီတာ၏ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရခြင်းကြောင့် နယူးကာဆယ်အသင်းမှာ မန်စီးတီးအသင်းထံမှ တစ်မှတ်ခွဲယူနိုင်ခဲ့သည်။

နယူးကာဆယ်အသင်းသည် ပွဲစဉ်(၃၄)အပြီးတွင် ရမှတ် ၂၉ မှတ်သာ ရယူနိုင်ခဲ့ပြီး လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားတွင်လည်း အဆင့်(၁၉) ရောက်ရှိကာ တန်းဆင်းရတော့မည့် အနေအထားသို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ လက်ရှိတန်းဆင်းဇုန်အတွင်း အက်စတွန်ဗီလာအသင်း၊ နယူးကာဆယ်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ ကျရောက်နေပြီး နော့ဝှစ်ချ်အသင်းသည်လည်း တန်းဆင်းဇုန် အထက် တစ်မှတ်အသာဖြင့် အဆင့်(၁၇)နေရာတွင် ရပ်တည်နေသည်။

နယူးကာဆယ်အသင်းသည် မန်စီးတီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည့် နောက်ဆုံး ၁၉ ပွဲတွင် နိုင်ပွဲ တစ်ပွဲမျှ ရယူနိုင်ခဲ့ခြင်းမရှိဘဲ ၁၆ ပွဲ ရှုံးနိမ့်ခဲ့ကာ သုံးပွဲသရေရလဒ်ထွက်ပေါ်ထားသည်။ မန်စီးတီးအသင်းမှာမူ နယူးကာဆယ်အသင်းနှင့် သရေပွဲဖြစ်ခဲ့ခြင်းကြောင့် အဆင့်(၄)နေရာမှ အာဆင်နယ်အသင်းနှင့် တစ်မှတ်အကွာ အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိသည်။

**(ငွေကြယ်)**

***စီးရီးအေပွဲစဉ်(၃၅)ကို ဧပြီ ၂၄၊ ၂၅ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ဖီအိုရင်တီးနားနဲ့ဂျူဗင်တပ် ဆုံတွေ့နေသလို ရိုးမားနဲ့ နာပိုလီတို့လည်း တွေ့ဆုံနေလို့ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာ အင်တာမီလန်အနေနဲ့လည်း နိုင်ပွဲရယူနိုင်ဖို့ ရှိနေပါတယ်။***

**ရှိုင်းမင်းမင်း**

# ရိုးမားကိုအနိုင်ရဖို့ခက်ခဲနေတဲ့ နာပိုလီ

## စီးရီးအေရင်ခုန်သံ-၃၅

**အင်တာ - အူဒီးနီးစ် | နံနက် ၁း၁၅ (၂၄-၄-၁၆)**

အင်တာမီလန်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ မျှော်လင့်ချက်ရှိနေသေးတာကြောင့်ခြေကုန်ထုတ်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအင်တာမီလန်ရဲ့ခြေကလည်းကောင်းမွန်နေကာ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေလို့ အင်တာမီလန်တို့ခြေကုန်ထုတ်ကစားမှာ သေချာနေပါတယ်။ အူဒီးနီးစ်ကတော့ တန်းမဆင်းရဖို့အတွက်အားစိုက်ကစားနေပေမယ့်လည်း ခြေက သာမန်လောက်ပဲရှိပါတယ်။ အင်တာပဲ အနိုင်ရမယ်။

**ဆမ်ဒိုးရီးယား - လာဇီယို | ည ၇း၃၀ (၂၄-၄-၁၆)**

လာဇီယိုရဲ့အခုနောက်ပိုင်း ခြေကကောင်းမွန်နေပါတယ်။ ဥရောပဝင်ခွင့်မျှော်လင့်နိုင်ဖို့ခက်ခဲနေပေမယ့်လည်း ပွဲတိုင်းကိုအားစိုက်ကစားနေကာ တိုက်စစ်ကလည်း ပွဲတိုင်းနီးပါးဂိုးသွင်းခြေရှိနေပါတယ်။ နောက်ဆုံး ငါးပွဲမှာ ရိုးမားတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့ရကာ ဒီပွဲစဉ်မှာလည်း အဝေးကွင်းဖြစ်ပေမယ့် ခြေကုန်ထုတ်လာဖို့ရှိနေပါတယ်။ ဆမ်ဒိုးရီးယားကလည်းတန်းမဆင်းရဖို့အတွက် လုံလောက်တဲ့အမှတ်မရသေးတာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို လက်ရှိခြေစွမ်းပိုင်းနဲ့ အိမ်ကွင်းခြေက ကောင်းမွန်တတ်ပါတယ်။ လာဇီယိုအနည်းငယ်အခက်တွေ့နိုင်ကာ အဝေးကွင်းမှာကပ်ပြီးသာ နိုင်ဖို့ရှိတယ်။

**တိုရီနို - ဆာစူအိုလို | ည ၇း၃၀ (၂၄-၄-၁၆)**

တိုရီနိုဟာဥရောပဝင်ခွင့်မျှော်လင့်နိုင်ဖို့အတွက် ခက်ခဲနေပေမယ့်လည်း ဒီနောက်ပိုင်းမှာ ပွဲတိုင်းကိုအားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေရရှိနေသလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် တိုရီနိုတို့နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာဖို့လည်းရှိနေပါတယ်။ ဆာစူအိုလိုကတော့ လက်ရှိခြေအားနည်းမှုတွေရှိနေသလို အဝေးကွင်းမှာ ခြေကပိုမိုကျဆင်းတတ်ပါတယ်။ တိုရီနိုကသာနိုင်ပွဲရယူသွားနိုင်မှာပါ။

**ဖီအိုရင်တီးနား - ဂျူဗင်တပ် | နံနက် ၁း၁၅ (၂၅-၄-၁၆)**

ဖီအိုရင်တီးနားဟာ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်နိုင်သေးတာကြောင့် အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ အထူးသဖြင့် ဖီအိုရင်တီးနားရဲ့ခံစစ်ဟာ ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရပါတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းအကောင်းဆုံးပုံစံမှာရှိနေတဲ့ ဂျူဗင်တပ်ကို ထိန်းချုပ်နိုင်ဖို့ မလွယ်ကူပါဘူး။ လက်ရှိအသာရထားတဲ့အမှတ်ကို ဆက်ထိန်းထားနိုင်ဖို့ကြိုးစားလာမယ့် ဂျူဗင်တပ်ကသာ ပွဲကို ထိန်းချုပ်ကစားပြီး နိုင်ပွဲလည်းရယူသွားမှာပါ။

**ရိုးမား - နာပိုလီ | ည ၇း၃၀ (၂၅-၄-၁၆)**

ရိုးမားဟာ ဒီနောက်ပိုင်းမှာရလဒ်တွေယိမ်းယိုင်လာမှုနဲ့အတူ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အင်တာ၊ ဖီအိုရင်တီးနားတို့ရဲ့ ခြိမ်းခြောက်မှုတွေ ရှိလာတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ နာပိုလီက အသင်းလိုက်ကစားပုံမဆိုးပေမယ့်လည်းအဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်ပါတယ်။ အဝေးကွင်းနောက်ဆုံး ခြောက်ပွဲမှာ ပါလာမိုတစ်သင်းတည်းကိုသာ အနိုင်ရခဲ့တယ်။ ဒါ ကြောင့် ဒီပွဲမှာအိမ်ကွင်းအားနဲ့ ဖိအားပေးမယ့် ရိုးမားကပဲ ခြေစွမ်းအသာနဲ့ အနိုင်ကစားသွားမှာပါ။

**ဗီရိုနာ - မီလန် | ည ၉း၃၀ (၂၅-၄-၁၆)**

အေစီမီလန်ဟာ ဥရောပဝင်ခွင့်ရဖို့ မျှော်လင့်နိုင်တဲ့အနေအထားမှာရှိတဲ့အတွက် အားစိုက်ကစားနေပါတယ်။ ခြေစွမ်းပိုင်းအရအားနည်းမှုတွေ အနည်းငယ်ရှိပေမယ့်လည်း အမှတ်ပေးဇယားအောက်ဆုံးက ဗီရိုနာကလည်း ခြေစွမ်းအတော်လေး အားနည်းပါတယ်။ ဒါကြောင့် အဝေးကွင်းဖြစ်ပေမယ့်လည်း ဒီပွဲမှာ အေစီမီလန်တို့ အခွင့်အရေးရနိုင်ပါတယ်။ အေစီမီလန်ကသာ ခြေစွမ်းအသာစီးနဲ့ ပွဲကိုစိုးမိုးကစားသွားဖို့ရှိနေပြီး နိုင်ပွဲလည်းရယူသွားနိုင်ဖို့ ရှိနေပါတယ်။

**ကာပီ - အမ်ပိုလီ | ည ၁၁း၃၀ (၂၅-၄-၁၆)**

ကာပီဟာတန်းမဆင်းရဖို့အားစိုက်ကစားနေသလို ခြေစွမ်းလည်း ကောင်းမွန်နေပါတယ်။ တိုက်စစ်ကလည်း ပွဲတိုင်းနီးပါးဂိုးတွေသွင်းယူလာနိုင်ပြီး အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အမ်ပိုလီကတော့ မျှော်လင့်ချက်မရှိတော့သလို အသင်းလိုက်ရုန်းကန်အားလည်း ကျဆင်းနေပါတယ်။ ဒါကြောင့်တန်းမဆင်းရဖို့အတွက် အိမ်ကွင်းမှာ အားစိုက်ကစားလာမယ့် ကာပီပဲကပ်နိုင်မယ်။

# မသင်္ကာဖွယ်တွေ့ရှိသူများအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြည်ကြီးတံခွန်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက် ညနေ ၃ နာရီခွဲခန့်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် တံခွန်တိုင်ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းအရောက် ၂၈ယ/--- Dream-125 ဆိုင်ကယ်နှင့် လူတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ရှမ်းပြည်နယ် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်နေ ကံချား (ခ)မြင့်ဦး(၂၈)နှစ်ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခန့်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပျော်ဘွယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပျော်ဘွယ်မြို့ အုန်းပင်ကျေးရွာအဝင်လမ်း၌ အဆိုပါကျေးရွာနေ မျိုးကျော်လွင် (ခ)ဖိုးကံကောင်း(၁၈)နှစ်အား နံပါတ်မပါသည့် Kenbo-110 ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား ပျော်ဘွယ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)



# အလုံမြို့နယ် ဌာနာရပ်ကွက်၌ မီးလန့်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနာရပ်ကွက် ငုဝါလမ်းနှင့် နှင်းဆီလမ်းထောင့်ရှိ ဒေါ်ကြည်မုန့်ဟင်းခါးဆိုင်တွင် မေ ၂၀ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က မီးလန့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိုင်ရှိမီးခိုးခေါင်းတိုင်မှ ဆီချေး(ဂျီး)ပိတ်ပြီး မီးခိုးများထွက်လာသဖြင့် အလုံမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့ကာ အဆိုပါခေါင်းတိုင်အား ရေများပက်ဖျန်းပေးခဲ့ကြောင်း၊ အဆိုပါ ဆိုင်နောက်ဖေးလမ်းကြားတွင်ထားရှိသော ပစ္စည်းများသည် မီးဘေးအန္တရာယ်စိုးရိမ်ရသည်ဟု ပတ်ဝန်းကျင်နေသူများကပြောကြားနေကြောင်း သိရသည်။

တင်မောင်ဦး (အလုံ)

# မသင်္ကာဖွယ်တွေ့ရှိသူအား စစ်ဆေးရာမှ ခိုးမှုပေါ်ပေါက်

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်များသည် မပေါ်ပေါက်သေးသည့်အမှုများအား ကူညီဖော်ထုတ်ရန် မေ ၁၈ ရက် နံနက် ၁၁ နာရီခန့်က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ဘုရင့်နောင်လမ်းအရောက် Huawei အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးကို လိုက်လံရောင်းချနေသူတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အောင်မြေသာစံမြို့နယ် ရွှေပြည်အရှေ့ရပ်နေ မင်းမင်းသန့်(၂၁)နှစ်ဖြစ်ပြီး အဆိုပါလက်ကိုင်ဖုန်းအား ယင်းနေ့ နံနက် ၁၀ နာရီခန့်က သင်ပန်းကုန်းရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်းသိရှိရ၍ သက်သေခံပစ္စည်းကို သိမ်းဆည်းပြီး ၎င်းအား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

# ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် မေ ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဒုရင်ဗိုလ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက် ညနေ ၄ နာရီ ၃၅ မိနစ်ခန့်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အောင်လံမြို့နယ် ကသစ်ကန်ကျေးရွာအရောက် အဆိုပါကျေးရွာနေ ငမိုး(ခ)လွှမ်းမိုးနိုင် (၂၇)နှစ်အား နံပါတ်မပါသည့် Honda-110 နီ/နက်ကျားရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား ဒုရင်ဗိုလ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

# ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးတွင် ခရီးသည်ယာဉ်တိမ်းမှောက်၊ ခရီးသည်ကိုးဦး ပြင်းထန်စွာဒဏ်ရာရရှိ



**ကျောက်တံခါး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၇၇/၃-၄)ကြားတွင် မေ ၁၉ ရက် ည ၁၁ နာရီခွဲခန့်က ခရီးသည်ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုရဲမှူးထွန်းထွန်းဦးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်မှရန်ကုန်သို့ တောင်ငူမြို့ ထီးလှိုင်ရပ်ကွက်နေ ထွန်းဇော်(၂၄)နှစ် မောင်းနှင်လာသော ၆ခ/---ခရီးသည်ပို့ဆောင်ရေး မီနီဘတ်(စ်)ယာဉ်သည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ဝင်တိုက်မိကာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည်ကိုးဦးတို့မှာ ပြင်းထန်စွာဒဏ်ရာများရရှိခဲ့၍ အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် မြို့ချောင်းအမြန်လမ်းဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ထွန်းဇော်အား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

# ရွှေဆွဲကြိုးလုယူထွက်ပြေးသူအား ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းဖမ်းဆီး

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက်နေ မမေဇင်ထိုက်(၃၀)နှစ်သည် အစ်မဖြစ်သူ မဇင်မာခိုင်နှင့်အတူ မေ ၁၈ ရက် မွန်းတည့် ၁၂ နာရီခန့်က (၅၁)လမ်းအတိုင်း နေအိမ်သို့ လမ်းလျှောက်ပြန်လာစဉ် (၅၁)လမ်းနှင့် တပင်ရွှေထီးလမ်းကြားအရောက် YAMAHA DT ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးက ၎င်းတို့အနီးအရောက်တွင် ဆိုင်ကယ်ကိုအရှိန်လျှော့၍ မမေဇင်ထိုက်၏လည်ပင်း၌ ဆွဲထားသော အလေးချိန် ရှစ်ပဲခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးအား ဆွဲဖြတ်လုယူကာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

မမေဇင်ထိုက်၏ အကူအညီတောင်းခံချက်အရ အနီးပတ်ဝန်းကျင်ရှိပြည်သူများနှင့် လှည့်ကင်းဆောင်ရွက်နေသည့် ပြည်ကြီးတံခွန် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လိုက်လံဖမ်းဆီးရာ (ဈ)ရပ်ကွက် (၄၉×၅၀)လမ်းကြား မယ်တော်စုကျေးရွာအနီးရှိ လယ်ကွင်းအတွင်း၌ ရှမ်းပြည်နယ် နမ့်ဆန်မြို့ ဟိုပုန်းရပ်ကွက်နေ ရဲမင်းထွန်း(၃၃)နှစ်အား မမေဇင်ထိုက်ထံမှလုယူခဲ့သည့် သက်သေခံရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ပြည်ကြီးတံခွန် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

**မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (OpenTender)ခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကွန်ကရစ်လမ်း (၁၈/၄. ၇၈) မိုင်၊ ကတ္တရာလမ်း (၁၃/၁. ၄) မိုင်၊ ကျောက်လမ်း(၄/၄)မိုင်၊ မြေသားလမ်း (၂/၀. ၂၈)မိုင်၊ ကွန်ကရစ်တံတား ၁၁ စင်း ၄၃၉ ပေ၊ သစ်သားတံတားတစ်စင်း ၄၀ပေ၊ တွင်းတိမ် ၁၂ တွင်း၊ တွင်းနက် ၂၀ တွင်း၊ လက်တူးတွင်း ၁၇ တွင်း၊ မြေသားရေကန် ရှစ်ကန်၊ စိမ့်စမ်း ၁၃ ခု အခြား ၂၂ ခုတို့ စသည့် တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန် မွန်ပြည်နယ်အတွင်း လုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မွန်ပြည်နယ်အတွင်း တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါစတင်ရောင်းချမည့် ရက်/အချိန် | - | (၂၆-၄-၂၀၁၆)၊ နံနက် ၀၉း၃၀ နာရီ |
| တင်ဒါနောက်ဆုံးတင်သွင်းမည့် ရက်/အချိန် | - | (၂၆-၅-၂၀၁၆)၊ ညနေ (၁၆း၃၀)နာရီ |
| တင်ဒါတင်သွင်းရမည့် နေရာ | - | မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၊ အရာတော် (၂)လမ်း၊ တောင်ဝိုင်းလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့။ ဖုန်း-၀၅၇-၂၄၀၈၅၊၀၅၇-၂၄၂၈၇ |

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# စစ်တောင်းမြစ်အတွင်းရေဆင်းချိုးသူ လူငယ်တစ်ဦး ရေနစ်သေဆုံး

**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ ကျွဲရိုင်းပြင်မြစ်ကူးတံတားအထက် ပေ ၁၀၀ ခန့်အကွာ စစ်တောင်းမြစ်အတွင်း၌ မေ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်က ရေဆင်းချိုးသည့် လူငယ်တစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာနေ မောင်တင်ကျော်ထူး(၁၇)နှစ်သည် ယင်းနေ့က ယာယီမြစ်ကူးတံတားအထက်ဘက်ရှိ စစ်တောင်းမြစ်အတွင်းသို့ သူငယ်ချင်းများနှင့်အတူ ရေဆင်းချိုးရာမှ ရေနစ်ပျောက်ဆုံးသွားခဲ့ပြီး မေ ၁၈ ရက် ညနေပိုင်းတွင် သေဆုံးသူကို ပြန်လည်တွေ့ရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

■

ဖတ်စရာ

# ပြည်သူကြားက ပြည်သူ့အမြင် တင်ပြပါရစေ

စိန်လှိုင်ဗိုလ်

*နိုင်ငံနှင့်ပြည်သူ့အကျိုးပြု ကဏ္ဍအသစ်များကို တီထွင်ဖော်ထုတ်၍ စာတည်းထံပေးစာ ကဏ္ဍကိုလည်း ဆက်လက်ရှင်သန်စေပြီး အခါအားလျော်စွာ ထည့်သွင်းဖော်ပြသင့်ပါသည်။ ထိုကဏ္ဍများသည် ပြည်သူများ၏ လက်ရှိတွေ့ကြုံခံစားနေကြရသော နစ်နာမှု၊ အဆင်မပြေမှုများအတွက် . .*

ရွေးကောက်ပွဲအနိုင်ရပြီးနောက် အစိုးသစ်နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းရယူခြင်းမပြုရသေးမီကာလက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ အမျိုးမျိုးသောဝေဖန်မှုများကို ပုဂ္ဂလိကသတင်းစာများ၊ ဂျာနယ်များနှင့် အင်တာနက်လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တွေ့မြင်ဖတ်ရှုရသည်။ ပြန်ကြားရေးဝန်ကြီးဌာနပင်ထားရှိဖို့မလိုဟု ဆိုသူက ဆိုကြသည်။ အချို့က ဒီမိုကရေစီနိုင်ငံတွင် အစိုးရထုတ်သတင်းစာရှိဖို့မလိုကြောင်း အမျိုးမျိုးသောဝေဖန်ချက်များ ဖော်ထုတ်နေကြရာ စာရေးသူအနေဖြင့် ထိုစဉ်က စိုးရိမ်ကြောင့်ကြမှု အမှန်ပင်ရှိခဲ့ပါသည်။ ဝန်ကြီးဌာနစာရင်းများထုတ်ပြန်ကြေညာလိုက်သောအခါ ပြန်ကြားရေးဝန်ကြီးဌာနကိုတွေ့လိုက်ရ၍ စိတ်နည်းနည်းအေးသွားပါသည်။ စိတ်နှလုံးဒုန်းဒုန်းတော့မချဖြစ်သေးပါ။ မြန်မာ့အလင်းနှင့် ကြေးမုံအရေး စိတ်မအေး၍ဖြစ်သည်။ ဧပြီလတစ်ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာကိုတွေ့မြင်လိုက်ရတော့မှ ဝမ်းသာပီတိဖြစ်လိုက်ရပါတော့သည်။

ဆရာကြီးကိုလေး(အင်းဝဂုဏ်ရည်)၏ကဗျာ၊ ဆရာအော်ပီကျယ်၏ကာတွန်း ဆရာမင်းကိုနိုင်၏ကဗျာများစာများနှင့် ဆရာကြီးမောင်မိုးသူအပါအဝင် ဒီမိုကရေစီဘက်တော်သား စာပေအနုပညာသမားများ၏ စာများကို သတင်းစာစာမျက်နှာများပေါ်တွင် တွေ့မြင်ဖတ်ရှုလိုက်ရသဖြင့် ကျေနပ်ကြည်နူး အံ့သြဝမ်းသာဖြစ်ခဲ့ရပါသည်။ မိမိပတ်ဝန်းကျင်ရှိ သတင်းစာဖတ်သူအသိုင်းအဝိုင်း၏အသံကို နားစွင့်ကြည့်ရာတွင်လည်း နိုင်ငံပိုင်သတင်းစာများ၏ ပြောင်းလဲမှုအပေါ် ရာနှုန်းပြည့်ကြိုဆိုထောက်ခံကြောင်း သိရှိရပါသည်။ ဆိုရစေတော့ သတင်းစာဖြန့်ချိရေးကိုယ်စားလှယ်များသည်ပင်လျှင် လုပ်ငန်းရပ်ဆိုင်းရတော့မည်လား သို့မဟုတ် သတင်းစာစောင်ရေတွေများ လျော့ကျသွားလေမလား စိုးရိမ်နေကြသည်။ သို့ရာတွင် ပြန်ကြားရေးဝန်ကြီးအသစ်က နိုင်ငံပိုင် သတင်းစာများကို ရှင်သန်တိုးတက်အောင်စီမံဆောင်ရွက်လိုက်ရာ သတင်းစာစောင်ရေမှာ လျော့မသွားသည့်အပြင် စောင်ရေတိုး၍ပင် မှာကြားနေကြကြောင်း သတင်းစာကိုယ်စားလှယ်များထံမှ ကြားသိရပါသည်။

ပြောင်းလဲချိန်တန်၍ ပြောင်းလဲခြင်းကို ပြည်သူအများက ကြိုဆိုကြပါသည်။ နိုင်ငံပိုင်သတင်းစာများတွင် တာဝန်ယူဆောင်ရွက်နေကြသည့် အဆင့်ဆင့်သော ဝန်ထမ်းအသီးသီးသည်လည်း ပြောင်းလဲရာတွင် ပါဝင်နိုင်ခဲ့ကြပြီဖြစ်ပါသည်။ မူဝါဒအပြောင်းအလဲ၏ ဦးဆောင်မှုအောက်တွင် အချိန်ကာလတစ်ခုအတွင်း နေသားတကျဖြစ်မည်မှာ မလွဲကေန်အမှန်ပင်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီး ဆရာဖေမြင့်က ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် သတင်းစာများ၏ အခန်းကဏ္ဍနှင့် ထမ်းဆောင်ရမည့်တာဝန်ပိုင်းကိုထည့်သွင်းမိန့်ကြားခဲ့သည်။ ရတနာပုံသတင်းစာ၏ သတင်းစာဆရာများကို မင်းတုန်းမင်းကြီးက 'ငါမကောင်းရင် ငါ့ကိုရေး၊ ငါ့မိဖုရားတွေမကောင်းရင် သူတို့ကိုရေး၊ ငါ့သားသမီးတွေမကောင်းရင် သူတို့ကိုရေး၊ သတင်းစာသမားတွေနန်းတော်ထဲကို အတားအဆီးမရှိ ဝင်ထွက်ခွင့်ရှိစေရမယ်” ဟူသော မိန့်မှာစကားကို အမှတ်ရမိပါသည်။ သို့ဖြစ်ရာ ပြောင်းလဲရာတွင် ယခင်က ပြည်သူကြားတွင် နှစ်သက်လက်ခံခဲ့သော ထင်သာမြင်သာပြင်စရာ မပြောမပြီးမတီးမမြည် ကဏ္ဍတို့ကို ဆက်လက်ရှင်သန်ခွင့်ပြုသင့်ပါသည်။ ကြေးမုံသတင်းစာ၏ ပြည်သူ့သဘောထားစင်မြင့်ကဏ္ဍကိုလည်း ကြိုဆိုပါသည်။

ထို့အပြင် နိုင်ငံနှင့်ပြည်သူ့အကျိုးပြုကဏ္ဍအသစ်များကို တီထွင်ဖော်ထုတ်၍ စာတည်းထံပေးစာကဏ္ဍကိုလည်း ဆက်လက်ရှင်သန်စေပြီး အခါအားလျော်စွာ ထည့်သွင်းဖော်ပြသင့်ပါသည်။ ထိုကဏ္ဍများသည် ပြည်သူများ၏ လက်ရှိတွေ့ကြုံခံစားနေကြရသော နစ်နာမှု၊ အဆင်မပြေမှုများအတွက် တာဝန်ရှိသူများကို အချိန်အတိုဆုံးနှင့်အမြန်ဆုံး၊ အထိရောက်ဆုံးသိရှိဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် ထောက်ကူသောပြည်သူအများ၏ ရင်တွင်းစကားဖြစ်ပါသည်။

ဖွဲ့စည်းတည်ဆောက်မှု ခိုင်မာကျယ်ပြန့်၍ အတွေ့အကြုံရှိကြပြီးဖြစ်သော နိုင်ငံ့ဝန်ထမ်း၊ သတင်းစာဆရာများနှင့် နိုင်ငံပိုင်သတင်းစာများသည် အခြားပြိုင်ဖက်များကို ချေမှုန်းနေခြင်း၊ ချိုးနှိမ်နေခြင်းမဟုတ်ပေရာ လွတ်လပ်စွာပြိုင်ဆိုင်ကြရန်သာ ဖြစ်ပါသည်။ မိမိတို့အသီးသီး၏ပုံရိပ်ကို ပြည်သူလူထုကြီး လက်ခံလာစေရန် ကြိုးပန်းအားထုတ်ကြရမည်သာ ဖြစ်ပါသည်။ လက်တွေ့တွင်မူ ပြန်ကြားရေးဝန်ကြီး၏ မှန်ကန်သောမူဝါဒနှင့် လမ်းညွှန်မှုအောက်တွင် နိုင်ငံပိုင်သတင်းစာ မြန်မာ့အလင်းနှင့် ကြေးမုံသည် အောင်လံတံခွန်လွှင့်၍ လှမ်းချီနေသည်ကို ကြိုဆိုလျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။

## မြေပဲနှင့် မြေပဲဆီ စားသုံးခြင်း၏ အာနိသင်များ

à ခင်သန်းဦး(ဖန်ခါးမြေ)

မြန်မာနိုင်ငံတွင် နှမ်း၊ မြေပဲတို့ကို ဆီအဖြစ်လည်းကောင်း၊ နှမ်းများကိုလှော်ထောင်း၍ ဟင်းရွက်များသုပ်စားလျှင်လည်းကောင်း၊ မုန့်များပေါ်တွင် နှမ်းဖြူး၍လည်းကောင်း၊ ထန်းလျက်နှင့် နှမ်းရောနှောကာ နှမ်းယို၊ နှမ်းထောင်း၊ ချက်ပြုတ်ကြော်လှော်ရန် နှမ်းဆီကို အသုံးပြုကြသည်။

မြေပဲကိုလည်း ချက်ပြုတ်လှော်ရန်အတွက် မြေပဲဆီအဖြစ်လည်းကောင်း၊ မြေပဲဆန်များကိုလှော်၍ လက်ဖက်နှင့်ရောနှောသုပ်စားကြခြင်း၊ မြေပဲယို ပြုလုပ်စားသုံးခြင်း၊ မြေပဲဆားလှော်အဖြစ်စားခြင်း၊ မြေပဲကြော်၊ လှော်ထောင်းမှုန့်များကို မုန့်ပဲသရေစာများပေါ်တွင် မံ၍စားသုံးကြခြင်း၊ အသုပ်စုံများတွင် မြေပဲကြော်လှော်ထောင်းများထည့်၍ နှစ်သက်စွာစားသုံးကြခြင်း၊ မြေပဲလိပ်များအဖြစ်အမျိုးမျိုးစားသုံးကြပါသည်။ မြေပဲသည် အာဟာရဖြစ်သည်ဟု မြန်မာလူမျိုးတိုင်း ယုံကြည်စွာ စားသုံးနေကြပါသည်။ မြေပဲတွင် အဆီဓာတ် (၁၇) ဂရမ်ပါရှိသည်။ မြေပဲတွင် မိုနိုမပြည့်ဝအဆီပါဝင်၍ သွေးအဆီဓာတ်ကို ကောင်းမွန်စေသည်။ ကျန်းမာရေးလေ့လာချက်များအရ မြေပဲသည် နှလုံးရောဂါကို ကာကွယ်ပေးနိုင်ကြောင်း၊ သွေးကြောမာကျစ်ရောဂါများ ကာကွယ်ပေးသည်။ မြေပဲတွင် တစ်အောင်စရှိလျှင် အဆီ (၁၃) ဂရမ်ခန့်နှင့် (၁၈၀) ကယ်လိုရီခန့်ပါဝင်သည်။ မြေပဲစားခြင်းဖြင့် နှလုံးသန်စွမ်း၍ ကိုယ်အလေးချိန် ကျဆင်းနိုင်သည်။ မြေပဲသည် ဗီတာမင် (B) ဓာတ် ကြွယ်ဝသည်။ မြေပဲတွင် သံဓာတ်လည်းပါဝင်၍ အစာကြေစေခြင်း၊ ခံတွင်းကောင်းခြင်း၊ အရေပြားပေါ်တွင်ရှိ ဖြူနီကွက်များပျောက်ခြင်း၊ ထုံနာကျင်နာများပျောက်စေခြင်း၊ သွေးအားကောင်းခြင်း၊ သွေးလည်ပတ်မှုကောင်းကာ သွေးတွင်ပါဝင်သော ဟေမိုကလိုဗင်ပါဝင်သောကြောင့် လူတို့အသက်ရှူသွင်းလိုက်သော လေထဲတွင် အောက်ဆီဂျင်ပါဝင်၍ ကိုယ်ခန္ဓာအနှံ့အပြားသို့ရောက်ရှိကာ အသက်ရှူအားကောင်းပြီး နှလုံးအားကောင်းလာသည်။ မြေပဲ၏အစွမ်းသတ္တိမှာ ဆံကေသာကိုလိမ်းပါက ဦးရေအေး၍ ဆံပင်များနက်မှောင်သန်စွမ်းစေသည်။ မျက်လုံးအရောင်တောက်၍ မျက်ခုံးမွေးများမည်းမှောင်သန်စွမ်းစေသည်။ ခွန်အားဖြစ်စေသည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် နှမ်းဆီကို အသုံးများသော်လည်း မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မြေပဲဆီ(ပဲဆီ)သည် ကြော်လှော်ရာတွင် အမြှုပ်မထွက်ကြော်လှော်ခံသဖြင့် မြေပဲဆီအသုံးများကြသည်။ သွေးအားနည်းနေသူများ မြေပဲလှော် မြေပဲကြော် စားသုံးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်လာသည်။ အခြားမုန့်ပဲသရေစာများစားထားလျှင် ခဏခဏပြန်၍ ဆာလောင်လာသည်။ မြေပဲကြော်၊ မြေပဲလှော်စားထားလျှင် ထမင်းကဲ့သို့ အဆာခံနိုင်သည်။ အာဟာရပြည့်ဝသည်။ မကွေးတိုင်းဒေသကြီးမှ နှမ်းမြေပဲအများဆုံးရသည်။ ထို့ကြောင့် မြေပဲနှင့် မြေပဲဆီစားသုံးခြင်းဖြင့် ထုံနာ၊ ကျင်နာ၊ ဒူးနာ၊ ခါးနာ၊ နှလုံးရောဂါ၊ သွေးအားနည်း၊ သွေးကြောအဆီပိတ်ရောဂါ၊ အသားရေကြမ်းတမ်းသူများ၊ အသားခြောက်သွေ့သူများ၊ သံဓာတ်အားနည်းသူများ၊ သွေးအားနည်းသူများ၊ မြေပဲပြုတ်၊ မြေပဲလှော်၊ မြေပဲကြော်၊ မြေပဲယို၊ (ပဲဆီ) မြေပဲဆီသန့်သန့်၊ မြေပဲစစ်စစ်၊ မြေပဲဆီစစ်စစ်စားသုံးရင်း အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်စေရန် သင့်တင့်မျှတစွာ စားသုံးကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြစ်ကြီးနား-မိုးကောင်း-ကာမိုင်း-ဖားကန့်-လုံးခင်းလမ်းပိုင်း ဥရုချောင်းတံတားဆောက်

**ဖားကန့် ဧပြီ ၂၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်ကျေးရွာအဝင် ဥရုချောင်းတံတား အမှတ် (၃/၄၃) ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၁) တံတားအထူးအဖွဲ့ (၁) မှ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ တည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ဥရုချောင်းတံတား တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီးကြောင်း တံတားအထူးအဖွဲ့ (၁) တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင်ဦးက ညွှန်းဆိုသည်။

အဆိုပါ ဥရုချောင်းတံတားမှာ အာရ်စီအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၄၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ နှစ်လမ်းသွား၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီ၊ ခန်းဖွင့်အကျယ်ပေ ၁၀၀ ခန်းဖွင့်လေးခန်း၊ ခွင့်ပြုတန်ချိန် ၆၀ ဖြစ်ပြီး ခန့်မှန်းကုန်ကျမည့်ငွေကျပ်သန်း ၁၄၀၀ ဖြစ်သည်။

ဥရုချောင်းတံတားသည် မြစ်ကြီးနား-မိုးကောင်း-ကာမိုင်း-ဖားကန့်-လုံးခင်း-ရတနာမော်နယ်မြေသို့ ဆက်သွယ်ပေးသောလမ်းတံတားဖြစ်ပြီး အဆိုပါတံတားပြီးစီးပါက ကျောက်စိမ်းမော်သို့ ရေမဆေးကျောက်ရှာဖွေကြသူများနှင့် ကျောက်ဖျာ ၇ မိုင်၊ ၈ မိုင် နန့်တိမ်ကျေးရွာတို့မှထွက်ရှိသော ဒေသခံသီးနှံမျိုးစုံကို ဖားကန့်၊ လုံးခင်း၊ ဆိပ်မူ၊ ကျောက်စိမ်းမော်သို့ ကုန်စည်စီးဆင်းမှု ပြေပြစ်ချောမောမည်ဖြစ်ပြီး ယာဉ်ကြီးယာဉ်ငယ်များ အန္တရာယ်ကင်းစွာ ပြေးဆွဲနိုင်မည်ဖြစ်သည်။ ယခင် ဥရုချောင်းတံတား၏သက်တမ်းမှာ နှစ် ၆၀ ကျော်ခဲ့ပြီး အိုမင်းဆွေးမြေ့နေပြီဖြစ်၍ အန္တရာယ်များသောကြောင့် ဥရုချောင်းတံတားသစ် အာရ်စီအမျိုးအစားတံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေလင်းပြည့်စုံ



ဈေးအတွင်း အမှိုက်ကန် ထားပေးသင့်

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ မကြာမီကဖွင့်လှစ်ပေးခဲ့သော ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်ရှိ အမိုးကြီး အဆင့်မြင့်တစ်ထပ်ဈေးသစ်တွင် သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့်ညီညွတ်သော အမှိုက်ကန်/ပုံး သီးသန့်ဆောင်ရွက်ထားခြင်းမရှိသဖြင့် ဈေးသူ၊ ဈေးသားများ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် အနံ့အသက်ဆိုးများရရှိကာ ကျန်းမာရေး ထိခိုက်နိုင်ကြောင်း ဈေးဝယ်ပြည်သူတစ်ဦးထံမှ သိရသည်။

ဈေးဖွင့်ကာလ အနည်းငယ်ပဲရှိသေးတယ်။ ဈေးဝင်းရဲ့အဓိက လမ်းမကြီးဘေးမှာ အမှိုက်ပုံက လူမြင်လို့မကောင်းအောင်ပြန့်ကျဲပြီး အနံ့အသက်ဆိုးတွေခံစားနေရတယ် ကြာလာရင် ဈေးဝယ်ပြည်သူတွေ ကျန်းမာရေး ပိုမိုထိခိုက်ဖို့ပဲ ရှိတော့တယ်။ ဈေးမှာ တာဝန်ကျတဲ့ဝန်ထမ်းတွေကတော့ အဲဒီအနားမှ ဈေးဝင်းအတွင်းကို မည့်သည့်ယာဉ်မျှမဖြတ်သန်းရ၊ ဘယ်ယာဉ်ကို ဘယ်လောက်ဆိုတဲ့ နှုန်းထားတွေသတ်မှတ်ပြီးတော့ ယာဉ်ရပ်နားခွင့် ငွေကောက်ခံမှုတွေဆောင်ရွက်နေတာတွေ့နေရတယ်။ ဆိုလိုတာက သူတို့တတွေ အဲဒီအမှိုက်ပုံးကို မတွေ့ဘူးလား၊ အနံ့မရဘူးလား။ တကယ်လို့ ဌာနဆိုင်ရာကတာဝန်ရှိသူတစ်ယောက်လာပါပြီတဲ့ အဲဒီအချိန်ကျမှ ရှင်းမှာလား၊ ပြည်သူတွေကို လျစ်လျူရှုထားမှာလား။ ဒါတွေကို ပြုပြင်ပြီး သက်ဆိုင်ရာတာဝန်ရှိသူတွေက အမြန်ဆုံးဆောင်ရွက်ပေးမယ်ဆိုရင်၊ အမှိုက်ပုံးကြားကဈေး၊ ကျန်းမာရေးနှင့် မညီညွတ်သောဈေး၊ ဈေးနှုန်းများ၊ အင်္ဂါရပ်နှင့် မပြည့်စုံသော ဈေးသစ်ကြီးတစ်ဈေး မဖြစ်တော့ဘူးပေါ့ဟု အမှတ်(၉)ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

အဆိုပါ အမိုးကြီးအဆင့်မြင့် တစ်ထပ်ဈေးသစ်သည် ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်၊ စိန်စီဂုဏ်ရောင်းလမ်းမပေါ်တွင် တည်ခင်းရောင်းချနေသော လမ်းဘေးပျံ့ကျအမိုးကြီးဈေးဟု အမည်တွင်သောဈေးသည်များအား စည်းကမ်းတကျဖြင့် အတည်တကျဈေးရောင်းချနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက တာဝန်ယူကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှင့် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၄၆)

ဆောင်းပါး



# မျိုးနွယ်စုခိုင်မာသောကယန်း(ပဒေါင်)သားချင်း

ဇ ခင်မောင်ညိမ်း

ကယန်း(ပဒေါင်)တိုင်းရင်းသားများသည် တိဘက်-မြန်မာ အုပ်စု တိဘက်-တရုတ်အနွယ်မှ ဆင်းသက်သည်။ ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၃၀၀၀ ကျော်မြင့်သောဒေသတွင် အိမ်ခြေတံရှည် ဆောက်လုပ်ကြသည်။ မိရိုးဖလာအလုပ်ကို ဓားမဦးချလုပ်ခဲ့ကြသည်။ တောင်ယာ၊ တောင်စောင်းများတွင် လှေကားထစ်စိုက်ခင်းများ ပြုလုပ်၍ စပါး၊ လက်ဖက်စိုက်ပျိုးကြသည်။ ဖော်ရွေသောအပြုံးပိုင်ရှင်များဖြစ်သည်။ စိတ်သဘောထား ရိုးသားဖြူစင်သည်။ တည်ကြည်လေးနက်သည်။ အမျိုးသားများ၏ ဝတ်စားဆင်ယင်မှုက မထူးခြားသော်လည်း အမျိုးသမီးများသည် ငယ်စဉ်က ကြေးခွေများကို လည်ပင်းနှင့်ခြေထောက်တွင် ရစ်ပတ်ဝတ်ဆင်ကြသည်။ လူပျိုအပျိုဘဝတွင် လွတ်လပ်သော်လည်း လက်ထပ်သည့်အခါ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ကြရသည်။

ကယားပြည်နယ်သည် မြောက်လတ္တီကျု ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် ၂၀ ဒီဂရီကြားတွင်လည်းကောင်း၊ အရှေ့လောင်ဂျီကျု ၉၇ ဒီဂရီနှင့် ၉၇ ဒီဂရီ ၅၅ မိနစ်ကြားတွင်လည်းကောင်းတည်ရှိသည်။ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်နှင့်တောင်ဘက်တွင် ကရင်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့တည်ရှိသည်။

ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင် ၄,၅၃၈ မိုင်ဖြစ်ပြီး လွိုင်ကော်၊ ဒီမောဆို၊ ဘော်လခဲ၊ ဖရူးဆို၊ ဖားဆောင်း၊ ရှားတောနှင့် ပယ်ဝဲမြို့နယ် ၇ မြို့နယ်ဖြင့်ဖွဲ့စည်းသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန် ၃၅ ဒသမ ၆၅ လက်မရှိသည်။ ပျမ်းမျှအပူချိန် ၁၅ ဒီဂရီရှိ၍ ပေ ၃၀၀၀ အထက်ရှိသည်။

သဘာဝပေါက်ရောက်ပင် ကျွန်းသစ်၊ ထင်းရှူး၊ ဆုံဘို၊ လောက်ယား၊ စကား၊ သစ်အယ်ပင်များပေါက်သည်။ တောမြိုင်တွင် ချေ၊ ဆတ်၊ ဝက်ဝံ၊ တောဆိတ်၊ တောဝက်၊ တောကြောင်၊ ကျား၊ ကျားသစ်၊ မျောက်၊ ယုန်၊ ဖြူတို့ပျော်မွေ့သည်။

ကယန်းတိုင်းရင်းသား အမည်မှည့်ခေါ်မှုတွင် ‘ကန်’မှာ ပိုက်နက်၊ နယ်မြေဟူ၍ အနက်အဓိပ္ပာယ်ရပြီး ‘ယန်’မှာ စွဲစွဲမြဲမြဲနေတတ်သောလူမျိုးဟူ၍ ဆိုလိုသည်။ ကန်ယန်၏အနက်အဓိပ္ပာယ်မှာ နယ်မြေဒေသတစ်ခုတွင် အတည်တကျ စွဲစွဲမြဲမြဲနေတတ်သော လူမျိုးဟူ၍ဆိုလိုသည်။ ကာလကြာသောအခါ ‘ကန်ယန်’မှ ‘ကယန်း’ဖြစ်လာသည်။

**ကယန်းတိုင်းရင်းသားလူမျိုးနွယ်စု လေးမျိုးရှိရာ**

(၁) မိမိတို့ကိုယ်ကို တောင်ပေါ်ဒေသ၏အရှင်သခင်ဟုယူထားပြီး အမျိုးသမီးများ၏လည်ပင်းနှင့် ခြေထောက်တို့တွင် ကြေးခွေများ ရစ်ပတ်ဝတ်ဆင်လေ့ရှိသော ကယန်း(ပဒေါင်)

(၂) မြေပြန့်လွင်ပြင်တွင်အနေများပြီး လည်ပင်းတွင် ငွေပြားများချိတ်ဆွဲဝတ်ဆင်လေ့ရှိသည့် ယင်းဘော်ခေါ် ကယန်း(ကငံ)

(၃) တောင်ပေါ်ဒေသတွင်အနေများပြီး ကယန်း(ပဒေါင်)ဘာသာစကားနှင့် အလွန်နီးစပ်သော စကားကို ပြောဆိုကြသော ကေခို၊ ကေဘား၊ ကယန်း(ကေခို)

(၄) တောင်ပေါ်ဒေသ ကျောက်တုံး၊ ကျောက်စိုင်များကြားတွင် အိမ်ကလေးများဆောက်ကာ အမျိုးသားများ ခေါင်းတုံးတုံးလေ့ရှိသော ဇယိမ်ခေါ် ကယန်း(လထ)တို့ဖြစ်ကြသည်။

ကယန်း(ပဒေါင်)တိုင်းရင်းသားများကို ရှမ်းတို့က ‘ပဒေါင်’ဟူ၍ခေါ်ကြသည်။ ကြေးပတ်သောသူ (ပတ်တောင်း)ဟူသော ရှမ်းစကားမှ ‘ပဒေါင်’ ဖြစ်လာသည်။ ကယန်း(ပဒေါင်)သွေးချင်းတို့က ‘ကေ-ခေါင်း-ဒိုး’ဟူ၍ ခေါ်ကြသည်။ ‘တောင်များ၏အရှင်သခင်’ဟူ၍အနက်ရသည်။ အခြားတိုင်းရင်းသားတို့က ကယန်း(ပဒေါင်)ဟူ၍ခေါ်ဆိုကြသည်။

မွန်ဂိုလီယာဒေသ၌နေထိုင်ကြသော ကယန်းလူမျိုးတို့သည် လင်းယန်နှင့် လင်းချူးနှစ်မျိုးကွဲပြားရာ နယ်မြေနေရာ အမွေခွဲဝေရေးကိစ္စနှင့် မကြာခဏမသင့်မမြတ်ဖြစ်ရသည်။

‘ခေ’ ခေါ်တရုတ်နှင့် ‘ခဲယန်း’ခေါ်ကယန်းတို့ လူမျိုးစုနှစ်စုကွဲသွားသည်။ စစ်ရှုံးသောကယန်းတို့က တောင်ဘက်သို့ ပြောင်းရွှေ့ကြရာ စော်ဘွား လင်ခရန်းကဦးဆောင်၍အုပ်ချုပ်သည်။ မွန်ဂိုလီးယာမှ ပြောင်းရွှေ့သူများ တောင်ဖာတောင်မက် တိဘက်သို့ရောက်၍ ကွိုလု၊ ကွိုလန်တောင်တန်း၌ တောင်ယာများစိုက်ပျိုးကြရာ တောင်ကမ်းပါးပြိုကျ၍ အိုင်ကြီးသုံးခု၊ မြစ်ကြီးသုံးသွယ်မြစ်ဖျားခံရာသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

တိဘက်တွင် အစားအစာအခက်အခဲဖြစ်၍ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့ကြရာ ‘သစ်အယ်သီးလျှော်သောအယ်’ဟူ၍ အမည်ရသောမြို့ကို တည်ထောင်ခဲ့သည်။

သံလွင်မြစ်အရှေ့ဘက်မှ သံလွင်မြစ်အနောက်ဘက်သို့ကူးရန် တံတားတည်ဆောက်သည်။ အခြေခံဆင်းရဲသားလူတန်းစားများက ပစ္စည်းထုပ်များဖြင့် တံတားကိုကျော်ဖြတ်သည်။ တံတားမခိုင်၍ကျိုးကျရာ ဆင်၊ မြင်း၊ လားနှင့် ဝန်ပါသောသူဌေးများက သံလွင်မြစ်အရှေ့ဘက်ကမ်းတွင် ကျန်ရစ်ပြီး ယွန်း(ယိုးဒယား)၊ ခမာ(ကမ္ဘောဒီးယား)၊ ဆူမတြာ၊ ဂါရဝပ်ကျွန်းသို့ပျံ့နှံ့သွားသည်။

သံလွင်မြစ်လမ်းကြောင်းအတိုင်း ကယန်းမျိုးနွယ်စော်ဘွား ထော်မပါ တို့အဖွဲ့က ကရင်(ယန်းဘိုး)နှင့် ပအိုင်း(ယန်းပအို့)တို့ဆင်းလာပြီး ကရင်(ယန်းဘိုး)က သထုံမြို့ကိုထူထောင်သည်။ စော်ဘွားလာစရစ်တို့အဖွဲ့က ဖူးလီခေါ် ရွှေလီမြစ်ကြောင်းအတိုင်း ဆင်း၍ ခလော(ဧရာဝတီမြစ်)ဆုံရာအရပ်သို့ရောက်သော် တောင်ဘက်သို့ဆင်းလာသော ကယန်း(ဂေခို)တို့က အဝဝေ(အင်းဝ)ကိုထူထောင်သည်။

ကယန်းမျိုးနွယ်စုက သထုံမှ ပဲခူး၊ တောင်ငူသို့ပြောင်းရွှေ့ပြီး တောင်ငူအရှေ့ဘက် ဒိုးလောဆိုက် သောက်ရေခန်းချောင်းတောင်သို့ တက်သွားကြသည်။ ထိုမှ သံတောင်နယ်သို့ ခိုဝင်ကာ သံတောင်မှ ကယားပြည်နယ်ဘက်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ကယန်းတိုင်းရင်းသားအပါအဝင် ကယားလူမျိုးစုများ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ခြင်းနှင့် ပတ်သက်၍ ‘အသားဝါလူမျိုးများဖြစ်သော မွန်ဂိုလူမျိုးတို့၏ ပင်ရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်းရှိ တာရင့်မြစ်ဝှမ်းအရပ်များဖြစ်ကြသည်။ ထိုမွန်ဂိုအမျိုးအနွယ်တို့မှာ မိမိတို့၏ နေရင်းဒေသ၌ လူဦးရေတိုးပွားလာခြင်း၊ အင်အားကြီးသူတို့က အင်အားနည်းသူတို့အပေါ် အနိုင်ကျင့်ကြခြင်းစသည်တို့ကြောင့် ရေကြည်ရာမြက်နုရာသို့ ဝင်ရောက်လာကြခြင်းဖြစ်သည်’ ဟူ၍ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီမှထုတ်ဝေသော ပြည်ထောင်စုတိုင်းရင်းသား ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ကယား)စာအုပ်တွင် ညွှန်းဆိုသည်။

‘ကယန်းလူမျိုးများ ဆင်းသက်လာပုံနှင့်ပတ်သက်၍ ကယန်းလူမျိုးများသည် ရှေးယခင် တရုတ်ပြည်တွင် အခြေစိုက်နေထိုင်ကြပြီး တရုတ်လူမျိုးများနှင့် လူမျိုးနွယ်၊ ဘာသာစကားနှင့် ဘာသာရေး လုပ်ထုံးလုပ်နည်းများ ဆင်တူကြကြောင်းကို သုံးသပ်ဖော်ပြထားပါသည်။ အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းရှိ ဒရတ်လူမျိုးများသည် ကယန်းလူမျိုးနွယ်များဖြစ်သည်’ ဟူ၍ ၁၉၂၂ ခုနှစ် Columbus University မှထုတ်သော Marshall H.1 ပြုစုခဲ့သည့် The Karen People of Burma တွင် ညွှန်းဆိုသည်။

‘ကယန်းတိုင်းရင်းသားများသည် သူတို့ ၏ မူလအိမ်နေရာ သမိုင်းကြောင်းနှင့်ပတ်သက်၍ ဗဟုသုတရှိသူများမဟုတ်ကြောင်း ကယန်းလူကြီးသူမများ၏အဆိုအရ သူတို့သည် တောင်ဘက်ပိုင်းမှ ဆင်းသက်လာကြပြီး သူတို့နောက်ဆုံး အခြေချခဲ့သောနေရာမှာ တောင်ငူဖြစ်ကြောင်း၊ ထိုဒေသကို သူတို့က ကမ္ဘာ၏အလယ်ဗဟိုဒေသဖြစ်သည်ဟု ယူဆထားကြောင်း’ J.George Scott ရေးသားသော The Upper Burma Gazette စာအုပ်တွင်ညွှန်းဆိုသည်။

ကယန်း(ပဒေါင်)သွေးချင်းများက မိမိကိုယ်ကို တောင်ပေါ်ဒေသ၏အရှင်သခင်၊ တောင်ကိုကြီးစိုးလွှမ်းမိုးသူအဖြစ်ယူဆ၍ ကျေးရွာထူထောင်ရာတွင် မြေပြန့်လွင်ပြင်များထက် တောင်ပေါ်ဒေသကို အလေးကဲ ရွေးချယ်ကြသည်။ အချို့အယူအဆက မြေပြန့်ကအပူများသည် တောင်ပေါ်ကအပူသက်သာပြီး အအေးရနိုင်သည်ဟူ၍ယူဆသည်။ ထို့ကြောင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ မှ ၅၀၀၀ ကျော်မြင့်သောနေရာများ၌ ရေကြည်ရာမြက်နုရာ တည်ဆောက်နေကြသည်။

ကျေးရွာထူထောင်ရေးတွင် မြေနေရာရွေးချယ်၊ မြေသန့်နေရာရွေးချယ်မှုကို ကျေးရွာအကြီးအကဲများက စိတ်ကြိုက်ရွေးချယ်ကြသည်။ ကျေးရွာတည်ရန် သင့်မသင့်ကို ကြက်ရိုးထိုး အတိတ်နိမိတ်ကောက်ကြသည်။ ကေဘောကျေးရွာတည်ထောင်ရန် မြေနေရာရွေးချယ်ရသည်။ ကြက်ရိုးဗေဒင်က ကောင်းသောနိမိတ်ကိုပြလျှင် ရွာတည်ပြီး အတိတ်နိမိတ်မကောင်းပါက နောက်ထပ် နေရာသစ်ကို ရွေးချယ်ရသည်။ ရွာတည်ရန်မြေနေရာကို ရွေးချယ်ပြီး သချိုင်းမြေကိုပါ တစ်ပါတည်းရွေးကြရသည်။

ကျေးရွာအမည်မှည့်ခေါ်မှုတွင်၊ ကျေးရွာစတင်တည်ထောင်မှုတွင် ဦးစီးဦးရွက်ခဲ့သူ၏အမည်ကိုအစွဲပြု၍လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ တောင်တန်းအမည်ကိုအစွဲပြု၍လည်းကောင်း၊ ဒေသခံလူမျိုးနွယ်စု၏ အမည်ကိုအစွဲပြု၍လည်းကောင်း မှည့်ခေါ်ကြသည်။

ကယန်းကျေးလက်ရိုးရာ အိမ်ပုံစံများမှာ ပျဉ်ခင်းပျဉ်ကာ၊ သက်ငယ်မိုးထားသော ခြေတိုင်ရှည် တစ်ထပ်အိမ်မျိုးဖြစ်သည်။ ငွေကြေးပြည့်စုံသူတို့က သွပ်မိုးကြသည်။ တစ်ထပ်အိမ်၏အောက်ခြေအမြင့်မှာ လူကြီးတစ်ရပ်စာသာမြင့်သည်။ အိမ်အောက်ထပ်တွင် တစ်နှစ်စာ ထင်း၊ စပါး၊ သီးနှံမျိုးစုံ သိုလှောင်ထားသည်။ အိမ်ပုံစံက ထောင့်မှန်စတုဂံပုံဖြစ်သည်။ အခန်းဖွဲ့စည်းပုံက အိမ်၏ ထက်ဝက်ကိုဧည့်ခန်းထားပြီး ဧည့်ခန်း၏သုံးချိုး နှစ်ချိုးတွင် မီးဖိုထားသည်။ ကျန်ထက်ဝက်ကို အိမ်ခန်းနှစ်ခန်းဖွဲ့ထားသည်။ အိမ်တွင်းသို့ဝင်ရောက်ရန် ဝင်ပေါက်တစ်ခု ရှိသည်။ မီးဖိုအထက် ကြပ်ခိုးစင်တွင် ခေါင်ရည်ချက်ရန် ပစ္စည်းစုံ၊ ကြက်စာကျွေးရန် ပြောင်းများ တင်ထားသည်။ မီးဖိုခန်းထောင့်တွင် ရာဝင်အိုး၊ စဉ့်အိုးဖြင့် ခေါင်ရည်အိုးထားရှိသည်။

နွေရာသီအိမ်ဆောက်ရန် လိုအပ်သောသစ်ဝါးများကို ဆောင်းရာသီတွင် စုဆောင်းရသည်။ အိမ်ဆောက်ရန်အမာခံသစ်မှာ သပြေသား၊ ထင်းရှူးသားတို့ကို စုဆောင်းကြသည်။ သစ်တောတွင်း သစ်ပင်ခုတ်ရာတွင် စည်းစနစ်သတ်မှတ်ချက်၊ တားမြစ်ချက်ဓလေ့ထုံးစံရှိသည်။ တောင်ကမ်းပါးယံတွင်ကပ်၍ ပေါက်သောသစ်ပင်မခုတ်ရ။ သချိုင်းသို့သွားရာလမ်းရှိသစ်ပင်ကိုမခုတ်ရ။ နတ်တင်ထားသောသစ်ပင်ကိုမခုတ်ရ။

အိမ်ဆောက်ရန် မြေသားရွေးချယ်မှု၊ အိမ်ဆောက်ရန်ပန္နက်ရိုက်မှုအတွက် နေ့ရက်ရွေးချယ်ရာတွင် ကြက်ရိုးထိုးဗေဒင်ဖြင့် အတိတ်နိမိတ်ကောက်ကြသည်။ အိမ်သစ်တစ်လုံးဆောက်ရာတွင် မိသားစုသာမက ဆွေမျိုးများကပါ ဝိုင်းကူကြသည်။ အိမ်တစ်လုံးပြီးပါက အိမ်သစ်တက်ပွဲပြုလုပ်သည်။ အိမ်သစ်တက်ပွဲပြီးလျှင် မိသားစုတက်နေထိုင်နိုင်သည်။

ကယန်း(ပဒေါင်)သွေးချင်းတို့၏ ဥပဓိရုပ်သွင်က မွန်ဂိုလိုက်အနွယ်သွင်ပြင်ဖြစ်သည်။ အသားအရောင်က နီစပ်စပ်၊ ညိုရင့်ရင့် ပင်ကို အသွေးအရောင်က အသားဝါအုပ်စုဖြစ်သည်။

ကယန်း(ပဒေါင်)အမျိုးသား၏အရပ်အမောင်းက ၅ ပေ ၃ လက်မမှ ၅ ပေ ၈ လက်မကြားရှိသည်။ အမျိုးသမီး၏ အရပ်အမောင်းက ၅ ပေမှ ၅ ပေ ၄ လက်မကြားရှိသည်။ တောင်ပေါ်သားပီပီ တောင်တက်ရသောကြောင့် ခြေသလုံးကြွက်သားများဖုထစ်၍ တောင့်တင်းသန်မာသည်။ နေ့စဉ်ကာယဗလအားကိုးရ၍ ကြွက်သားများ ခိုင်မာသည်။ တောင့်တင်းသည်။ ဦးခေါင်းမှာ ကြက်ဥပုံသဏ္ဌာန်လုံးဝိုင်းမျက်နှာရှိသည်။ မျက်လုံးက အညိုရောင်၊ အနက်ရောင်၊ မျက်ပေါက်ကျဉ်းသည်။ မျက်ခွံမို့သည်။ နှာတံရှည်သည်။ နှာဖျားအနည်းငယ်ပွသည်။ နှုတ်ခမ်းသားပါးသည်။ ရှေ့သွားကြီးသည်။ ကွမ်းစားသည်။ ကွမ်းကြောင့် သွားများဝါပြီး နှုတ်ခမ်းအရောင်နီမြန်းသည်။ အသက်ကြီးသောအဘိုးအဘွားတို့မှာ သွားနက်သည်။ သွားနက်ရခြင်းမှာ ရှေးဓလေ့စရိုက်အရဖြစ်သည်။

ကယန်း(ပဒေါင်) အမျိုးသမီးသည် ငယ်ရွယ်စဉ်ကပင် လည်ပင်းတစ်ဝိုက် ကြေးကွင်းရစ်ပတ်ဝတ်ဆင်ရာ ပခုံးကြွက်သားများ အောက်သို့နိမ့်ကျသည်။ ပခုံးသားနိမ့်ကျသဖြင့် မျက်နှာခပ်မော့မော့ဖြစ်သည်။ ကယန်းအမျိုးသမီး၏ ခန္ဓာကိုယ်အနေအထားက တုတ်တုတ်ခိုင်ခိုင်မရှိကြဘဲ ပိန်ပိန်သွယ်သွယ်သာဖြစ်သည်။ ကြေးခွေအလေးချိန်ကြောင့် ကယန်း(ပဒေါင်)မိန်းမပျိုမှာ မျက်လုံးမျက်ခုံးပုံသဏ္ဌာန်၊ ခန္ဓာကိုယ်အရွယ်အစားအရ အချင်းချင်းအလှချင်းပြိုင်ပြီး အမွှာသွင်ပြင်ဖြစ်သည်။

ကယန်း(ပဒေါင်)သွေးချင်းတို့၏ စိတ်ထားက အမျိုးချစ်စိတ်ကြောင့် လူမျိုးစွဲ၊ ဒေသစွဲကြီးသည်။ သဘောထားပြည့်ဝသည်။ ပင်ပန်းဆင်းရဲဒဏ် ကြံ့ကြံ့ခိုင်နိုင်စွမ်းသည်။ ရပ်နီးရပ်ဝေးမှလာသော သူစိမ်းဧည့်သည်များအပေါ် တွေ့စတွင် ခပ်စိမ်းစိမ်းနေတတ်ကြသော်လည်း ရင်းနှီးကျွမ်းဝင်သောအခါ မိသားစုအသွင် စိတ်ဝယ်ထားရှိကြသည်။

၁၈၈၉ ခုနှစ် နယ်ချဲ့ဆန့်ကျင်ရေးကာလတွင် ကယန်း(ပဒေါင်)တို့က လက်ကောက်ဝတ်တွင် ‘တက်နေ’တံဆိပ်များဆေးထိုး၍ တိုက်ပွဲဝင်ခဲ့ကြသည်။ ဂျပန်တော်လှန်ရေးကာလတွင် ဂျပန်တပ်ကို ဒေါရောက်ချူမြို့မှ တော်လှန်ခဲ့ကြသည်။ ကယန်း(ပဒေါင်)တို့တိုက်ပွဲဝင်ခဲ့မှုနှင့်ပတ်သက်၍ ‘ပဒေါင်လူမျိုးများသည် ဝတ်စားဆင်ယင်ပုံရိုးသားကြသကဲ့သို့ အနေအထိုင် အပြောအဆိုကလည်း အလွန်ရိုးသားကြသူများဖြစ်ကြသည်။ အမျိုးသမီးများသည် အရှက်အကြောက် အလွန်ကြီးဟန်တူသည်။ သူတို့သည် မျက်နှာစိမ်းဧည့်သည်တစ်ဦးဦး သူတို့နေထိုင်ရာအိမ်သို့ရောက်လျှင် အိမ်အတွင်းပြေးဝင်ပုန်းတတ်ကြသည်။ စကားပြောသောအခါ၌လည်းကောင်း၊ ရယ်သောအခါများတွင်လည်းကောင်း သူတို့၏ပါးစပ်ကို လက်ဝါးဖြင့်ရှက်စနိုး အမြဲအုပ်ထားလေ့ရှိကြသည်။

‘သို့ရာတွင် ပဒေါင်အမျိုးသမီးများကားရဲရင့်တက်ကြွ၍ ဖျတ်လတ်သောအသွင်သဏ္ဌာန်ရှိကြသည်။ ယခင်ဗြိတိသျှခေတ်က စစ်ထဲလိုက်ဖူးသော စစ်တိုက်ကျွမ်းကျင်သူများလည်းရှိသည်။ ဖက်ဆစ်တော်လှန်ရေးကာလ ဂျပန်များကို မြန်မာနိုင်ငံအတွင်းမှ မောင်းနှင်ထုတ်စဉ် ဂျပန်များအား ရှိသမျှလက်နက်အင်အားဖြင့် တိုက်ထုတ်ခဲ့သော ပဒေါင်အမျိုးသားအများအပြား ယခုတိုင်ရှိကြသည်။

စာမျက်နှာ ၁၇ သို့

## မျိုးနွယ်စုခိုင်မာသော ကယန်း(ပဒေါင်)သားချင်း...

စာမျက်နှာ ၁၆ မှ

ကယားပြည်နယ်ဦးစီးအဖွဲ့ဝင် ဦးသိုင်း သန်းတင်နှင့် ကွယ်လွန်သူ သိုင်းဗဟန်တို့မှာ ထင်ရှားသော ပဒေါင်အမျိုးသားများဖြစ်ကြသည်'ဟူ၍ ညွှန်းဆိုသည်။

ကယန်း(ပဒေါင်)အမျိုးသား၊ အမျိုးသမီးတို့၏ဆင်ယင်ထုံးဖွဲ့မှုက ရိုးရာအစဉ်အလာကို ထိန်းသိမ်းသောအသွင်ဆောင်သည်။ အမျိုးသားများက လက်ယာဘက်သို့ သျှောင်တစောင်းထုံးပြီး ဆံထုံးပေါ်၌ ဖြူနီပန်းရောင်ပါသော ဖျင်ကြမ်းကိုပေါင်းသည်။ အပေါ်အင်္ကျီကို အဖြူခံ သိုးမွေးချည်ခံ ရင်ကွဲဂျပ်ခုတ်ထည်များကို ဝတ်ဆင်ကြသည်။ ဘောင်းဘီမှာ ချည်အဖြူခံ သို့မဟုတ် အနက်ရောင်ခံကို ဝတ်ဆင်ကြသည်။ ခါးတွင် သားရေတစ်ဆင့် ကြေးကွင်းတစ်ဆင့် ဆက်ထားသော ခါးပတ်ကိုပတ်ထားသည်။ ကြေးကွင်းတွင် ဆင်စွယ်ဓားရိုး၊ ဆတ်ချိုဓားရိုး ငွေသားဖြင့်လှပစွာပြုလုပ်သောဓားအိမ်ကိုချိတ်ဆွဲကြသည်။

ပွဲလမ်းသဘင်တွင် အမျိုးသားအချို့က နားဖောက်၍ ငွေနားဆွဲ၊ သိုးမွေးရောင်စုံဖြင့် ပန်ဆင်ကြသည်။ လည်ပင်းတွင် ကွင်းလိပ်ငွေသားဆွဲကြိုး၊ ဘော့ဒ်ပန်းကွက်ဖော်သော ငွေဆွဲပြားကိုဆွဲကြသည်။ ခြေချင်းဝတ်တွင် 'ဘုတ်သံ' ပုတီးကို ခြေမျက်စိအောက်ဆုံး သုံးလေးကုံးဝတ်ဆင်ကြသည်။ လက်မောင်း၊ ခြေသလုံးအထက်တွင် ကာမို့သင်ရိုးကို ကွင်းအလိုက်တပ်ဆင်ကြသည်။

ယခုအချိန်တွင် ကယန်း(ပဒေါင်)အမျိုးသားများက ဆံထုံးထုံးခြင်း၊ ခေါင်းပေါင်းပေါင်းခြင်း၊ နားဖောက်ခြင်းမပြုကြပါ။ ရှပ်အင်္ကျီ၊ ရှမ်းဘောင်းဘီကိုဝတ်ဆင်ကြသည်။ နေ့ကြီးရက်ကြီး၊ အမျိုးသားပွဲသဘင်အခမ်းအနားများတွင် အမျိုးသားဝတ်စုံဖြစ်သော ရင်ကွဲအင်္ကျီအဖြူ ရှမ်းဘောင်းဘီအရှည်၊ ခေါင်းပေါင်းအနီ၊ ပန်းရောင်တို့ကိုဝတ်ဆင်ကြသည်။

ကယန်း(ပဒေါင်)အမျိုးသမီးများ၏ အင်္ကျီပုံစံမှာ အထက်ပိုင်းတွင်အဖြူ အောက်ပိုင်း၌ အနီရောင်ပါသော ခေါင်းစွပ်ဂျပ်ခုတ်ထည်ဖြစ်သည်။ အင်္ကျီမှာ ပေါင်လယ်အထိရှည်သည်။ အောက်ပိုင်းတွင် အနီရောင်၊ အနက်ရောင်၊ ကန့်လန့်စင်းဂျပ်ခုတ်ထည်ကို ခြေသလုံးအထက်ထိ ဝတ်ဆင်ကြသည်။

ယခုအခါ ကယန်း(ပဒေါင်)အမျိုးသမီးတို့က ပွဲလမ်းသဘင်၌ ရင်ကွဲအင်္ကျီအနီရောင်၊ အနက်ရောင်ကန့်လန့်စင်းထမီရှည်ကို ဝတ်ဆင်ကြပြီး ခေါင်းတွင် ခေါင်းစည်းအဖြူကို ရစ်ပတ်ချည်နှောင်ကြသည်။

ဆံပင်ထုံးဖွဲ့မှုကထူးခြားသည်။ ခေါင်း၏ထိပ်ဝယ် အချွန်ပုံသဏ္ဌာန်ထုံးဖွဲ့ပြီး ဆံထုံးထိပ်တွင် 'ကဒ်ဂုပ်ကဒ်ခိုက်'ဆံထိုးချွန်ကြီးကို ထိုးစိုက်သည်။ အောက်ဘက်တွင် 'မိုင်းန်' ကျပ်ပြားဝိုင်းခန့် ဆံထိုးအဝိုင်းကြီးနှစ်ခုကို အထက်အောက်ဆင့်၍စိုက်ကာ ငွေကွပ်ထားသောဘီးနှစ်ခုကို ရှေ့နောက်နှစ်ချောင်းပြန် လှန်စိုက်သည်။ ဆံထုံးငယ်နှစ်ချောင်း၏ထိပ်တွင် ဒင်္ဂါးပြားအသေးကို စိန်ပန်းခိုင် ပြုလုပ်ထားသည်။ ငွေဒင်္ဂါးကလေးကို နဖူးအထက်တွင် လခြမ်းသဏ္ဌာန်ဆွဲချသည်။

ကယန်း(ပဒေါင်)အမျိုးသမီး၏ ဆင်ယင်မှုတွင် လည်ပင်း၊ ခြေထောက်တို့၌ ကြေးခွေများရစ်ပတ် ဝတ်ဆင်ကြခြင်းသာဖြစ်သည်။ လည်ပင်းတစ်ခုလုံးကို ခေါင်းပိတ်ကြေးချောင်းများဖြင့် အထက်ကား၍ အလယ်တွင် သိမ်ပြီး အောက်သို့ကျယ်သောပုံဖြင့် ရစ်ပတ်ဝတ်ဆင်ကြသည်။ ကြေးခွေအောက်ပိုင်း လည်ရစ်တွင် ကြေးခွေကလေးများကို ထိန်း၍ ဝတ်ဆင်ကြသည်။ ကွင်းလိမ်ငွေကြိုး၊ ငွေဒင်္ဂါးပြားဘယက်ကို လည်ပင်းတွင်ချိတ်ဆွဲသည်။ ပယင်းပုတီးများကို သီကုံးဝတ်ဆင်ကြသည်။

အမျိုးသမီးတို့က နားပေါက်ကျယ်ကြီးများ ဖောက်ပြီး ငွေ၊ ကြေး၊ နားဆွဲ၊ နားတောင်းများ ဆင်မြန်းကြသည်။ ငွေလက်ကောက်ဝတ်ကြသည်။

ခြေနှစ်ဖက်တွင် ဒူးဆစ်မှ ခြေသလုံး၊ ခြေသလုံးမှ ခြေမျက်စိထိ ကြေးခွေ လေးခွေစီ ရစ်ပတ်ကြသည်။ ခြေမျက်စိအောက်တွင် ဘုတ်သံပုတီး၊ ချူးသီးများဝတ်ဆင်ကြသည်။ အသက်ငါးနှစ်အရွယ်မှစတင်၍ ကြေးခွေ ရစ်ပတ်ဝတ်ဆင်ကြသည်။

ကယန်းအမျိုးသမီးများ ကြေးခွေ ရစ်ပတ် ဝတ်ဆင်ခြင်းမှာ 'အမိမှာ နဂါး၊ အဘမှာ ဘုရား'ဟူ၍ ယူဆပြီး မိခင်နဂါး၏ ပုံသဏ္ဌာန်နှင့်တူစေရန် လည်ပင်းတွင်ဝတ်ဆင်ခြင်းသာဖြစ်သည်။

ကယန်းလူမျိုးတို့သည် ရန်ကုန်(ဒဂုံ)သို့ ရောက်စဉ် ရွှေပင်ငွေပင်အနွယ်များကိုတွေ့၍ မုန်းမူဂုတ်အဖွားအိုက ရွှေပင်ကိုချိုး၍ လည်ပင်းတွင်ရစ်ပတ်ခဲ့ရာမှ ကြေးခွေဝတ်ဆင်ခြင်း ဓလေ့စတင်ခဲ့သည်ဟူ၍ အချို့ကယူဆကြသည်။

ကယန်းလူမျိုးမိန်းမပျိုများ၏ အချောအလှအယဉ်ကိုမြင်တွေ့သော ရှေးစော်ဘွားဘုရင်များက တော်ကောက်ခြင်း၊ မိဖုရားတင်မြှောက်ခြင်းကို ပြုလုပ်ခံရမည်စိုးရိမ်သောကြောင့် အကျည်းတန်စေရန် လည်ပင်းတွင် ကြေးခွေများရစ်ပတ်ဝတ်ဆင်ခြင်းဖြစ်သည်ဟူ၍ အချို့က ယူဆကြသည်။

ကမ်းယံအနွယ်ဝင် ဘုရင့်သမီးတော်များက ဘော်ကြိုးကို အမြတ်တနိုး လည်ပင်းတွင်ဆွဲထားရာမှ ပဒေါင်အမျိုးသမီးက ဘော်ငွေငါးခွေကို ပြောင်းလဲဝတ်ဆင်လာသည်။ ထို့နောက် တုပပြိုင်ဆိုင်၍ အလှအပပြင်ဆင်ရာမှ ဘော်ငွေအစား ကြေးခွေများကို အစားထိုးလာသည်ဟူ၍ အချို့ကယူဆကြသည်။

ကယန်း(ပဒေါင်)အမျိုးသမီးများ၏ လည်ပင်းတွင် ရစ်ပတ်ဝတ်ဆင်သောကြေးခွေမှာ ခေါင်းပိတ်ခွေ ၁၈-၂၄ ရစ်ကိုလည်းကောင်း၊ ခြေထောက်တွင် ခွေ ၁၅-၃၀ ရစ်ကိုလည်းကောင်း ပတ်ထားလေ့ရှိကြသည်။ ဒူးဆစ်အောက်ကြေးခွေပေါ်တွင် စပရိန်ကြေးခွေလေးခွေ ထပ်ဆင့်ရစ်ပတ်ကြသည်။ ကြေးခွေ၏ပွတ်တိုက်မှုဒဏ်ကို ခံနိုင်ရန် ကြေးခွေနှင့် လည်ပင်းကြား အနက်၊ အပြာချည်ထည်စများ ခုခံရစ်ပတ်ထားကြသည်။

အသက်ငါးနှစ်အရွယ် သမီးပျိုဘဝတွင် ကြေးခွေပတ်ရန် အချိန်ရောက်ပြီဟူ၍ ယူဆကာ ကြေးခွေပတ် ကျွမ်းကျင်သူနတ်ဆရာထံပို့ဆောင်၍ ကြက်ပျိုမတစ်ကောင်လက်ဆောင်ပေးပြီး အပ်နှံရသည်။ ကြေးခွေပတ်မည့် မိန်းမပျိုက ကြေးပတ်မည့် နေ့ရက်မြတ်ကို တောင်းခံရသည်။ ရက်မြတ်ရွေးချယ်ရာတွင် လပြည့်၊ လဆန်းရက်ကိုသာ ရွေးရသည်။ လကွယ်၊ လဆုတ်ရက် ကိုရွေးမိမှားပါက လူကိုထိခိုက်ဒဏ်ရာရရှိနိုင်၍ ရှောင်ကြဉ်ကြသည်။

ကြေးခွေကို ကြိုတင်ပြုလုပ်စီမံရာတွင် ကြေးခွေ၏လုံးပတ်ညီညာချောမွတ်အောင်ပုံသွင်းရသည်။ ဝါးကိုမီးမြှိုက်ပြီး ကြေးကို ပုံသွင်းရသည်။ ကြေးခွေပတ်မည့် နေ့မြတ်တွင် အိမ်နီးချင်းအား ဖိတ်ကြားကျွေးမွေးပြီး ကြေးခွေပတ် ကျွမ်းကျင်သူနတ်ဆရာက ဂါထာမန္တန်များရွတ်ဆိုကာ လည်ပင်းကို စတင်ပတ်ရသည်။ ရစ်ရသည်။ လည်ပင်းပြီးမှ ညာဘက်ခြေထောက်ကို ခုနှစ်ပတ်ခန့်ပတ်သည်။

ကယန်း(ပဒေါင်)ပျိုဖြူများသည် အပျိုဖော်ဝင်ချိန်၊ လက်ထပ်ပြီးချိန်တို့တွင် ငွေကြေးဥစ္စာပိုင်ဆိုင်မှု၊ ချမ်းသာကြွယ်ဝမှုအရ ကြေးခွေများကို ထပ်တိုးရစ်ပတ်ကြသည်။ ကြေးခွေများထပ်မံတိုးရစ်ပတ်လိုပါက မူလဝတ်ဆင်ထားသောကြေးခွေကို ပြန်ချွတ်ရသည်။ ကြေးခွေချွတ်လျှင် ဦးခေါင်းအောက်၌ စောင်၊ ခေါင်းအုံးတစ်ခုခုခံ၍ချွတ်ရသည်။ ထိုသို့ စောင်၊ ခေါင်းအုံးမခံမိပါက ဇက်လိမ်၊ ဇက်ကျိုးဖြစ်ပြီး အသက်ပါ ဆုံးရှုံးနိုင်သည်ဟူ၍ အယူရှိကြသည်။ ချွတ်လိုက်သောမူလ ကြေးခွေကို ထပ်မံတိုးမည့် ကြေးခွေအသစ်ဖြင့် ပေါင်းစပ်၍ ပြန်လည်ရစ်ပတ်ရသည်။

ဝတ်ဆင်ထားသောကြေးခွေများကို လှပသေသပ်အောင် ကောက်ရိုးဖြင့်ပွတ်တိုက်ကြသည်။ ကယန်း(ပဒေါင်)လှပျိုဖြူများသည် မိမိတို့ ဝတ်ဆင်ထားသော ကြေးခွေများ အပေါ် တန်ဖိုးထား ဂုဏ်ယူကြသည်။ ရိုးရာဓလေ့အရ မိဘဘိုးဘွားများမှ စတင်ဝတ်ဆင်ခဲ့သော ကြေးခွေများကို ယနေ့တိုင် တန်ဖိုးထားဝတ်ဆင်နေကြသည်။ ကြေးခွေအများဆုံး ဝတ်ဆင်နိုင်သူလှပျိုဖြူကို ဒေသခံ လူပျိုများကတန်ဖိုးထားသည်။ မျက်နှာသာပေးသည်။ မင်္ဂလာကြေးတင်တောင်းမှု ပိုမိုရရှိသည်။ မင်္ဂလာကြေးပိုမိုပေးဆောင်ရသည်။

အိမ်ထောင်ရှင် အမျိုးသားများကလည်း ငွေကြေးပြည့်စုံကြွယ်ဝမှု အတိုင်းအတာအရ မိမိတို့၏ ချစ်ဇနီးကို ကြေးခွေများတိုး၍တိုး၍ ရစ်ပတ်ဝတ်ဆင်စေသည်။

ကယန်း(ပဒေါင်)တို့၏ ရိုးရာဓလေ့တွင် သွားနက်ဆိုးခြင်းဓလေ့က ရှေးကပင်ရှိခဲ့သည်။ တောင်ယာစပါးရိတ်သိမ်း နတ်တော်၊ ပြာသိုလတွင် 'သွားနက်ဆိုးပွဲ'ပြုလုပ်ရန် ကျေးရွာအတွင်း ခေါင်ချက်ခြင်း၊ ရက်ကန်းရက်ခြင်း၊ ခရီးသွားလာခြင်းတို့ကို ရှောင်ကြဉ်ကြသည်။ သွားနက်ဆိုးရန်ပြင်ဆင်ချိန်နှင့် သွားနက်ဆိုးသောနေ့ထိ ရက်သတ္တတစ်ပတ်ကြာသည်။ ကျေးရွာအတွင်း 'သွားနက်ဆိုးပွဲ' ပြုလုပ်ရာတွင် အပျိုမဏ္ဍပ်၊ လူပျိုမဏ္ဍပ် နှစ်ခုကို မျက်နှာချင်းဆိုင်ထိုးပြီး ဆောက်လုပ်သည်။ သွားဆိုးမည့်သူသည် မဏ္ဍပ်ချင်း မကူးရ။ သွားအရောင်ဆိုးရာတွင် ဝါညိုရောင် ငရုတ်ကောင်းစေ့သာသာရှိ စွေတာအသီးကို တောထဲမှာလိုက်လံရှာဖွေ စုဆောင်းရသည်။ စွေတာသီး လုံလောက်စွာစုဆောင်းပြီးပါက အရည်ကိုညှစ်၍ ဝါးဗူးတွင်ထည့်ရသည်။ သွားဆိုးမည့်သူများသည် သွားမဆိုးမီ တစ်ရက်တာ အသားစားရှောင်ကြဉ်ရသည်။

'သွားဆိုးပွဲ'ကို နံနက်ပိုင်း အလင်းရောင်ကောင်းစွာရချိန်တွင်စတင်၍ သွားဆိုးမည့်သူတစ်ဦးချင်းက ရှောက်သီး(သံပရာသီး)တစ်စိတ်စီကို သွားဖြင့်ကိုက်ထားကြရသည်။ နှစ်နာရီအကြာတွင် သွားဆိုးရည်ဖြင့် တစ်ဦးချင်းစီ၏သွားကိုဆွတ်ကြည့်သည်။ သွားဆိုးရည်စွဲပါက သွားဆိုးချိန်ရောက်ပြီဟု သတ်မှတ်ကြပြီး သွားဆိုးရည်ကိုငုံစေသည်။ အချိန်မကျသေးပါက ရှောက်သီး(သံပရာသီး)ကို ပြန်ကိုက်ထားရသည်။ သွားဆိုးရည်စွဲပြီးသူအား သွားဆိုးရည် ငုံထားစေသည်။

တစ်နာရီခန့်ကြာလျှင် သွားများကိုတစ်ဦးချင်း စစ်ဆေးရသည်။ သွားများမည်းနက်ပါက လုံလောက်ပြီဟု၍ယူဆပြီး မည်းနက်မှု မရှိသေးပါက ထပ်မံငုံထားကြရသည်။

သွားဆေးဆိုးရာတွင် နှုတ်ခမ်းမမည်းစေရန်၊ သွားများလေသလပ်၍မာလာစေရန် နှုတ်ခမ်းကို တုတ်ဖြင့်ထောက်ထားရသည်။ သွားဖြင့် ရှောက်သီးကိုကိုက်စေခြင်းမှာ သွားများနူးပျော့ပြီး ဆေးမည်းနက်မှုကို ခိုင်မာလာနိုင်သည်ဟူ၍ယူဆကြသည်။ ဆေးမည်းဆိုးပြီးပါက သွားကိုထောက်ထားသော တုတ်ကိုပြန်ဖြုတ်ရသည်။

သွားနက်ဆိုးပြီးလျှင် မိမိဒေသကျေးရွာသို့ ပြန်လျှင် ရွာအဝင်၌ ဒေသခံရွာသူရွာသားများက ဂုဏ်ယူပျော်ရွှင်စွာ အိုးစည်ဗုံမောင်းများ တီးမှုတ်ကြိုဆိုကြသည်။ 'သွားဆိုးပွဲ'တွင် ပါဝင်ကူညီကြသောသူများနှင့် သွားဆိုးသူတို့အား သွားနက်ဆိုးသောလူပျိုအပျို၏ မိဘအုပ်ထိန်းသူများက ခေါင်ရည်တိုက်၊ ထမင်းကျွေးကြရသည်။

သွားနက်ဆိုးခြင်းဓလေ့သည် အလှအပအတွက်သာဆောင်ရွက်ခြင်းဖြစ်၍ မိဘအုပ်ထိန်းသူက အတင်းအကြပ်တိုက်တွန်းလုပ်ဆောင်ခြင်းမရှိပါ။ မိမိတို့ ဆန္ဒသဘောအရသာဆောင်ရွက်ခြင်းဖြစ်ရာ ဆိုးထားသောသွားများ ပြန်ဖြူလာပါက ထပ်မံဆိုးကြသည်။ သွားဆိုးပွဲကို ကျေးရွာများတွင် တစ်နှစ်လျှင် တစ်ကြိမ်သာဆောင်ရွက်ကြသည်။

မျိုးနွယ်စုခိုင်မာသော ကယန်း(ပဒေါင်)သားချင်းတို့သည် မြန်မာပြည်၏ ပေ ၃၀၀၀ ကျော်မြင့်သောဒေသဝယ် ထင်းရှူးတောရိပ်ခို၍ ထင်းရှူးသားတိုင်ထူ၊ ထင်းရှူးသားခင်း၊ ထင်းရှူးသားကာ၍ အရိုးသားဆုံး အသက်မွေး နေထိုင်မှု၊ ဘဝဝမ်းရေးဖန်တီးမှု အလုပ်အကိုင်အခွင့်အလမ်းများအတွက် ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ ဝါဖန်၊ ချည်ငင်၊ ရက္ကန်းရက်လုပ်ငန်း၊ တောင်ပလုံးလုပ်ငန်း၊ အိုးလုပ်ငန်း၊ ဓားလုပ်ငန်း၊ လက်ဖက်စိုက်ခင်းလုပ်ငန်းများဖြင့် မိသားစုဝင်ငွေရရှိရေးအတွက် နေထွက်မှ နေဝင်တိုင် 'မြေကြီးနှင့်လုပ်အား' ပေါင်းစပ်ကာ အသက်မွေးနေထိုင်မှုက ဘဝအတွက် အလှဆုံး ပုံဖော်ထုဆစ်ခြင်းပင်ဖြစ်သည်။

အဟောင်း အဟောင်းများမှ အကောင်း အကောင်းများကိုရယူပိုက်ထွေးပြီး အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားစေရန် မျိုးနွယ်စုခိုင်မာ ရင့်ကျက်မှုအစဉ်အလာကောင်းများစွာကို ဆက်လက်စောင့်ထိန်း နေကြမည်သာ ဖြစ်ပေသတည်း။



## မြိုင်ပြည်သူ့ဆေးရုံနှစ်ထပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာလေးထပ်ဆောင် ဆောက်လုပ်မှုကြည့်ရှုစစ်ဆေး

**မြိုင် မေ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ ပြည်သူ့ဆေးရုံဝန်းအတွင်း ဆောက်လုပ်လျက်ရှိသော နှစ်ထပ်လူနာဆောင်နှင့် လေးထပ်ခြောက်ခန်းတွဲ အဆောက်အအုံတို့အား စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီးသည့် အခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတို့က မေ ၁၉ ရက်က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

အများပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအဆင်ပြေ ချောမွေ့စေရန်အတွက် ရွှေမောင်မြေကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသော နှစ်ထပ်ဆေးရုံ၊ လေးထပ်ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တိုက်ခန်းများ တည်ဆောက်နေမှုတို့ကို မြိုင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေး၊ ဦးသက်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ လက်ထောက်ဆရာဝန် ဒေါက်တာစံမြင့်လင်းနှင့် အင်ဂျင်နီယာ ဒေါ်ညွန့်ညွန့်ရီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်အေး၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်း၊ ဦးစီးအရာရှိ ဦးဟန်မြင့်တို့က ဆောက်လုပ်နေသော အဆောက်အအုံများ လိုအပ်သည်တို့ကို ကြည့်ရှု၍ ပွင့်လင်းမြင်သာမှုရှိစေရန် လိုအပ်သည့် အဆောက်အအုံ စံချိန်စံညွှန်းတို့ ကိုက်ညီမှုရှိစေရေး ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။ **စိန်မြိုင် (မြိုင်)**

## ကျောက်တံခါးစည်ပင်သာယာ အမှိုက်သိမ်းစေချင်

**ကျောက်တံခါး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ စည်ပင်သာယာရေးဦးစီးဌာနမှ လမ်းဘေးစည်ပင်သာယာ အမှိုက်ပုံများအား နေ့စဉ် သိမ်းဆည်းမှုမရှိသဖြင့် လမ်းမပေါ်ထိ အမှိုက်များမြင်၍မကောင်းအောင်ဖြစ်နေပြီး အနံ့ဆိုးများထွက်ခြင်း၊ ယင်နှင့် ကြွက်များ ပေါများနေသဖြင့် ကျန်းမာရေးနှင့်ညီညွတ်မှုမရှိခြင်း၊ မြို့အင်္ဂါရပ်နှင့် မတင့်တယ်ခြင်းများအား ပြုပြင်ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများအကြား ဝေဖန်လျက်ရှိကြောင်း သိရသည်။

စာတိုက်ရပ်ကွက်ထဲက ဘုရင့်နောင်လမ်းမမှ ဗိုလ်ချုပ်လမ်းပေါ်ဘက်ထွက်တဲ့ မြို့လယ်ကောင်ရှိ အမှိုက်ပုံမှာ အနံ့အသက်ဆိုးဆိုးရွှားရွှားထွက်နေရကြောင်း စာတိုက်ရပ်ကွက် နေလမ်းအသုံးပြုနေသူများက ပြောသည်။

"အမှိုက်က ဈေးဖက်က ထွက်တဲ့အမှိုက်တွေနဲ့ ရပ်ကွက်ထဲက စွန့်ပစ်တဲ့အမှိုက်တွေ နေ့စဉ်သိမ်းစေချင်တယ်။ လမ်းလယ်အထိ ရောက်နေတဲ့ အမှိုက်တွေက ရက်ကြာလေလေ အနံ့ဆိုးက ထွက်နေပြီ၊ နေပူတဲ့ကြားထဲ အမှိုက်ပုံ ဖြိုရှာနေတော့ အနံ့ဆိုးတွေကထွက်နေတယ်။ နှာခေါင်းပိတ်ပြီး သွားနေရတယ်။ အမှိုက်ပုံနဲ့ နီးတဲ့အိမ်တွေ ဒီဒုက္ခခံနေရတာကြာပြီ။ ကျန်းမာရေးနဲ့လည်း မညီညွတ်တော့ဘူးပေါ့။ ဒီလမ်းက ဈေးကို သွားတဲ့လမ်းဖြစ်တယ်။ အများသူငါသွားတဲ့ လမ်းပေါ်ကအမှိုက်တွေကို စည်ပင်က သိမ်းသင့်တယ်"ဟု မြို့မိဖြို့ဖ ဦးစံဦးက ပြောသည်။

"နိုင်ငံ့ဝန်ထမ်းတွေလေ၊ နိုင်ငံတော်က လစာချီးမြှင့်ထားတာ ပြည်သူတွေအပေါ် စေတနာထားစေချင်တယ်။ ပြောင်းလဲလာပြီဆို အားလုံးက ဝိုင်းဝန်းပြောင်းလဲမှ ကောင်းမယ်။ စည်ပင်က အလုပ်မလုပ်တော့ တွေ့ရာလူကအမှိုက်ပုံပေါ် အပေါ့သွားနေကြတာ မြင်မကောင်းပါဘူး။ မတင့်တယ်ဘူးလေ" ဟု ပညာရေးဝန်ထမ်း ဆရာမတစ်ဦးကပြောသည်။

**မိုးသက်ဝင်း**

## မြန်မာ့ရိုးရာအတာသင်္ကြန်ကာလတွင် ထူးထူးကဲကဲ ကောင်းမှုကုသိုလ်များဖြင့် သံဃာတော်များအား ဆွမ်းများ လောင်းလှူကုသိုလ်ယူ

**ရေစကြို မေ ၂၀**

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများသည် ကောင်းမှုကုသိုလ်အမျိုးမျိုးကို နိစ္စဓူဝပြုလုပ်လှူဒါန်းလေ့ရှိကြသည့်အထဲတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ကာလတွင် ထူးထူးကဲကဲကောင်းမှုကုသိုလ်များကို ပိုမိုပြုလုပ်ကြသည်။

ရေစကြိုမြို့တွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလမတိုင်မီကပင် ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် ဒုလ္လဘရဟန်း သာမဏေများဝတ်ကြပြီး မြို့အတွင်း ဆွမ်းခံကြွရာတွင် ရပ်ကွက်အလိုက်၊ လမ်းအလိုက် ဆွမ်းအလှူရှင်များက ဖွယ်ဖွယ်ရာရာ ချက်ပြုတ်လောင်းလှူ ကုသိုလ်ယူကြသည်။ မေ ၁၇ ရက်က အမှတ်(၁) ထင်းတန်းရပ်ကွက်သို့ မြို့ဦးမဟာစည်ဓမ္မရိပ်သာမှ သံဃာတော်များ ဆွမ်းအလှူခံကြွလာရာ အလှူရှင်များက ဆွမ်းဟင်းလျာများ လောင်းလှူနေကြသည်ကို ကြည်နူးဖွယ် တွေ့မြင်ခဲ့ရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**



# အယ်နီညိုရာသီဥတုနှင့် အပူရှိန်ပြင်းထန်မှုကြောင့် ရေပိုသောက်ရန် လိုအပ်



**à cibef;Def;ajr)**

လူ၏ခန္ဓာကိုယ်တွင် မိမိ "မျှခြေ" ရှိသော အပူချိန်ကို ထိန်းသိမ်းထားရန်အတွက် အပူရရှိမှုနှင့် အပူဆုံးရှုံးမှုတို့ညီမျှစေခြင်းဖြင့် ထိန်းသိမ်းထားပါသည်။ ချွေးထွက်ခြင်း၊ အသက်ရှူထုတ်ခြင်းစသည်တို့မှ အပူဆုံးရှုံးရသည်။ သွေးလည်ပတ်မှု၊ ဆဲလ်များ၏ ဇီဝဖြစ်ပေါ်ပြောင်းလဲမှု၊ ပတ်ဝန်းကျင်အပူဓာတ်တို့မှ အပူများရရှိသည်။ အပူလွန်ကဲမှုကို ချွေးထွက်ခြင်းဖြင့် ခန္ဓာကိုယ်အပူအအေးထိန်းညှိပေးသည်။ ပတ်ဝန်းကျင် အပူချိန်မြင့်ပါက အပူစုပ်ယူမှုများသည် ပတ်ဝန်းကျင်အပူချိန်ကြာမြင့်စွာမြင့်နေလျှင် ချွေးထွက်ခြင်းဖြင့် ထိန်းသိမ်းနေရမှု ထိခိုက်လာသည်။ ချွေးနှင့်အတူရေနှင့် ဆားဓာတ်များပါ ဆုံးရှုံးရသည်။ အပူလွန်ကဲမှုများလေ ဆီးသွားမှုနည်းလေဖြစ်ပြီး ဆီးနှင့်ချွေးတို့မှ ရေဓာတ်ဆားဆုံးရှုံးမှုများပြားလာကာ ခန္ဓာကိုယ်၏ အပူဓာတ်ညီမျှအောင် ထိန်းညှိမှုပါ ပျက်စီးစေနိုင်သည်။

ရေတစ်ဖန်ခွက် (၂၄၀) မီလီလီတာ ခန့်ရှိပါသည်။ ဒါကြောင့် လူ၏ခန္ဓာကိုယ်မှ လိုအပ်သော တစ်နေ့တာလိုအပ်ချက် ရေ (၈) ခွက်ကျော်သောက်သုံးသင့်ကြောင်း၊ ရေကိုနေပူထဲသွားလျှင် ရေတစ်ဖန်ခွက် သောက်ဖြစ်အောင်သောက်သွားပါ။ ရေသောက်အားနည်းခြင်းကြောင့် အသားအရေခြောက်သွေ့ခြင်း၊ ဦးနှောက်၊ အဆုတ်၊ ကျောက်ကပ်စတဲ့ ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းတွေက ရေအလုံအလောက်ကောင်းစွာရရှိမှ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွက်လက်စွာ လှုပ်ရှားနိုင်မှာ ဖြစ်ပါသည်။

အသီးအနှံတွေကလည်း ရေဓာတ်ကိုရရှိနိုင်ပါတယ်။ နွေရာသီမှာ အရည်ရွှမ်းအသီးများကို စားပေးပါ။ ခန္ဓာကိုယ်ရဲ့အညစ်အကြေးများကို ရေလုံလောက်စွာရမှ စွန့်ထုတ်နိုင်မှာဖြစ်ပါတယ်။ ရေဓာတ်လုံလောက်စွာမရလျှင် ခန္ဓာကိုယ်အပူချိန်မြင့်မားပြီး အဖျားအနာများ အဖုအကျိတ်များဖြစ်ပေါ်တတ်ပါသည်။ နှလုံးနှင့် သွေးလည်ပတ်မှုထိခိုက်နိုင်ပါသည်။ ဦးနှောက်နှင့် အဆုတ်ကောင်းစွာ အလုပ်မလုပ်နိုင်ခြင်း၊ ရေနှင့်ဓာတ်ဆားများဆုံးရှုံးခြင်း၊ မလှုပ်ချင်အောင်နုံးခွေနေခြင်း၊ သွေးတိုးနှုန်းမြန်နေခြင်းများ ဖြစ်တတ်ပါသည်။ ခန္ဓာကိုယ် တစ်ခုလုံး ရေဓာတ်အားနည်းနေပါက လောင်းရေဝနေသော သစ်ပင်နှင့် လောင်းရေမဝသောသစ်ပင် နှိုင်းယှဉ်ရသလို ရေမဝသော သစ်ပင်နုံးခွေနေမည်။ လောင်းရေဝသော သစ်ပင်အပူဒဏ်ခံနိုင်ရည်ရှိမည်။ အပူဒဏ်သင့်မခံရအောင် နေပူချိန်တွင် ချွေးထွက်များသော အလုပ်များကို အလွန်အကျွံမလုပ်ပါနှင့်၊ အပူချိန်များသော ပတ်ဝန်းကျင်မှ အချိန်ကြာမြင့်စွာနေထိုင်သွားလာခြင်းကို ရှောင်ကြဉ်ပါ။ နေပူချိန်ခရီးသွားလာခြင်းကို ရှောင်ကြဉ်ပါ။ အဖြူရောင်ရှိသော အဝတ်ပါးများကို ဝတ်ဆင်ပါ။ ထူထဲ၍ အပူစုပ်ယူမှုများသည့်အဝတ်အထည်၊ အပူစုပ်ယူမှုများသည့် အနက်ရောင်များ ဝတ်ဆင်မှုကိုရှောင်ကြဉ်ပါ။ လေဝင်လေထွက်နည်း၍ ကျဉ်းမြောင်းသော ပတ်ဝန်းကျင်လေကောင်းလေသန့်မရနိုင်သော နေရာများတွင်နေထိုင်ခြင်းသည် အပူဒဏ်ခံရမည်ဖြစ်သည့်အတွက် ဘေးထွက်ဆိုးကျိုးရောဂါများ တိုးလာမည်ဖြစ်သည်။

ရေသည်ခန္ဓာကိုယ်တစ်ခုလုံးကောင်းမွန်စွာ အလုပ်လုပ်ပေးနိုင်ပါရန်အတွက် အလိုအပ်ဆုံးအရာဖြစ်သည်။ ရေကို တစ်နေ့ ၇ ခွက်ကျော် ၈ ခွက်နီးပါးသောက်ခြင်းဖြင့် ခန္ဓာကိုယ်တစ်ခုလုံး၏ ကျန်းမာရေးကောင်းလာမည်။ ခန္ဓာကိုယ်တွင်တွယ်ညိနေသော ရောဂါများနှင့် အညစ်အကြေး အနံ့ဆိုးများလည်း ရေဖန်ခွက် ၈ ခွက် (သို့မဟုတ်) မတ်ခွက် ၈ ခွက်နီးပါး သောက်သုံးခြင်းဖြင့် အရေပြားစိုပြည်ခြင်း၊ အသားအရေလှပခြင်း၊ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်နိုင်ခြင်း၊ သွား၊ သွားဖုန်းနှင့် မျက်စိ၊ နားကြည်လင်လှပခြင်း၊ နှလုံးနှင့် သွေးလှည့်ပတ်မှုကောင်းလာ၍ ကျန်းမာပျော်ရွှင်ခြင်း၊ ပေါ့ပါးသွက်လက်ခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချို၊ သွေးချိုစသည့် ခန္ဓာကိုယ်၏ ၉၆ ပါးသောရောဂါများ ဆီး၊ သွေး၊ လေမှန်လာကာ သက်သာပျောက်ကင်းနိုင်ပါသည်။

အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ပါ။ အပူစာများစားသောက်ခြင်းကိုရှောင်ကြဉ်ပါ။ သစ်ပင်ရိပ်ကောင်း၊ လေကောင်းလေသန့်ရသည့် နေရာတွင်နေပါ။ နေပူထဲသွားပါက ထီးနှင့် ဆောင်းစရာ၊ ခြုံစရာများတင်၍သွားပါ။ အပူဒဏ်သင့်ခြင်းကြောင့် အသားအရေခြောက်ကပ်ပူနွေးခြင်း၊ ပူလွန်းခြင်း၊ မူးဝေခြင်း၊ သတိမေ့လျော့ခြင်း၊ စိတ်ဂဏာမငြိမ်ခြင်း၊ အတက်ရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ ဦးနှောက်အာရုံကြောဆိုင်ရာ ရောဂါဝေဒနာများလည်း ခံစားရပါသည်။ အပူဒဏ်ကြောင့် နှလုံးခုန်ပျက်စီးကာ သေဆုံးသည့်အခြေအနေသို့ ရောက်ရှိနိုင်သဖြင့် အယ်နီညိုရာသီမှာ နေ့စဉ် ရေ ၈ ခွက် ခန့်သောက်ခြင်းဖြင့် အပူချိန်မြင့်မားမှုဒဏ်ကို ကာကွယ်ကြပါစို့။ ။



# ကျွန်တော်တို့ တာဝန်ရှိပါသည်

**တင်အုန်း (ဗျိုင်းသစ်)**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်မှ ၁၃၇၈ ခုနှစ်သို့ ကူးပြောင်းခဲ့ပါပြီ။ နှစ်သစ်တွင် အစိုးရသစ်နှင့်လက်တွဲကာ အေးချမ်းသာယာသောနိုင်ငံသစ်ကြီးကို တက်ညီလက်ညီ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ ပြည်သူက ရွေးချယ်လိုက်သော ပြည်သူ့အစိုးရက ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူတို့၏ လူနေမှုဘဝ တိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းစေရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။

"ကိုယ့်အားကိုယ် ကိုယ်ပုံကာပ့်၊ ကိုယ့်မျိုးဂုဏ် တမာန်တက်ပေလိမ့်၊ ခေါင်းထက်တဲ့ပုဂံမှာ၊ မြန်မာတို့ခေတ်ဟောင်း" ဟုဆိုစမှတ်ပြုခဲ့ရသည့် ရှေးခတ်ပုဂံပြည်သည် မင်းနှင့်ပြည်သူအလွှာအသီးသီးတို့ စည်းလုံးညီညွတ်ခဲ့မှုကို စာဆိုဆရာဇော်ဂျီက. . .

"လယ်တွင်းသား ပြည်တော်သာ
အသည်သား မင်းမှုထမ်း
တစ်စိတ်တစ်ဝမ်း တက်လက်ညီ
ပြည်ရေးကို ပြိုင်တူချီကြတော့
ပြည်တော်မြတ် ပွဲတင်သံ
ဘဝင် ပြန့်ပါရော့" ဟု ဖွဲ့ဆို ဖော်ညွှန်းခဲ့ပါသည်။

မင်းနှင့်ပြည်သူ ညီကြပါလျှင် ပြည်သာဖို့ရေး မြန်မနှေးဟု ဆိုလိုက်ချင်ပါသည်။ အစိုးရသစ်က လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ဦးစီးဦးဆောင်ပြုဆောင်ရွက်နေသကဲ့သို့ ကျွန်တော်တို့ပြည်သူများက အတိတ်က အလေ့ဆိုးများကို ကိုယ်စီပါဝင် ပြုပြင်ဆောင်ရွက်ကြရပါမည်။ ကျွန်တော်တို့သည်ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် အမှတ်တမဲ့ သို့မဟုတ် အမှတ်မထင် ဆောင်ရွက်ဆဲ ဆောင်ရွက်လျက်ရှိသော အလေ့ဆိုးများကို နှစ်ဟောင်းတွင်ထားရစ်ခဲ့ပြီး နှစ်သစ်တွင် စိတ်သစ်ဖြင့် ပြုပြင်ပြောင်းလဲကြကာ သာယာဝပြောသော အေးချမ်းသာယာသော နိုင်ငံသစ်ကို အစိုးရသစ်နှင့်အတူ အောင်မြင်စွာ တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

(၁) မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိပတ်ဝန်းကျင်တွင်လည်းကောင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ခြင်း။

(၂) မိမိ၊ သူတစ်ပါး အနှောင့်အယှက် ဖြစ်စေမည့် အသံချဲ့စက်များ ဆူညံစွာဖွင့်လှစ်ခြင်းကို ရှောင်ကြဉ်ခြင်း။

(၃) ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို တိတိကျကျ လိုက်နာခြင်း။

(၄) ယာဉ်သွားလမ်းပေါ် စည်းကမ်းမဲ့ ဈေးရောင်းမှုကို ရှောင်ကြဉ်ခြင်း။

(၅) အစိုးရက တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာခြင်း။

(၆) လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်ခြင်း၊ ဖော်ထုတ်ခြင်း။

(၇) ပြည်သူတစ်ယောက်အနေဖြင့် တရားဝင်ပေးဆောင်ရမည့် အခွန်အခများကို မှန်မှန်ကန်ကန်ပေးဆောင်ခြင်း။

(၈) အသုံးနှင့်အဖြုန်းကို ခွဲခြားသိမြင်ပြီး စနစ်တကျဆောင်ရွက်ခြင်း။

(၉) လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ကွဲကွဲပြားပြား သိမြင်ကြကာ တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား ကိုယ်ချင်းစာတရားဖြင့် ချစ်ခင်စည်းလုံးညီညွတ်စွာ ပြုမူနေထိုင်ခြင်း။

ဖော်ပြပါ အချက်(၉)ချက်ကို ပြည်သူများဖြစ်သော ကျွန်တော်တို့က ကိုယ်စီတာဝန်ယူကြ၍ ပြောင်းလဲနိုင်ကြလျှင် ကျွန်တော်တို့ ပြည်သူများနှင့် ပြည်သူ့အစိုးရက မျှော်မှန်းတည်ဆောက်လျက်ရှိသော ရွှေပြည်တော်ကြီးကို အချိန်တိုတိုအတွင်း အောင်မြင်စွာ တည်ဆောက်နိုင်ကြမည်ဖြစ်ပြီး ဆရာမင်းသုဝဏ်၏ "သပြေညို" ကဗျာတွင် ဖော်ပြသကဲ့သို့ "လင်းကြက်အဆော်၊ ကွင်းထက်မှာ တူပျော်ပျော်နဲ့၊ စည်တော်ကို ရည်မျှော်မှန်းကာလ၊ ရောင်နီမှာ အောင်စည်ရွှမ်းရအောင်၊ သပြေညို ရွှေဘိုပန်းရယ်နှင့် လှမ်းကြစို့လေး" ဟု ဆိုကြရပေမည်။

# အလောင်းတော်ကဿပဘုရားဖူးရာသီကို ဧပြီ ၂၄ ရက်တွင် ပိတ်သိမ်းမည်

**ကနီ ဧပြီ ၂၀**

ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့မှ သံဃာ့နာယကဆရာတော်များဖြင့် ဖွဲ့စည်းထားသော အလောင်းတော်ကဿပအကျိုးတော်ဆောင်အဖွဲ့သည် ယခုနှစ် အလောင်းတော်ကဿပ ဘုရားဖူးရာသီကို ဧပြီ ၂၄ ရက်တွင် ပိတ်သိမ်းတော့မည်ဖြစ်ကြောင်း ဝန်ဆောင်မှုအဖွဲ့တွင်ပါဝင်သော ကနီမြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ သိရသည်။

"အလောင်းတော်ကဿပဝန်ဆောင်မှုအဖွဲ့ကို ကနီ၊ ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့နယ်မှ သံဃာ့နာယကအဖွဲ့ဝင်ဆရာတော်တွေ ပူးပေါင်းဆောင်ရွက်တာ ဒီနှစ် ပထမဆုံးဖြစ်ပါတယ်။ ဘုရားဖူးတွေ အစစအရာရာ အဆင်ပြေစေဖို့ ဝန်ဆောင်မှုအဖွဲ့အနေနဲ့ အထူးအလေးထားဆောင်ရွက်ခဲ့သလို မြန်မာနိုင်ငံအတွင်း ဘယ်မှာမှမရနိုင်တဲ့ အခမဲ့ခရီးသွားတွေ တည်းခိုနိုင်အောင်ကိုလည်း လာသမျှစိတ်ချမ်းသာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အခုအချိန်က မိုးစရွာတော့မယ့်အချိန်ဖြစ်သလို လေပြင်းတိုက်တာတွေလည်းရှိတော့ ဘုရားဖူးရာသီကို ဧပြီ ၂၄ ရက်မှာ အားလုံးသဘောဆန္ဒအရ ပိတ်တော့မှာဖြစ်ပါတယ်။ ဒီရက်ပိုင်းမှာ လာမယ့်ဘုရားဖူးတွေ ဘုရားဖူးရာသီပိတ်တာကို သိစေချင်ပါတယ်။ ဒါမှ ကြိုတင်သိပြီး မလာကြမှာပါ။ လာပြီး တောထဲရောက်လို့ မိုးရွာလာရင် အခက်တွေ့စေတတ်တဲ့အတွက်ဖြစ်ပါတယ်" ဟု ကနီမြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က မိန့်ကြားတော်မူသည်။

ယခုလက်ရှိ နှစ်ဆန်းတစ်ရက်နှင့် နှစ်ရက်တို့တွင် အလောင်းတော်ကဿပဘုရားသို့ ဘုရားဖူးဧည့်သည် ၃၀ နှင့် ၄၀ ကြား လာရောက်လျက်ရှိပြီး သင်္ကြန်ကာလအတွင်းက ဘုရားဖူးဧည့်သည်များ ယခင်နှစ်ကထက် ပိုမိုများပြားခဲ့သလို ဒုလ္လဘရဟန်းဝတ်သူ တပါး ၅၀ ခန့်ရှိကြောင်း သိရသည်။ အဆိုပါဒုလ္လဘရဟန်းများကို ဘုရားဖူးများနှင့် ဈေးသည်များက ဆွမ်းနှင့် ဆွမ်းဟင်းများ ဆက်ကပ်လှူဒါန်းကြသလို ယခင်နှစ်များကမလုပ်ခဲ့ဘူးသော ဒုလ္လဘရဟန်းများကို အလောင်းတော်ကဿပ ဝန်ဆောင်ဆရာတော်များက တရားပြသွန်သင်မှုများဆောင် ဆောင်ရွက်တော်မူခဲ့ကြကြောင်း သိရသည်။

နှစ်စဉ် နှစ်တစ်နှစ်၏အကုန်ပိုင်း ဒီဇင်ဘာ (သို့မဟုတ်) ဇန်နဝါရီလတို့တွင် အလောင်းတော်ကဿပဘုရားဖူးရာသီကို လမ်းများဖောက်၊ လမ်းများခင်းပြီး စတင်ဖွင့်လှစ်ကာ လာသမျှသောဘုရားဖူးများ စိတ်ချမ်းသာစွာ ဘုရားဖူးကြည်ညိုနိုင်ရန် ဝန်ဆောင်မှုအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးသလို အခမဲ့တည်းခိုနိုင်ရန်ကိုလည်း အစစအရာရာ ဆောင်ရွက်ပေးလျက်ရှိသော ထူးခြားသည့် တောတွင်းခရီးစဉ်ဖြစ်ရာ နှစ်စဉ် စိတ်ဝင်စားမှုအမြင့်ဆုံးခရီးစဉ်အဖြစ် ရပ်တည်နေသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပုဂံဘုရားဖူးများ ထနောင်းပင်တွင် ချိတ်ဆွဲထားသော ရုပ်သေးရုပ်များဖြင့် ဓာတ်ပုံရိုက်ကူးမှု များပြား


**မန္တလေး ဧပြီ ၂၀**

နိုင်ငံတကာခရီးသွားဧည့်သည်များက ပုဂံကိုရောက်ပါမှ မြန်မာနိုင်ငံကိုရောက်သည်ဟု တင်စားကြသည်။ ပုဂံကို နိုင်ငံတကာခရီးသွားဧည့်သည်များ အလေးထားသလို ပြည်တွင်းဘုရားဖူးများလည်း အလေးထားကြသည်။ တေးရေးဆရာများကမူ ပုဂံသည်မြန်မာ့သမိုင်းဝင်နေရာအဖြစ် အရေးပါနေပြီး အားလုံးရဲ့ပုဂံဟုပင် ရေးဖွဲ့ကြသည်။ လက်ရှိကာလ ရုံးပိတ်ရက်များတွင် ပုဂံသို့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ ပုဂံရောက် ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များမှာ ဘုရားအစုံစုံဖူးကာ ဒေသထွက် လက်ဆောင်ပစ္စည်းများကို ဝယ်ယူလေ့ရှိသည်။ ပုဂံယွန်းထည်များ၊ ပုဂံလွယ်အိတ်များနှင့်အတူ ပုဂံပုန်းရည်ကြီးမှာ နာမည်ကြီးလှသည်။

ပုဂံရောက်ဘုရားဖူးများမှာ ဓမ္မရံကြီးဘုရားအနီး ထနောင်းပင်တွင်ချိတ်ဆွဲထားသော မြန်မာ့ရုပ်သေးရုပ်များကို အထူးသဘောကျကြသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များက ဝယ်ယူသလို ပြည်တွင်းဘုရားဖူးများမှာလည်း အထူးစိတ်ဝင်စားကြသည်။ လှပသော ထနောင်းပင်တွင် မြန်မာ့ရုပ်သေးရုပ်ကလေးများ ချိတ်ဆွဲထားပြီး လေတိုက်သည့်အခါ ယိမ်းသွားသည့်မြင်ကွင်းများမှာ လှပလှသည်။ ဓမ္မရံကြီးဘုရားရောက်သူတိုင်း ထနောင်းပင်တွင်ချိတ်ဆွဲထားသော ရုပ်သေးရုပ်များဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးမှု များပြားလျက်ရှိသည်။ မြန်မာ့ရုပ်သေးရုပ်ကလေးများသည် မြန်မာ့အနုပညာ၏သင်္ကေတပင် ဖြစ်နေသည်။

မြန်မာ့ရုပ်သေးသည် မြန်မာ့သဘင်လောကတွင် အမြင့်သဘင်တွင်တည်ရှိသော သမိုင်းဝင်အနုပညာပစ္စည်းပင်ဖြစ်သည်။ မြန်မာ့ရုပ်သေးသည် ကကြိုးများကြောင့် စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ မြန်မာ့ရုပ်သေး၏တန်ဖိုးမှာ ကြိုးဆွဲပညာပင်ဖြစ်သည်။ သစ်သားရုပ်များကို လူ၏အမူအရာနှင့်တူအောင် စွမ်းဆောင်မှုအတွက် ကကြိုးသည် အဓိကဖြစ်နေပေသည်။ မြန်မာ့ရုပ်သေးသည် အဆို၊ အက၊ အရေး၊ အတီးတို့နှင့်ပေါင်းစပ်ကပြရသည်။ ရုပ်သေးပြုလုပ်ရာ၌ ပန်းပုပညာ၊ မျက်နှာခြယ်သရန် ပန်းချီပညာ၊ လည်ဆွဲ၊ ပန်းရွဲ၊ အဝတ်အစားအချုပ်အလုပ်၊ မှန်စီရွှေချ၊ ရွှေချည်ထိုး၊ ရွှေဆိုင်းချ၊ ဖန်ချက်လုပ်ငန်းတို့နှင့် စုပေါင်းလုပ်ဆောင်မှ လှပသောမြန်မာ့ရုပ်သေးကို ရရှိခြင်းဖြစ်သည်။

မြန်မာ့အနုပညာသင်္ကေတ ရုပ်သေးရုပ်ကလေးများနှင့် ပုဂံဘုရားနောက်ခံရှုခင်းမှာ လှပပြီး ပန်းချီဆန်သောမြင်ကွင်းအဖြစ် တည်ရှိနေသည်။ ပုဂံရှိ ဓမ္မရံကြီးဘုရားရောက်သူတိုင်း မြန်မာ့ရုပ်သေးရုပ်ကလေးများဖြင့် အမှတ်တရရိုက်ကူးမှုများပြားလျက်ရှိကြောင်း သိရသည်။



**တိမ်တမန်**

# သတင်းစာဆရာများ၊ စာရေးဆရာများနှင့် တွေ့ဆုံ

**ကျောက်တန်း ဧပြီ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အီလက်ထရောနစ်စာကြည့်တိုက်တွင် ဧပြီ ၁၉ ရက် နံနက်၁၀ နာရီက ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးနှင့် ကျောက်တန်းမြို့နယ် သတင်းစာဆရာများ၊ စာရေးဆရာများတွေ့ဆုံပွဲကို ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက အမှာစကားပြောကြားပြီး ကျောက်တန်းမြို့နယ်၏ အခြေအနေများကို သတင်းစာဆရာများ၊ စာရေးဆရာများက တင်ပြဆွေးနွေးကြရာ နာယကသတင်းထောက်ကြီး ဦးစိုးဝင်းက ကျောက်တန်းမြို့၏ သမိုင်းကြောင်းကိုလည်းကောင်း၊ ဦးသောင်းဝင်း(မောင်နီမှိုင်း-ကျောက်တန်း)က မြို့ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ဦးကျော်ရှိန်(သန်းဝင်းရှိန်)က စာပေရေးရာနှင့်ပတ်သက်၍လည်းကောင်း၊ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးထွန်းရင်(မျိုးထွန်းငြိမ်း)က ကျောက်တန်းမြို့သန့်ရှင်းသာယာရေးနှင့်ပတ်သက်၍လည်းကောင်း၊ ဦးသန်းဝင်းထွန်း(ဆွာ၊ ပါဒသျှင်)က ကျောက်တန်းမြို့နယ်တွင်းရှိ သမိုင်းဝင်အဆောက်အအုံများ ရှာဖွေမှတ်တမ်းတင်နိုင်ရေး တို့ကိုလည်းကောင်း အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။

**အောင်ရွှေ(ရွှေတံတား)**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ်သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်ဆွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးကို လုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် အခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသောအဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် (၉၉%) ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့် အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။ ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။ အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# နှမ်းမျိုးဈေးကြီးသော်လည်း နှမ်းမျိုးကောင်းရလို၍ နှမ်းမျိုးစေ့ကိုသာ အဝယ်များ

**မကွေး ဧပြီ ၂၀**

မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ကြသည့်မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် မိုးဦးကျ မေလနှင့် ဇွန်လတွင် ဆီထွက်သီးနှံဖြစ်သော နှမ်းစိုက်ပျိုးနိုင်ရန်အတွက် နှမ်းမျိုးစေ့များ ဝယ်ကြရာတွင် ပွဲရုံများထက် တောင်သူများ မျိုးချန်ထားသော နှမ်းမျိုးဈေးမှာဈေးကြီးသော်လည်း မျိုးကောင်းမျိုးသန့်ရရှိရန်အတွက် တောင်သူများထံမှ နှမ်းမျိုးများကိုသာ အဝယ်များလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

ယာတစ်ဧက၊ နှစ်ဧကရှိသော တောင်သူများသည် စိုက်ပျိုးထားသောစိုက်ပျိုးစရိတ် အရင်းအနှီးများအတွက် နှမ်း၊ မြေပဲစသော သီးနှံများအား မျိုးစေ့များချန်နိုင်ခြင်းမရှိဘဲ ရရှိသောဈေးနှုန်းနှင့် စိုက်ပျိုးစရိတ်အတွက် ချေးငှားထားသော ငွေကြေးများအား ပြန်ဆတ်ကြရသည်ဖြစ်၍ ယခုကဲ့သို့ မိုးဦးကျနီးသော စိုက်ပျိုးရာသီကာလများတွင် စိုက်ပျိုးရန်အတွက် မျိုးစေ့များ ဝယ်ကြရာ၌ ဈေးနှုန်းကိုမမြင်ဘဲ မျိုးကောင်းမျိုးသန့်ရရှိနိုင်သောနေရာများကိုရှာပြီး မျိုးစေ့ဝယ်ယူကြသည်ဟု မကွေးမြို့နယ် မကြီးကန်ကျေးရွာမှ တောင်သူဦးညိုက ပြောသည်။

"သီးနှံအထွက်တိုးပြီး ဈေးကောင်းရဖို့အတွက်ဆိုရင်တော့ ဘယ်သီးနှံကိုပဲစိုက်ပျိုးစိုက်ပျိုး မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးရဖို့က အဓိကကျပါတယ်" ဟု ဆားတိုင်ကန်ကျေးရွာမှ တောင်သူဦးချစ်ဖေက ပြောသည်။

နှမ်းမျိုးစေ့ပေါင်းများစွာရှိသည့်အနက် မကွေးမြို့နယ်၏ရာသီဥတုအခြေအနေ၊ မြေအနေအထားအရ စိုက်ပျိုးကြသော နှမ်းမျိုးစေ့အမည်များမှာ ဒေသအခေါ် ဘပန်၊ စက်လှည့်၊ ရွှေတစ်ဆုပ်၊ ဂွလေးနီ၊ စမုန်နက် နှမ်းမျိုးစေ့များကိုသာ အကြဲများကြသည်ဟု တောင်သူများ၏ပြောပြချက်အရ သိရသည်။

နှမ်းဈေးများမှာ ပွဲရုံများ၌ အဖြူတစ်တင်း ကျပ် ၃၅၀၀၀၊ စမုန်နက်တစ်တင်း ကျပ် ၆၅၀၀၀ နှင့် အနီတစ်တင်း ကျပ် ၃၀၀၀၀ ခန့်သာရှိပေမဲ့ တောင်သူများမျိုးချန်ထားသော နှမ်းမျိုးစေ့ကို ဝယ်ယူလျှင် စမုန်နက်တစ်တင်း ကျပ် ၈၀၀၀၀ နှင့် အဖြူတစ်တင်းလျှင် ကျပ် ၅၀၀၀၀ အထိ ပေးဝယ်ရသည်ဟု သိရသည်။

တောင်သူများထံမှနှမ်းမျိုးဈေးသည် တစ်တင်းလျှင် တစ်သောင်းခွဲ၊ နှစ်သောင်းခန့်အထိ ဈေးပိုမြင့်ကြောင်း သိရသော်လည်း တောင်သူများအနေနှင့် နှမ်းမျိုးစေ့များကို သိမ်းဆည်းစဉ်အခါက သေချာသန့်စင်၍ ခြောက်သွေ့အောင် နေလှန်းပြီး သေချာစနစ်တကျသိမ်းဆည်းထားသောကြောင့် တောင်သူများထံမှ နှမ်းမျိုးကိုသာ စိတ်ချရ၍ ဈေးကြီးသော်လည်း တောင်သူများထံမှ နှမ်းမျိုးကိုသာ ဝယ်ယူကြသည်ဟု သိရသည်။

**မိုး**

ဆောင်းပါး

# တီဗီဖန်သားပြင်ပေါ်မှ အဆီအငေါ်မတည့်မှုများ

**à စိန်လှိုင်ဗိုလ်**

သင်္ကြန်ပိတ်ရက်များအတွင်း အားလပ်ချိန်များရသည့်အတွက် စာများများဖတ်ဖြစ်သည်။ တီဗီများများ ကြည့်ဖြစ်သည်။ အင်တာနက်လူမှုကွန်ရက်နှင့်လည်း ထိတွေ့ချိန်များခဲ့သည်။ ကျေနပ်စရာတွေ၊ ကြည်နူးစရာတွေ များစွာအနက်မှ အမြင်မတော်တာတွေကိုလည်း တွေ့ရမြင်ရသည်။ တီဗီဖန်သားပြင်ပေါ်က အဆီအငေါ်မတည့်မှုကို ဦးစွာရေးပါမည်။ ဇာတ်ကားအမည်ကိုတော့ မဖော်ပြတော့ပါ။ ဇာတ်ဝင်ခန်းတစ်ခုတွင် အမှုစစ်ဆေးသော တရားခွင်ကဏ္ဍကို ရိုက်ကူးတင်ပြထားသည်မှာ လွဲမှားနေပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၃၀၂) လူသတ်မှု ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ ပြစ်မှုများတွင် စွပ်စွဲခံရသူပြစ်မှုကျူးလွန်ကြောင်း သက်သေပြရန် တာဝန်မှာတရားလို(တရားစွဲအဖွဲ့အစည်း) ဖြစ်ပါသည်။ ပြစ်မှုများတွင် တရားလိုကို ဦးစွာစစ်ဆေးရမည် ဖြစ်သော်လည်း ထိုရုပ်ရှင်ကားတွင် တရားခံကိုဦးစွာစတင်၍ စစ်ဆေးမေးမြန်းပါသည်။ ထို့နောက် တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးရာတွင်လည်း တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေရှိပါလျက် သက်သေကို ပြန်လှန်မေးခွန်းမေးခွင့်မပြုခဲ့ပါ။ နောက်ဆုံးတွင် တရားခံကို ထပ်မံစစ်ဆေးပြန်ပါသည်။ အပြီးသတ် စီရင်ချက်ချမယ်ဆိုပြီး တရားသူကြီးက ရုံးချိန်းသတ်မှတ်ကြေညာသည်။ နှစ်ဖက်ရှေ့နေများကို လျှောက်လဲချက်ပေးရန် ရုံးချိန်းမရှိတော့ပါ။ အပြီးသတ်စီရင်ချက်ချမှတ်မည့် ရုံးချိန်းတွင် စီရင်ချက်ကို ဖတ်ကြားနေဆဲ တစ်ပိုင်းတစ်စ၌ တရားခံက ၎င်း၏အမည်နှစ်မျိုးတွင် နောက်အမည်တစ်မျိုး ထပ်ထည့်ပေးရန် တရားသူ ကြီးကိုပြောရာ လွယ်လင့်တကူပင် ထည့်ပေးသည်။

ထိုနေ့ကကြည့်လိုက်ရသောရုပ်ရှင်၏ တရားခွင်မြင်ကွင်း တစ်ခုလုံးသည် အားလုံးအလွဲတွေပဲ ဖြစ်နေပါတော့သည်။ သက်သေများကို စစ်ဆေးရာတွင်လည်း တရားခံဝက်ခြံအတွင်းသို့ ဝင်ရောက်ခိုင်းပြီး မတ်တပ်ရပ်လျက် စစ်ဆေးသည်။ စီရင်ချက်ချရာတွင်လည်း တရားခံသည် ကနဦးကပင် အမိန့်ကိုမတ်တပ်ရပ်၍ နာခံရမည်ဖြစ်သော်လည်း တစ်ဝက်တစ်ပျက်မှ ရဲကမတ်တပ်ရပ်ခိုင်းသည်။ နောက်ဆုံးအကြောင်းကြောင်းကြောင့် အပြီးသတ်စီရင်ချက်ကို ရက်အကန့်အသတ်မရှိရွှေ့ဆိုင်းကြောင်း ကြေညာသည်။ အံ့သြရပါသည်။

> ရုပ်ရှင်ပြကွက်ကို အဟုတ်ထင်လျှင် လွဲမှားသောအသိ၊ လွဲမှားသောအမြင်များရရှိသွားမည့်အရေး ရင်မအေးစရာပင် . . .

တစ်ခါက ကြည့်ခဲ့ဖူးသည့် ဇာတ်လမ်းတစ်ခုတွင်ဖြစ်သည်။ ဇနီးမောင်နှံနှစ်ဦး ဇနီးကခင်ပွန်းကို ဆက်မပေါင်းချင်၍ ကွာလိုသည်။ ကွာရှင်းစာချုပ်ဝယ်၍ လက်မှတ်ထိုးသည်။ ဇနီးကသူ့ထံတွင်ရှိသော စာချုပ်ကို သူဖာသာလက်မှတ်ထိုးပြီး ခင်ပွန်းကိုပေးပြီး အိမ်ပေါ်မှဆင်းသည်။ မည်သည့်သက်သေမျှ လက်မှတ်မထိုးသော စာချုပ်ဖြစ်သည်။ ခင်ပွန်းကလည်းကွာရှင်းခြင်းကို သဘောတူကြောင်း လက်မှတ်မထိုးထားသောစာချုပ်ဖြစ်သည်။ ရုပ်ရှင်ထဲက ပြကွက်သည် အလွဲတွေချည်းဖြစ်သည်။

ရုပ်ရှင်သည် ပြည်သူလူထုကြားတွင် စွမ်းအားကြီးမားပါသည်။ အပြုသဘောဆောင်စည်းရုံးနိုင်သလို အသိပညာဗဟုသုတကို မှားယွင်းဖျက်ဆီးစေနိုင်ပါသည်။ ရုပ်ရှင်ပြကွက်ကို အဟုတ်ထင်လျှင် လွဲမှားသောအသိလွဲမှားသောအမြင်များရရှိသွားမည့်အရေး၊ ရင်မအေးစရာပင်ဖြစ်ပါသည်။ ဇာတ်ကားတွေကို စီစစ်သော ဆင်ဆာအဖွဲ့ကို ဖျက်သိမ်းပစ်ရေး ရုပ်ရှင်သမားအများစုက ကြွေးကြော်ကြသည်။ ဆင်ဆာမရှိတော့လည်း၊ ဥပဒေနှင့် မညီသော သရုပ်ဆောင်ကွက်များကို တင်ဆက်ကြသည်။

ထို့အပြင် ယခင်ကားများက ရိုက်ကူးပြသခွင့်မရသော စုန်းကား၊ သရဲကား၊ နတ်ကားများကိုလည်း ရိုက်ကူးပြသလာကြသည်။ ထိုစုန်းကား၊ နတ်ကား၊ စိတ္တဇ၊ ဝိဉာဏ်ကား၊ သရဲကားများသည် ပြည်သူလူထုအတွက် ဘာတစ်ခုမှအကျိုးမဖြစ်ထွန်းစေနိုင်ပါ။ ငယ်ရွယ်သူများ၏ အတွေးအမြင်တွင် မလိုလားအပ်သော လွဲမှားသည့် ယုံကြည်ခံစားမှုများပင် ဖြစ်ပေါ်လာစေနိုင်ပါသည်။

တိုင်းပြည်အတွက် လူမျိုးအတွက် လူသားတစ်ရပ်လုံးအတွက် မည်သည့်အကျိုးကျေးဇူးမျှ မဖြစ်စေနိုင်သော ပြကွက်များသာဖြစ်ပြီး အဆိပ်အတောက်များသာဖြစ်ပါသည်။

ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူများသည် ငွေရလျှင်ပြီးရော သဘောမထားသင့်ကြပါ။ ပြည်သူလူထုကို လွဲမှားသော အသိပညာ၊ အဆိပ်အတောက်ဖြစ်စေသော ပြကွင်းပြကွက်များကို မည်သည့်ပြကွင်းပြကွက်တွင်မှ မမြင်ချင်မတွေ့ချင်ပါကြောင်း. . .။

## ဖြူးမြို့နယ်တွင် (၉၆) ကြိမ်မြောက် နှစ်ဦးဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ



**ဖြူး မေ ၂၀**

၁၂၈၂ ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်ဆန်း ၁ ရက်နေ့တွင် ကျင်းပမြဲဖြစ်သော နှစ်ဦးဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယခုနှစ် ၁၃၇၈ ခုနှစ် တန်ခူးလဆန်း (၁၀) နှစ်ဆန်း ၁ ရက်နေ့ ဧပြီ (၁၇)ရက်တွင် (၉၆) ကြိမ်မြောက် နှစ်ဦးဒါနကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ပင်သာဒေသတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနှစ်ဦးဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ညောင်ပင်သာဒေသရှိ အလှူရှင်များနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်များပေါင်းစု၍ ကျောင်းတိုက်ပေါင်း (၇၈)တိုက်မှ သံဃာတော် ၁၀၈ ပါးတို့အား ပင့်ဖိတ်၍ နေ့ဆွမ်းများဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်တော်များ လှူဒါန်းပွဲကို မွန်းလွဲ ၁ နာရီမှစတင်၍ ညောင်ပင်သာဒေသရှိ ရပ်ကွက်များအတွင်း ကျင်းပရာ ဆွမ်းဆန်အိတ်ပေါင်း ၂၁၉ အိတ်၊ ဝတ္ထုငွေ ကျပ် ၉၁ သိန်းကျော်နှင့် အခြားလှူဖွယ်ပစ္စည်း အစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး သီလရှင်များနှင့် မရှိနွမ်းပါးသူများကိုပါ ဆန်များ လှူဒါန်းခဲ့ကြသည်။ **ဖြူးမြင့်ဦး**

## ကရသူရိမြို့နယ်ခွဲတွင် စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော်ကျင်းပ

**ကရသူရိ မေ ၂၀**

ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲ နယ်မြေခံတပ်ရင်းမိသားစု စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာအား ဧပြီ ၁၀ ရက်က မြို့ဦးဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အလှူမင်္ဂလာအား စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်လင်း အမှူးပြု၍ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည် မိသားစုများ နှစ်ဟောင်းကုန် နှစ်သစ်ကူး ကုသိုလ်ဒါနအလှူအဖြစ် ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် စုပေါင်းကာ မြင့်မြတ်သည့်ရဟန်းဘောင်နှင့် သာသနာ့အမွေခံရှင်သာမဏေ ပြုကြခြင်းဖြစ်ကာ ဆရာတော်သံဃာတော်ကြီးများအား ဆွမ်းအစရှိသည့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ကြွရောက်လာသည့် ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **ကရသူရိ(ပြန်/ဆက်)**



## ပစ်တိုင်းထောင်ပုံမြေစုများကို လူအများကြိုက်နှစ်သက်မှုများပြား

**မန္တလေး မေ ၂၀**

မန္တလေးမြို့နှင့်အနီးတွင် ရှေးရိုးရာမပျက် မြေစုဘူးပြုလုပ်သည့်ရွာကိုပြပါဆိုလျှင် အမရပူရမြို့နယ်ရှိ တပ်ကြီးကျေးရွာကို ပြသရမည်ဖြစ်သည်။အင်းဝခေတ်က တပ်ကြည့်ရွာ၊ ရန်သူ့တပ်လာသည်ကို ကင်းကြည့်သည့်ရွာအဖြစ်ထားရှိခေါ်ဝေါ်ခဲ့ရာမှ နောက်ပိုင်းတွင် တပ်ကြည့်မှ တပ်ကြီးအဖြစ်ပြောင်းလဲလာခဲ့သည်။ တပ်ကြီးရွာတွင် မြေထည်ပစ္စည်းများနှင့် အတူ အိုးပုတ်၊ ချိုးရုပ်များကို တစ်နှစ်ပတ်လုံးတွင်ကျယ်စွာပြုလုပ်ရောင်းချကြသည်။

တပ်ကြီးရွာ မြေထည်စျေးကွက်မှ တစ်နှစ်ပတ်လုံး ပုံမှန်လည်ပတ်လျက်ရှိသည်။ မြေထည်ပစ္စည်းနှင့် စုဘူးပြုလုပ်ရန်အတွက် မြေကို တပ်ကြီးရွာပိုင်မြေနေရာမှ ယူဆောင်ကာ ပြုလုပ်ကြရသည်။ စုဘူးနှင့် မြေထည်ပစ္စည်းများ လုပ်ရန်အတွက်မြေကို ရောစပ်ပြုလုပ်ကြရပြီး ပစ္စည်းတစ်ခုရရန် လက်ဝင်လွန်းလှသည်။ မြေထည်များလုပ်ရန်အတွက် ပထမဦးစွာ မြေနီနှင့် မြေနက်ကို အချိုးကျ ရောစပ်ကြရသည်။ ရောစပ်ပြီးမြေများကို သန့်စင်ကာ ဖြန့်ခင်းပြီးဘောင်ဖြင့် ခွေပတ်ထားကြသည်။ ထိုမြေများကို ရေဖြင့်ဖျော်ကာ အမှိုက်မပါအောင်စစ်ကာ လောင်းချပြီး သမအောင် မွှေနှပ်ကာရွှံ့ဖြစ်အောင် ထားပေးရသည်။ ဒေသအခေါ်အားဖြင့် မြေစိမ်သည်ဟုပင် ခေါ်သည်။

မြေစိမ်ပြီး တစ်ညအကြာတွင် မြေများကို ခြေဖြင့်နင်းကာ စေးပိုင်လာအောင်ပြုလုပ်ပေးရသည်။ ဒေသအခေါ်အားဖြင့် မြေတုံးသည်ဟုခေါ်ကာ မြေတုံးပြီးသည်နှင့် အိုးထိန်းစက်ပေါ်တင်ကာ ပုံသွင်းယူကြရသည်။ ပုံသွင်းပြီးပါက အကြမ်းထည်ရပြီး ထိုအကြမ်းထည်ကို ပင်လက်ဖြင့် ရိုက်ကာပုံဖော်ကြရသည်။ လက်ရိုက်ရာတွင်အဝတ်ခံကာ လက်ရိုက်ဖြင့် စိတ်ရှည်စွာရိုက်ကြရသည်။အိုးကောင်းကို လိုချင်သမျှနာနာရိုက်ပေးကြရသည်။ ထိုသို့ အိုးပုံသွင်းပြီး အိုးတစ်လုံးရလာသည်နှင့်နေရိပ်တွင် အစီအရီချကာ လှမ်းပေးထားကြရသည်။ နေရိပ်တွင်အိုးများခြောက်သွေ့သည်အထိ လှန်းပြီးပါက မြေအိုးများကို မီးဖုတ်ကြရသည်။ စုဘူးအသေးများကိုမူ တိုက်ရိုက်အိုးထိန်းစက် ပေါ်တွင်ပင် ပုံသွင်းယူကြသည်။

မြေထည် မီးဖုတ်ခြင်းလုပ်ငန်းမှာလည်း လက်ဝင်လှသည်။ အိုးဖုတ်သည့်ကျင်းအတွင်း ထင်းတစ်ထပ် အိုးတစ်ထပ်ထည့်ကာ စနစ်တကျစီပေးရသည်။ နောက်ဆုံးအထပ်တွင် ကောက်ရိုးများကိုပုံကာ ရွှံ့ဖြင့်မံပေးကြရသည်။ ထိုသို့ ရွှံ့မံသရွတ်ကိုင်ပြီးသည်နှင့် အောက်ခြေမှစကာ မီးရှို့ပြီး အိုးဖုတ်ကြရသည်။ နောက်ရက်မှသာ အိုးနှင့်မြေထည်များကို ထုတ်လေ့ရှိသည်။ တပ်ကြီးကျေးရွာတွင် မြေစုဘူးပြုလုပ်မှုတွင် လူအများ ကြိုက်နှစ်သက်အောင် ဆေးခြယ်ကြရသည်။ ဆေးခြယ်မှုတွင် ပစ်တိုင်းထောင်ပုံကိုသာ အစဉ်အမြဲပြုလုပ်ကြသည်။ အခြားပုံပြုလုပ်ခြင်းမရှိပေ။ စုဘူးဆိုလျှင် ပစ်တိုင်းထောင်ပုံကိုသာ နှစ်သက်ကြသည်။ ပစ်တိုင်းထောင်ကို အရှုံးမပေးဘဲ ကြံ့ကြံ့ခိုင်နိုင်သည့် လောကဓံနိုင် အရုပ်အဖြစ် သတ်မှတ်ထားသည်။ ခေါင်းမော့ရင်ကော့ကာ ပစ်လိုက်တိုင်းထောင်ကာ ဒေါင်ကျကျပြားပြားကျကျ လောကဓံကို ရင်ဆိုင်နိုင်သည့် အရုပ်အဖြစ်သတ်မှတ်ပြီး လှပစွာဆေးခြယ်ရောင်းချကြသည်။မြေစုဘူးပုံစံကို ရှေးယခင်မှသည် ယခုကာလအထိ ပစ်တိုင်းထောင်ပုံသည်သာ လူကြိုက်များကြောင်းသိရပြီး တစ်နှစ်ပတ်လုံး သောက်ရေအိုး၊ မြေစုဗူး၊ ညောင်ရေအိုးနှင့် ဆီမီးခွက်များကို ရာသီအလိုက် ပြုလုပ်ကြကြောင်းသိရသည်။ **တိမ်တမန်**

# အက်စတွန်ဗီလာနည်းပြဖြစ်လာလေမလား

## ဒေးဗစ်မိုယက်စ်



မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ ဒေးဗစ်မိုယက်စ်ဟာ အက်စတွန်ဗီလာ အသင်းနည်းပြ ဖြစ်လာဖို့ ဆန္ဒရှိနေခဲ့ပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ တန်းဆင်းဇုန်အတွင်းကို ရောက်ရှိနေတဲ့ အက်စတွန်ဗီလာအသင်းကတော့ ဒေးဗစ်မိုယက်စ်ကို နည်းပြအဖြစ် ခန့်အပ်ဖို့ ချိတ်ဆက်လာခြင်းမရှိသေးဘူးလို့ သိရပါတယ်။
စပိန်လာလီဂါကလပ် ရီးယဲလ်ဆိုစီဒက်အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ပြီး ခြောက်လနီးပါအကြာမှာ ဒေးဗစ်မိုယက်စ်ဟာ ဘောလုံးလောကထဲကို တစ်ကျော့ပြန်လည် ဝင်ရောက်ခွင့်ရဖို့ ပစ်မှတ်ထားနေပါတယ်။ အသက် (၅၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒေးဗစ်မိုယက်စ်ဟာ အက်စတွန်ဗီလာ အသင်းရဲ့ မကြာသေးခင်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်ကို ကြည့်ရှုပြီးချိန်မှာတော့ အက်စတွန်ဗီလာအသင်းနည်းပြဖြစ်လာဖို့ ဆွေးနွေးမှုတွေပြုလုပ်သွားမယ်လို့ ဆိုခဲ့ပါတယ်။

ဒါပေမယ့် နည်းပြပီယာဆန်ကတော့ အက်စတွန်ဗီလာအသင်းနည်းပြအဖြစ် ကိုင်တွယ်ခွင့်ရရှိမယ့်နည်းပြအဖြစ် ရေပန်းစားနေပါတယ်။ အသင်းလက်မဲ့ဖြစ်နေတဲ့ ပီယာဆန်ဟာ ပြီးခဲ့တဲ့ဇွန်လအတွင်းက လက်စတာစီးတီးအသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်သွားခဲ့သူလည်းဖြစ်ပါတယ်။

မက်ကာသီ၊ ဆီယန်ဒိုင်ချီနှင့် စတိဗ်ဘရုစ်တို့ဟာ အစ်ဆွစ်၊ ဘန်လေနှင့် ဟားလ်စီးတီးအသင်းတို့ကို အသီးသီးတာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့ပေမယ့် အဲဗာတန်အသင်းနဲ့ မန်ယူအသင်းတို့ရဲ့ နည်းပြဟောင်းဖြစ်သူ ဒေးဗစ်မိုယက် ကတော့ ခြောက်လကြာအသင်းလက်မဲ့ဖြစ်နေတဲ့ ကံကြမ္မာဆိုးကနေရုန်းထွက်ဖို့ အက်စတွန်ဗီလာအသင်းနည်းပြဖြစ်လာဖို့ ဆန္ဒရှိနေခဲ့တာပါ။

ဒါပေမယ့် အက်စတွန်ဗီလာအသင်းနည်းပြဖြစ်တဲ့ တင်ရှားဝုဒ်မရှိတော့မှသာ အက်စတွန်ဗီလာအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခွင့်ရရှိမယ့် အနေအထားပါ။ အက်စတွန်ဗီလာအသင်းဘုတ်အဖွဲ့ကတော့ အခုတစ်ပတ်ထဲမှာ အသင်းရဲ့နည်းပြသစ်ရာပုံတော်ကို စတင်ဖွင့်ဖို့ ဆန္ဒပြင်းပြနေပြီး အက်စတွန်ဗီလာရဲ့ နည်းပြသစ်စာရင်းလျာထားမှုမှာလည်း ဒေးဗစ်မိုယက်စ် ပါဝင်လာတယ်လို့ သိရပါတယ်။

စကော့တလန်ဖလားဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မှာ ဆဲလ်တစ်အသင်းက ရိန်းဂျားစ်အသင်းကို ရှုံးနိမ့်ခဲ့တာကို အခွင့်ကောင်းယူပြီး ဆဲလ်တစ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခွင့်ရဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့ပါသေးတယ်။ ဒါပေမယ့် လက်ရှိအနေအထားအရတော့ ဒေးဗစ်မိုယက်စ်အတွက် လာမယ့်ဘောလုံးရာသီမှာ ဘယ်အသင်းနည်းပြ ဖြစ်လာမလဲဆိုတာ ပြောဖို့ခက်ခဲနေသေးတဲ့အခြေအနေတစ်ရပ်လို့ ဆိုရမှာပါ။

အက်စတွန်ဗီလာအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် (၃၄) မှာ မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီတစ်လျှောက်လုံးမှာ လိဂ်ပွဲစဉ် ၃၄ ပွဲကနေ ရမှတ် ၁၆ မှတ်သာ ရယူနိုင်ခဲ့ပြီး ရာသီကုန်မှာ ချန်ပီယံရှစ်ကို တန်းဆင်းရတော့မှာပါ။ အဲဒီလို အက်စတွန်ဗီလာအသင်း ချန်ပီယံရှစ်ကို တန်းဆင်းသွားရတော့မယ့် အနေအထားကို ဆိုက်ရောက်နေပေမယ့် အသင်းလက်မဲ့ဖြစ်နေတဲ့ဒေးဗစ်မိုယက်စ်ကတော့ အက်စတွန်ဗီလာအသင်း နည်းပြအဖြစ်တာဝန်ယူကိုင်တွယ်ခွင့်ရမယ်ဆိုရင်လည်း ဆန္ဒရှိနေခဲ့တယ်လို့ ဆိုခဲ့ပါတယ်။

ဒေးဗစ်မိုယက်စ်ရဲ့ နည်းပြဘဝဖြတ်သန်းမှုကို ကြည့်ရင် အဲဗာတန်အသင်းကို ကိုင်တွယ်ခဲ့တဲ့ အချိန်ဟာ များပြားခဲ့ပြီး ၂၀၀၂ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ တာဖြစ်တယ်။ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာတော့ မန်ယူအသင်း နည်းပြဖြစ်လာခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာတော့ ရီးယဲလ်ဆိုစီဒက် အသင်းနည်းပြ ဖြစ်လာခဲ့ပါတယ်။ အဲဒီလိုနည်းပြ သက်တမ်း ကြာမြင့်ခဲ့သော်လည်း ဆုဖလားရရှိမှုကို ကြည့်မယ်ဆိုပါက မန်ယူအသင်းအား ကိုင်တွယ်ခဲ့တဲ့ ၂၀၁၃ ခုနှစ်ကသာ မန်ယူအသင်းနဲ့အတူ ကွန်မြူနတီဒိုင်းကို ဆွတ်ခူးနိုင်ခဲ့တာပါ။

နည်းပြဘဝမှာ အောင်မြင်မှုမရှိ သလောက်ဖြစ်ခဲ့တဲ့ ဒေးဗစ်မိုယက်စ်အတွက် အဲဗာတန် အသင်းကနေ မန်ယူအသင်းကို ပြောင်းလာတဲ့အချိန်ကစကာ နည်းပြဘဝအတွက် မရေရာတဲ့လမ်းကို ဖြတ်သန်းခဲ့ရသလို ဖြစ်ခဲ့ပြီး အခုနည်းပြအဖြစ်တာဝန်ယူကိုင်တွယ်ဖို့ ဆန္ဒရှိနေတဲ့ အက်စတွန်ဗီလာအသင်းအတွက်ရော နည်းပြ သစ်တစ်ဦးဖြစ်လာ လေမလားဆိုတာကတော့ စောင့်ကြည့်ရမယ့် အနေအထားတစ်ရပ်လို့ ဆိုရမှာပါ။

**(ငွေကြယ်)**

# ဘာလင်ညချမ်းကို သိမ်းပိုက်ခဲ့တဲ့ ဂျိုကိုဗစ်ချ်နဲ့ ဆရီနာဝီလျံ



အားကစားလောကမှာ လော်ရယ်လ် ဆုချီးမြှင့်ပွဲလို့ လူသိများတဲ့ အားကစားလောကထူးချွန်ဆုပေးအပ်ပွဲကို မေ ၁၉ ရက်က ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကျင်းပပြီးစီးခဲ့ပါတယ်။ ဒီဆုဟာ ရုပ်ရှင်လောက အနေနဲ့နှိုင်းယှဉ်ပြောကြားလို့ရှိရင် အော်စကာဆုပေးပွဲလို အမြင့်မားဆုံးအားကစားလောက ထူးချွန်ဆုဖြစ်တာကြောင့် ကစားသမားတိုင်းမက်မောကြတဲ့ ဂုဏ်သိက္ခာမြင့်မားတဲ့ဆုတံဆိပ်လို့လည်း သတ်မှတ်ရမှာပါ။ ဒီပွဲက ၂၀၁၅ ခုနှစ်အတွက် ပေးအပ်တဲ့ အခမ်းအနားလည်း ဖြစ်ပါတယ်။

လော်ရယ်လ်ထူးချွန်ဆုကို ဆုအမျိုးအစားခွဲခြားချီးမြှင့်ပေမယ့် အမြင့်မားဆုံးဆုနှစ်ခုကတော့ တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုနဲ့ တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆု တို့ပဲဖြစ်ပါတယ်။ တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုကို ကမ္ဘာ့အဆင့် (၁) တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်ချ်၊ အကောင်းဆုံးအမျိုးသမီးကစားသမားဆုကိုလည်း အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံက ဆွတ်ခူးသွားခဲ့ကြပါတယ်။ ဒီဆုနှစ်ခုစလုံးကို တင်းနစ်လောကမှာ ကျင်လည်နေတဲ့ ကစားသမားနှစ်ဦးကသာ သိမ်းပိုက်သွားနိုင်ခဲ့တာကလည်း ဒီနှစ်လော်ရယ်လ် ချီးမြှင့်ပွဲရဲ့ ထူးခြားချက်တစ်ရပ်ဖြစ်ခဲ့ရပါတယ်။

**နိုဗက်ဂျိုကိုဗစ်ချ်(ဆားဘီးယား)**

အားလုံးသိကြတဲ့အတိုင်း ဂျိုကိုဗစ်ချ်က ၂၀၁၅အတွင်း ဂရင်းစလင်းပြိုင်ပွဲ လေးရပ်လုံးမှာ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး သုံးကြိမ်တိုင် ချန်ပီယံဆုဖလား (ဩစတြေးလျအိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်း၊ ယူအက်စ်အိုးပင်း) ဆွတ်ခူးနိုင်ခဲ့သလို မာစတာစီးရီးချန်ပီယံ ခြောက်ကြိမ် (အင်ဒီယန်ဝဲလ်၊ မိုင်ယာမီ၊ မွန်တီကာလို၊ ရောမ၊ ရှန်ဟိုင်း၊ ပဲရစ်) ဖြစ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်အတွင်း ရှုံးပွဲမရှိခရီးဆက်နေတဲ့ ကစားသမားဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ စုစုပေါင်း ၈၂ ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ခြောက်ပွဲသာ ရှုံးပွဲကြုံတွေ့ခဲ့ရပြီး ၉၃ ဒသမ ၁၈ ရာခိုင်နှုန်းလောက်အထိ အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းရေးထိုးထားနိုင်သူပါ။

ဒါ့ကြောင့်လည်း သူဟာ ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီ၊ ဖော်မြူလာဝမ်း သုံးနှစ် ဆက်တိုက်ချန်ပီယံ လူးဝစ်ဟာမီလ်တန်၊ အမေရိကန်ဂေါက်သီးရိုက်ချန်ပီယံ ဂျော်ဒန်စပီးသ်၊ ကမ္ဘာ့အပြေးချန်ပီယံအူစိန်ဘော့၊ ဘတ်စကက်ဘောကြယ်ပွင့် ကစားသမား စတီဖင်န်ကာရီတို့ကို ကျော်လွှန်ပြီး ၂၀၁၅ခုနှစ်ရဲ့ အကောင်းဆုံးကစားသမားအဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျိုကိုဗစ်ချ်ဟာ ၂၀၁၂၊ ၂၀၁၄ ခုနှစ်မှာလည်း လော်ရယ်လ်တစ်နှစ်တာ အကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့တာကြောင့် လေးနှစ်အတွင်း သုံးကြိမ်အထိ ဆွတ်ခူးထားနိုင်တဲ့ လော်ရယ်လ်ဆုရှင်လည်း ဖြစ်လာခဲ့ပါတယ်။

ဆုချီးမြှင့်ပွဲမှာ ဂျိုကိုဗစ်ချ်က "ဒီဆုတံဆိပ်ကို ကိုင်ပြီး ဒီနေရာမှာ ရပ်တည်ခွင့်ရတဲ့အကြိမ်တိုင်းဟာ ကျွန်တော့်အတွက် ကြီးကျယ်ခမ်းနားလွန်းတဲ့ အခိုက်အတန့်တွေပါပဲ။ ကျွန်တော့်ကို မဲပေးရွေးချယ်ကြတဲ့ ပုဂ္ဂိုလ်တွေအကုန်လုံးကို ကျေးဇူးတင်ကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ တင်းနစ်က ကျွန်တော့်ဘဝကို ပြောင်းလဲပေးတဲ့ အားကစားနည်းဖြစ်ပြီး နောက်နှစ်များမှာလည်း ကျွန်တော့်ကိုအားပေးတဲ့ ပရိသတ်တွေအားလုံး ပျော်ရွှင်အောင် စွမ်းဆောင်ပြဖို့ ကြိုးစားပါဦးမယ်"လို့ ကျေးဇူးတင်စကား ဆိုခဲ့ပါတယ်။

**ဆရီနာဝီလျံ(အမေရိကန်တင်းနစ်မယ်)**

ဆရီနာဝီလျံကလည်း ဂျိုကိုဗစ်ချ်လိုပဲ ၂၀၁၅ ခုနှစ်အတွင်း ဂရင်းစလင်းချန်ပီယံဆုသုံးကြိမ် (ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်း)နဲ့ မိုင်ယာမီအိုးပင်းနဲ့ စင်စင်နတီမာစတာဖလား ပြိုင်ပွဲတွေမှာ ချန်ပီယံဆုဆွတ်ခူးရရှိခဲ့ပါတယ်။ ဆရီနာဝီလျံက ၂၀၁၅ ခုနှစ် တစ်နှစ်ပတ်လုံး ကမ္ဘာ့အဆင့်(၁)နေရာကို ထိန်းထားနိုင်ပြီး လော်ရယ်လ်ဆုအတွက် ဂျမေကာ ပြေးခုန်ပစ်ချန်ပီယံဆုရှင် ရှယ်လီအန်းဖရေး ရှားပရိုက်စ်၊ အမေရိကန်တိုက်စစ်မှူး ကယ်လီလွိုက်တို့ကို အဓိကထား ယှဉ်ပြိုင်ပြီး မဲအပြတ်အသတ်နဲ့ အသာရခဲ့တာဖြစ်ပါတယ်။ ဆရီနာအတွက် အခုရရှိခဲ့တဲ့ ထူးချွန်ဆုဟာ တတိယအကြိမ်ရရှိခဲ့တဲ့ ဆုဖြစ်ပြီး ၂၀၀၃၊ ၂၀၁၀ ခုနှစ်တွေမှာလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။

**အခြားဆုတံဆိပ်ရှင်များ**

ဘာစီလိုနာနဲ့အတူ ပြီးခဲ့တဲ့ ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်းပြသခဲ့တဲ့ တိုက်စစ်မှူး လီယွန်နယ်မက်ဆီကတော့ တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆု ရရှိခဲ့ခြင်းမရှိခဲ့ဘဲ အသင်းလိုက် ကစားနည်းမှ တစ်ဦးချင်းထူးချွန်ဆုသာ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ မက်ဆီက လော်ရယ်လ်ဆန်ခါတင် ဆုစာရင်းမှာ ခြောက်ကြိမ်အထိ အမည်စာရင်းပါဝင်ခဲ့ဖူးပေမယ့် တစ်ကြိမ်တစ်ခါမျှတော့ ဒီဆုကို ဆွတ်ခူးနိုင်ခြင်းမရှိခဲ့ပါဘူး။

**အမေရိကန်ဂေါက်သီးရိုက်ချန်ပီယံ**

ဂျော်ဒန်စပီးသ်ကတော့ အတိုးတက်ဆုံး လူငယ်ကစားသမားဆုနဲ့သာ ကျေနပ်ခဲ့ရသလို၊ ဘရာဇီး မသန်စွမ်းရေကူးချန်ပီယံ ဒန်နီယယ်ဒီးယက်စ်ကတော့ တစ်နှစ်တာအကောင်းဆုံး မသန်စွမ်းကစားသမားဆု၊ နယူးဇီလန်ရပ်ဘီအသင်းက အကောင်းဆုံးအသင်းလိုက်ဆု၊ လက်ရှိမာစီးဒီးစ်အသင်း ဉက္ကဋ္ဌ လီကီလော်ကန်က တစ်သက်တာအားကစားထူးချွန်ဆုနဲ့ ပြီးခဲ့တဲ့ မတ် ၂၄ရက်က ကွယ်လွန်သွားခဲ့တဲ့ နယ်သာလန်ဂန္ထဝင်ကစားသမားဟောင်း ဂျိုဟန်ခရိုက်ဖ်က အောက်မေ့ဖွယ်ရာ အထူးဆုတို့ကို အသီးသီး ဆွတ်ခူးနိုင်ခဲ့ကြပါတယ်။

**မေလဲ့သင်း**

# ပဲခူးမြို့ ဥသာမြို့သစ်မှ ဝန်ထမ်းအကွက်မြေများ ပိုင်ရှင်ရှိကြောင်း အသိပေးဆိုင်းဘုတ်တင်ထားကြရ



**ပဲခူး မေ ၂၀**
ပဲခူးမြို့ ဥသာမြို့သစ်ရပ်ကွက်ကြီး (၇)၊ (၈)၊ (၉) အတွင်းရှိ မြေတိုင်း ၂၂၊ ၂၃၊ ၂၄ အတွင်းရှိ မြေယာပိုင်ရှင်များမှ မိမိပိုင်ဆိုင်ရာခြံများအား အုတ်တိုင်များနှင့် သံဆူးလိမ့်များ ကာရံပြီး ပိုင်ရှင်ရှိကြောင်း အသိအမှတ်ပြုဆိုင်းဘုတ်များ ချိတ်ဆွဲထားခြင်းများ ပြုလုပ်ထားနေရကြောင်း သိရသည်။

"ကျွန်တော်က ဝန်ထမ်းတစ်ယောက်ပါ။ မြေတိုင်း (၂၂) မှာ ၁၉၉၅ ခုနှစ်တဲက ဝန်ထမ်းမြေကွက်ရထားပါတယ်။ ၁၉၉၃ ခုနှစ်က ငွေသုံးထောင့်သုံးရာသွင်းရတယ်။ နိုင်ငံတော်က ဝန်ထမ်းဖြစ်တဲ့အတွက် ပေ (၄၀×၆၀) မြေကွက်တစ်ကွက် ပေးပါတယ်။ ဒါပေမယ့်လည်း ပြောင်းရွှေ့ရဆိုတော့ ဒီခြံကို မနေဖြစ်သေးဘူးပေါ့။ ပင်စင်ရမှ အခုနိုင်ငံတော်က တစ်လုံးတည်းရတဲ့ငွေနဲ့ အိမ်ဆောက်နေရတယ်"ဟု မီးသတ်ဝန်ထမ်း (အငြိမ်းစား) တစ်ဦးက ပြောသည်။

ပဲခူးမြို့တွင် မြို့ကွက်သစ်နေရာချထားရေးကော်မတီဖြင့် ဥသာမြို့သစ်တည်ဆောက်ပြီး မြို့မြေကွက်များဖြင့် ၁၉၉၅ ခုနှစ်မှစတင်ပြီး ဝန်ထမ်းများအား စနစ်တကျ အကွက်ရိုက်နေရာချထားပေးခြင်းဖြစ်သည်။

"ကျွန်တော်တို့ဝန်ထမ်းဆိုတာ ကမ်းနားသစ်ပင်တွေပေါ့ဗျာ။ တာဝန်ကျတဲ့နေရာ ရွှေ့ပြောင်းရတာပါပဲ။ ကိုယ့်အကွက်လေးကိုတော့ နီးစပ်ရာ ထိန်းသိမ်းစောင့်ရှောက်ကြည့်ခိုင်းထားရတယ်။ ခြံဝင်းတော့လုံအောင် ကာရံထားရတာပေါ့ဗျာ" ဟု လက်ရှိဝန်ထမ်းတစ်ဦးက ပြောပြသည်။

ပဲခူးမြို့ ဥသာမြို့သစ်တွင် ပဲခူးဟံသာဝတီလေဆိပ်စီမံကိန်းကြောင့် မြေဈေးများတက်လာရာ မလိုလားအပ်သောပြဿနာမဖြစ်စေရန်နှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမရှိသူများက တပည့်မွေးပြီး မြေကျူးကျော်မှုများရှိနေရာ ဝန်ထမ်းများမှ အသင့်နေထိုင်ရန် ခက်ခဲသူများမှ နီးစပ်ရာအပ်နှံထားနေရသောအခြေအနေတွင် ရှိနေသည်။ "မြေနေစရာမရှိတဲ့သူတွေဆိုတာမျိုးနဲ့က ဘာစကားမှပြောမနေရပါဘူး။ တစ်ချို့ကပိုက်ဆံရှိတယ်ဆိုတဲ့သူက ပိုဆိုးတယ်။ တွေ့တဲ့မြေ ခြံခတ်နေကြတယ်။ ကိုယ့်မြေမဟုတ်မှန်းသိရက်နဲ့ကို အုံနဲ့ကျူးကျော်ပြီး စီးပွားရေးတစ်ခုလို လုပ်စားနေကြတာပါ။ သက်ဆိုင်ရာကအကူအညီပေးရင် ပိုင်ရှင်အမှန်ဝန်ထမ်းတွေ စိတ်ရှုပ်စရာမရှိဘူးပေါ့" ဟု အမှတ် (၇)ရပ်ကွက်နေ ဝန်ထမ်းတစ်ဦးက ပြောသည်။ **မိုးသက်ဝင်း**

# တာချီလိတ်မြို့ရှိ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများနှင့် မီးလောင်ပြင်အား စက်ယန္တရားများဖြင့် ရှင်းလင်း

**တာချီလိတ် မေ ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မီးဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံမှစေတနာရှင်များနှင့် ထိုင်းနိုင်ငံမှ စေတနာရှင်များက အလှူခံဌာနတွင် လာရောက်လှူဒါန်းထားသည့် ထောက်ပံ့ငွေများကို ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှကြီးကြပ်ကာ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် မဟာမြတ်မုနိကျောင်းတိုက်၌ မေ ၁၅ ရက် ညနေ ၄ နာရီက အိမ်ထောင်စု ၂၉ စုထံ လက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

ယင်းမီးဘေးသင့်အိမ်ခြေ ၂၉ စုအား အများပြည်သူတို့မှလှူဒါန်းထားသည့် အိမ်ထောင်စုတစ်စုလျှင် ထိုင်းဘတ်ငွေ ၄၁၅၀၀ နှင့် ငွေကျပ် ၈၃၈၅၀၀ ဖြစ်ရာ စုစုပေါင်းငွေကျပ် ၂၂ သိန်း၊ ဆန်အိတ်အကြီး၊ အသေး ၁၂ အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၁၃ ဖာ၊ စားဆီ ၁၀ ဘူး၊ သွပ် ၆၆ ချပ်၊ ဘိလပ်မြေ ၁၉၆ အိတ်၊ အုတ် ၁၃၆၃ လုံးစီ၊ အိမ်ဆောက်သံချောင်းများ၊ သောက်ရေသန့်များ၊ စောင်၊ ခြင်ထောင်၊ သဘက်၊ ကျား၊ မနှင့် ကလေးဝတ်အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက အလှူရှင်များကိုယ်စား မီးဘေးသင့်အိမ်ထောင်စုတစ်စုချင်းစီသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးသည်။

အဆိုပါ မကာဟိုခမ်းရပ်ကွက်ရှိ မီးလောင်ကျွမ်းခဲ့သည့် အိမ်မြေနေရာများအား အိမ်များအမြန်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် စေတနာရှင်အလှူရှင်များမှကူညီသော စက်ယာဉ်ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူး၊ ခရိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက သတ်မှတ်မြေအတိုင်းအတာဖြစ်ရေး၊ ယာဉ်ဝင်၊ ယာဉ်ထွက်လွယ်ကူသည့် လမ်းများဖြစ်စေရေးနှင့် မီးဘေးသင့်ပြည်သူများအား စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ရေနံချောင်းမြို့ရှိ ရတနာအဆင့်မြင့်3D ရုပ်ရှင်ရုံ မေ ၂၂ရက်တွင် စတင်ဖွင့်လှစ်ပြသမည်

**ရေနံချောင်း မေ ၂၀**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အရှေ့ဦးကုန်တိုက်ရှိ ရတနာအဆင့်မြင့် 3D ရုပ်ရှင်ရုံကြီးသည် မေ ၂၂ ရက်တွင် 'ရပ်ကွက်ဘုရင်မ' အမည်ရှိ ရုပ်ရှင်ဇာတ်ကားကြီးဖြင့် စတင်ဖွင့်လှစ်ပြသတော့မည်ဖြစ်ကြောင်းနှင့် လက်မှတ်များကို ၁၀၀၀ ကျပ်၊ ၁၅၀၀ ကျပ်၊ ၂၀၀၀ ကျပ်ဈေးနှုန်းများဖြင့် ရောင်းချပေးကာ ညနေ ၃ နာရီခွဲနှင့် ည ၇ နာရီတွင် ပြသကြိမ် နှစ်ကြိမ်တိုင်တိုင် ဖွင့်လှစ်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"ရေနံချောင်းမြို့မှာ ရုပ်ရှင်ရုံကပြသတဲ့ ရုပ်ရှင်မကြည့်ဖြစ်တာ ၁၀ နှစ်ကျော်လောက်ရှိပါပြီ။ အခုလို ရေနံချောင်းမြို့မဈေးကြီးနဲ့ အရှေ့ဦးအဆင့်မြင့်ကုန်တိုက်ကြီးမှာရှိတဲ့ အဆင့်မြင့် 3D ရုပ်ရှင်ရုံကြီး စတင်ဖွင့်လှစ်ပြသတော့မှာဆိုတော့ မြို့နေပြည်သူလူထုကိုယ်စား ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ စတင်ပြသမယ့်ဇာတ်ကားက 'ရပ်ကွက်ဘုရင်မ' ဟာသကားဆိုတော့ ပိုအဆင်ပြေပါတယ်။ ရေနံချောင်းမြို့နေပြည်သူများ နိစ္စဓူဝ ပင်ပန်းနွမ်းနယ်သမျှကို ဖြေဖျောက်အနားယူနိုင်ဖို့အတွက် ဒီအဆင့်မြင့်ရုပ်ရှင်ရုံကြီးက အထောက်အကူပြုပေးနိုင်မှာဖြစ်ပါတယ်လို့ ကျွန်တော်ကတော့ယုံကြည်မိပါတယ်" ဟု မြို့မတောင်ရပ်ကွက်နေ ရုပ်ရှင်ဝါသနာပါသူတစ်ဦးက ပြောသည်။ **ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**



ဖတ်စရာ



# အရိပ်အာဝါသကောင်းတစ်ခုကို မှီခိုမိခြင်း

à မြန်ဂုဏ်ဆောင်

'သူရဲကောင်းပေါများ၍ ညီညွတ်မှုရှိသော နိုင်ငံသည် ကျွန်မဖြစ်နိုင်၊ ပရဟိတအား ကောင်း၍ ညီညွတ်သောလူမျိုးသည် မဆင်းရဲနိုင်' ဟူသောဆောင်ပုဒ်ကို နှလုံးသားတွင် စွဲမြဲစွာယုံကြည်သော မြတ်ဆရာတော်သည် မိုးပြာရောင်ထက်ကောင်းကင်ကြီးနှင့်တူသော မေတ္တာ၊ စေတနာ၊ ကရုဏာ၊ အကြင်နာများစွာဖြင့် သစ္စဝေဒဂူရိပ်သာနှင့် မှီခိုရာမဲ့ကလေးများစွာကို ပညာနို့ရည်တိုက်ကျွေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လူငယ်ယဉ်ကျေးမှု သာသနာပြုသစ္စဝေဒဂူမဂ္ဂင်ခမ္မရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)တည်းဟူသော အရိပ်အာဝါသကောင်းတစ်ခုကို ကျွန်ုပ်မှီခိုခွင့်ရသည်မှာ ၁၀ နှစ်ကျော်ခဲ့ပါပြီ။ မြန်မာ့ဆက်သွယ်ရေး(နေပြည်တော်) လက်ထောက် မန်နေဂျာ ဒေါ်ဝင်း၏ကျေးဇူးကြောင့် ၂၀၀၆ ခုနှစ်က ဆရာတော်၏ခြေဖဝါးတော်အောက်ရောက်ခဲ့ရသည်။ မန်းရေတံခွန်တောင်ခြေက ပူပြင်းခြောက်သွေ့သော အယ်နီညိုအပူလှိုင်းဒဏ် အောက်ဝယ် ချွေးသိပ်စရာ အေးရိပ်ဆာယာအဖြစ် အကြိမ်ကြိမ်ခိုလှုံခဲ့ဖူးသည်။

သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းခိုလှုံစမြဲဖြစ်ရာ သစ္စဝေဒဂူ မဂ္ဂင်ရိပ်သာ၏ အရိပ်က လောဘ၊ ဒေါသ၊ မောဟများဖုံးလွှမ်းနေသော ပုထုဇဉ်လူသားတို့၏ မနောခတ်ကို အိုအေစစ်ပမာ အေးမြပီတိဝေဖြာစေသည်။ 'ကောင်းကျိုးသုခရဖို့ရာ ယဉ်ကျေးသင်တန်းတက်ကြတာ'ဟူ၍ လူငယ်တို့နှလုံးသားထဲတွင် စွဲမြဲစွာခံယူစေသည်။

၂၀၀၃ ခုနှစ်မှစတင်၍ နှစ်စဉ်နွေရာသီကျောင်းပိတ်ရက် ဗုဒ္ဓယဉ်ကျေးသင်တန်းတွင် ကိုရင်၊ သိက္ခာရှင်၊ သီလရှင်ဝတ် ထေရဝါဒဗုဒ္ဓ၏သားတော်၊ သမီးတော် ၂၀၀၀ ခန့်တို့အား ယဉ်ကျေးလိမ္မာအခြေပြု ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်နှင့် အကြီးတန်းအဆင့် ခြောက်ဆင့်ခွဲ၍ ရဟန်းပညာရှိ၊ လူပညာရှိများ၊ ရဟန်းစာဆို၊ လူစာဆိုများက ဟောပြောသင်ကြားပေးနိုင်ခဲ့သည်။

နယ်သင်တန်းများကို မန္တလေး၊ ပြင်ဦးလွင်၊ နောင်ပိန်၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ နမ္မတူ၊ ကွတ်ခိုင်၊ မူဆယ်၊ ပလိပ်၊ ကျောက်ဆည်၊ မြစ်သား၊ ပြင်စည်၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ တောင်ငူ၊ ဘားအံ၊ ကျိုက်ထို၊ ထောက်ကြံ့၊ ရန်ကုန်၊ သံလျင်၊ လပွတ္တာ၊ ထားဝယ်၊ စစ်ကိုင်း၊ မြင်းမူ၊ မြိုင်၊ ပုလဲ၊ ဂန့်ဂေါ၊ ကလေး၊ ချင်းပြည်နယ်တောင်ပိုင်း၊ စွန်တောင်ရွာ၊ ရခိုင်၊ မင်းပြား၊ မြောက်ဦး၊ မတ္တရာ၊ နွယ်ရုံ၊ ကျည်တောက်ပေါက်၊ သပိတ်ကျင်း၊ ကြာညွှန့်၊ တကောင်း၊ မိုးကုတ်၊ ဝက်လက်၊ ရွှေဘို၊ ကန့်ဘလူ၊ ကျွန်းလှ၊ မိုးကောင်း၊ ဗန်းမော်၊ မန်နော်ရွာတို့တွင် သင်တန်းဌာန ၉၀ ကျော်ဖွင့်လှစ်နိုင်ခဲ့သည်။

မြတ်ဆရာတော်ဦးခေမာစာရ၏ သာသနာပြုစိတ်၊ သာသနာပြုချင်စိတ်ဖြစ်အောင် ၁၉၅၃ ခုနှစ် ဇန်နဝါရီ၊ မေနှင့် ဩဂုတ်လများတွင် ဆရာဦးပြည့်စုံ၏ သွေးသောက်မဂ္ဂဇင်း၌ ဖော်ပြခဲ့သော ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီး ရွှေဒုံးဘီအောင်၏ ဆောင်းပါးကြောင့် 'မိမိအမျိုးဘာသာ ကမ္ဘာတည်သရွေ့ ကြံ့ခိုင်တည်တံ့စေရန်အတွက် ကျောင်းသား၊ ကျောင်းသူ ကလေးလူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို မဖြစ်မနေ ဖွင့်လှစ်သင်ကြားပေးမည်' ဟူသော ယုံကြည်ချက် သန္နိဋ္ဌာန်က ဆရာတော်မထေရ်မြတ်၏ အောင်မြင်မှုခြေလှမ်းများကို ထက်မြက်သွက်လက်စေသည်။

ဗုဒ္ဓယဉ်ကျေးမှုနိုင်ငံတော် တည်ထောင်နိုင်စွမ်းရှိသူ မြတ်ဆရာတော်က ယဉ်ကျေးမှုသင်တန်းများကို မိမိဝိပဿနာအားထုတ်မှုအချိန်မှဖဲ့ပေးပြီး သာသနာပြုခဲ့ခြင်းမှာ မူလေးချက်ဖြင့် အကောင်အထည်ဖော်နေခြင်းသာ ဖြစ်သည်။

(၁) မိမိဗုဒ္ဓဘာသာအား အသက်နှင့်လဲ၍ ကိုင်းရှိုင်းရိုသေစွာစွဲမြဲစေရန်
(၂) ကောင်းမွန်ကြံ့ခိုင်သော စာရိတ္တဖြင့် အများအကျိုးသယ်ပိုးဆောင်ရွက်တတ်စေရန်
(၃) နှစ်ဖက်မြင်သောအသိဉာဏ်ဖြင့် အများအကျိုးသယ်ပိုးဆောင်ရွက်တတ်စေရန်
(၄) ဉာဏ်ရှေ့သွားပြုသော လုံ့လဝီရိယဖြင့် လောကီ၊ လောကုတ္တရာတိုးတက်အောင်မြင်စေရန် တို့ပင်ဖြစ်သည်။ မိရိုးဖလာ ဗုဒ္ဓဘာသာအဆင့်မှ ကျော်လွန်နိုင်အောင် ဆွဲခေါ်နိုင်ခဲ့သည်။ နွေရာသီကျောင်းပိတ်ရက်ကို အချည်းနှီးမဖြစ်စေဘဲ အချိန်ကိုအကျိုးရှိရှိအသုံးပြုခြင်းဖြင့် ရခဲလှသောလူ့ဘဝ သက်တမ်းတိုကလေးကို ကျော်လွှားနိုင်စေသည်။ ရောက်ရာအရပ်တွင် သည်ကွေ့ သည်တက်၊ ဟိုကွေ့ ဟိုတက်ဖြင့် မရှိမဖြစ် လိုအပ်သော ဘာသာရေးကွက်လပ်များစွာကို ဖြည့်ဆည်းပေးခဲ့သည်။ နွေးထွေးသောလက်များဖြင့် သာသနာ့ထီးတော်ရိပ်အောက်ဝယ် ချွေးသိပ်နားနေစေခဲ့သည်။

ကမ္ဘာ့အကောင်းဆုံး ထေရဝါဒဗုဒ္ဓသာသနာတော်၏ ထီးတော်ရိပ်အောက်ဝယ် ပုထုဇဉ်လူသား များစွာကို အရိယာသူတော်စင်အသိ ပူးကပ်ကိန်းအောင်းလာအောင် ဆွဲဆောင်နိုင်ခဲ့သည်။

၂၀၀၉ ခုနှစ် ဇူလိုင်လက ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင်ကျင်းပခဲ့သော 'နိုင်ငံတကာဘာသာပေါင်းစုံ မဟာမိတ်ဖြစ်ပေါ်တိုးတက်ရေးအသင်းကြီး၏ညီလာခံ' တွင် ဗုဒ္ဓဘာသာကို ကမ္ဘာ့အကောင်းဆုံး ဘာသာကြီးတစ်ရပ်အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့မှုကို ထာဝရရင်ထဲ နှလုံးသားထဲတွင် တန်ဖိုးထားနိုင်ဖို့လိုသည်။

သစ္စဝေဒဂူ သာသနာ့ထီးတော်ရိပ်အောက်မှာ အသက်အရွယ်မျိုးစုံ မိခင်နို့ပြတ်ခါစမှသည် နှစ်နှစ်ဆယ်ဝန်းကျင်ရှိ လူငယ်များပါ နှစ်စဉ် ၆၀၀၊ ၁၀၀၀ခန့်ရှိကြသည်။ အလွှာမျိုးစုံမှ ကလေးမျိုးစုံကို ထိန်းကျောင်းရသော မကျန်းမာရေး၊ ပညာရေး၊ လူမှုရေး မျက်နှာစာမျိုးစုံကို ဖေးမနေကြရသည်။

အုပ်ချုပ်သူရဟန်းမထေရ်မြတ် ၂၀၊ သာသနာ့နွယ်ဝင် သီလရှင် ၁၀ အောက်မှာ နိစ္စဓူဝရင်ဆိုင်ကြုံတွေ့နေရသော ကလေးများ၊ အအိပ်မက်၊ ကစားမက်၊ အစားမက်သော အရွယ်များကို ထိန်းရ ကျောင်းရသောအလုပ်ဖြစ်သည်။ မိဘမဲ့ ခိုကိုးရာမဲ့လေးများစွာ၏ ဘဝပြဿနာထောင်ချီသောဝန်ကို ထမ်းရသော အချိန်နှင့်အခြေအနေသာဖြစ်သည်။ တစ်သက်လုံးမပြောနှင့်ဦး တစ်နှစ်လုံး မဆိုနှင့်ဦး တစ်ရက်မျှပင် ထိန်းကြည့် ကျောင်းကြည့်စမ်းပါ။ ပြောသလောက်မလွယ်သော လူမှုဒုက္ခကြီးပင်ဖြစ်သည်။

'တပည့်မရှား တပြားမရှိ ပီတိကိုစားအားရှိ၏' အသိစိတ်ဖြင့် အနာဂတ်ကြယ်ပွင့်လေးများအတွက် သားသမီးမဟုတ်သော်လည်း ကိုယ်နှင့်လွယ်ပြီးမွေးရသော သားရတနာ၊ သမီးရတနာများပမာသဘောထားပြီး ထိန်းရသိမ်းရသောအလုပ်၊ ထမင်းစားချိန်၊ ရေချိုးချိန်မို့ အစစကြည့်ပြီး တုတ်တစ်ချောင်းလက်ကမချဘဲ ထိန်းရသောအလုပ်၊ ကျောင်းတက် ခေါင်းလောင်းထိုးကြေးမောင်းထိုးလျှင် ကိုယ့်အဆောင်ကိုယ်မသွားသေးဘဲ သက်န်းများကို လုံးထွေးပြီး ဟိုပြေး သည်ပြေးလုပ်နေသော သူများကိုထိန်းရ၊ အော်ရ ငေါက်ရသောအလုပ်၊ အိပ်ရာခင်းကိုကောင်းကောင်းခင်းဖို့၊ စောင်ကိုလုံခြုံစွာခြုံဖို့၊ ခြင်ထောင်၏ဘေးနှုတ်ခမ်းဖျားများကို ဖျာဖြင့်ဖိထားဖို့၊ အိပ်ရာထဲစကားမပြောဖို့ကအစ သင်ပေးနေရသောအလုပ်၊ သာသနာ့နွယ်ဝင်သိက္ခာရှင်များကို ဆွမ်းဝိုင်းထိုင် တန်းစီသွားရန်သင်ကြားပေးရသောအလုပ်။

နံနက်အရုဏ်တက်မှသည် ညဉ့်သန်းခေါင်ယံအထိ မပြီးဆုံးနိုင်သော အလုပ်ပေါင်းအနန္တ၊ ပြဿနာပေါင်းသောင်းခြောက်ထောင်ဖြင့်သာ နိစ္စဓူဝနပန်းလုံးနေရသောအုပ်ချုပ်သူ၊ စီမံခန့်ခွဲသူ၊ သင်ကြားပို့ချသူ ဆရာ၊ ဆရာမများ၏ အလုပ်များစွာ၊ ဗဟုကိစ္စများကိုကြည့်၍ သက်ပြင်းအခါခါချမိပါသည်။

ခိုကိုးရာမဲ့ မှီခိုရာမဲ့ကလေးသူငယ်များအပေါ် ဆရာတော်ထားရှိသော မေတ္တာအတိမ်အနက်၏ ဂုဏ်သတ္တိ၊ သာသနာတော်ချစ်စိတ်၏အကျိုးဆက်ပင်ဖြစ်ပါမည်။ ရဟန်းမထေရ်မြတ်လည်းဟုတ်သည်။ စာပေပြုစုနိုင်စွမ်းသော စာဆိုတော်အရှင်မြတ်လည်းဖြစ်သည်။ ဘက်စုံ၊ စွယ်စုံတော်၍ ထင်ပေါ်ပြီး စင်တော်က ကောက်ယူလိုက်ခြင်းသာဖြစ်ပါသည်။

လူငယ်ကျောင်းသူ၊ ကျောင်းသားထဲမှ စာပေကလောင်ရှင်၊ ကဗျာစာဆိုရှင်များဖြစ်အောင် ပြိုင်ပွဲများပြုလုပ်ပေးသည်။ သင်ကြားစီမံ ဆရာ၊ ဆရာမများ ပညာရေးမပြီးသေးလျှင် ကျောင်းစရိတ်ထောက်ပံ့သည်။ တပည့်များထဲက အိမ်ထောင်ကျလျှင်လည်း မင်္ဂလာဆောင်မှသည် တစ်အိုးတစ်အိမ်ထူထောင်ပေးသည်။

စာပေပန်းဥယျာဉ်ကြီးတွင် အသွေးအရောင်စုံလင်သော ပန်းပွင့်လေးများက နေရောင်ခြည်ကို ငံ့လင့်နေကြသည်။ ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာလန်းဆန်းနေမှုကို ဥယျာဉ်မှူးက တစေ့စေ့ တစိမ့်စိမ့်ကြည့်ပြီး စာပေပီတိမျှဝေခံစားနေသည်။ 'စာကြည့်တိုက်ဖွင့်လျှင် ထောင်တံခါးပိတ်ပြီ' ဟူ၍ ယူဆပြီး ရင်သွေးငယ် အနာဂတ်မျိုးဆက်သစ်များဘဝ သာယာလှပရေးအတွက် အသိဉာဏ်ဖြန့်ဝေနိုင်ရေးကို ကြိုတင်တွေးဆ၍ ဝေဖြာသော ပီတိဖြစ်သည်။

သစ္စဝေဒဂူ မိုးကုတ်ဝိပဿနာ မဂ္ဂင်ခမ္မရိပ်သာ၏ မိဘမဲ့လူငယ်များဖွံ့ဖြိုးရေး ပရဟိတဂေဟာ လူငယ်ယဉ်ကျေးမှု ပညာရေးဒါနဖောင်ဒေးရှင်းက လူငယ်မျိုးချစ် မျိုးဆက်သစ်များအား ဘာသာလေးစား မျိုးချစ်ပုဂ္ဂိုလ်များ ဖြစ်အောင် နိစ္စဓူဝလေ့ကျင့်ပညာပေးနေမှုက ဂုဏ်ယူဝမ်းမြောက်စရာပင်။ အနာဂတ်သာသနာ ပညာရေးမျက်နှာစာအတွက် အားတက်ဂုဏ်ယူစရာပင်။

မြတ်ဆရာတော်ကိုယ်တိုင် ပြုစုနိုင်ခဲ့သော ယဉ်ကျေးလိမ္မာအခြေပြုဆင့်၊ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထဆင့်နှင့် ဂုဏ်ထူးဆင့် တတိယပိုင်း အခြေခံအဘိဓမ္မာစာအုပ်တို့က လူငယ်ထု၏ဘာသာရေး မျက်နှာစာဝယ် စာပေမှတ်တိုင်ကြီးများအဖြစ် တည်ရှိနေသည်။

ဗုဒ္ဓဘာသာဝင်တိုင်း၏ လက်စွဲစာအုပ်အဖြစ် လူငယ်ထုထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်စွမ်းသည်။ ပါဠိဘာသာမရင်းနှီး မကျွမ်းဝင်သူများအတွက် ဖတ်ရ၊ မှတ်ရ ၊ကျက်ရလွယ်သော စာပေအဆင့်ဖြစ်သည်။

ပန်းလည်လှစေ၊ ပျားလည်းဝစေသော မြတ်ဆရာတော်၊ အနာဂတ်သာသနာ၊ အနာဂတ်ကံကြမ္မာကို ဖန်တီးဦးဆောင်နိုင်စွမ်းသော မြတ်ဆရာတော်၏ အရိပ်အာဝါသကောင်းတစ်ခုကို မှီခိုမိခြင်းသည် ကောင်းမြတ်လှပေစွ ကောင်းပေစွ . . .။

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇမြတ်ဆရာဦးခေမာစာရ (သက်တော် ၆၂ နှစ်၊ ဝါတော် ၁၅ ဝါ) အား ဦးခိုက်ပူဇော်လျက်။**

မိမိအမျိုးဘာသာ ကမ္ဘာတည်သရွေ့ ကြံ့ခိုင်တည်တံ့စေရန်အတွက် ကျောင်းသား၊ ကျောင်းသူ ကလေးလူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို မဖြစ်မနေ ဖွင့်လှစ်သင်ကြားပေးမည်'ဟူသော ယုံကြည်ချက် သန္နိဋ္ဌာန်ကဆရာတော်မထေရ်မြတ်၏ အောင်မြင်မှုခြေလှမ်းများကို . . .

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၀-၄-၂၀၁၆)ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)တွင် ပါရှိသော "ကျောင်းဆရာမ ကျွန်တော့်ညီမ" ဆောင်းပါး၏ စာရေးသူအမည်ကို "ကြင်လှိုင်မြင့်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ရမည့် မြန်မာ့အားကစား

မင်းခေါင်(အား/က)



အားကစားသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်၏ အမှတ်လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်။ တစ်နည်းအားဖြင့် အားကစားသည် လူသားထုတစ်ရပ်လုံး၏ ကြံ့ခိုင်ကျန်းမာရေးကို ရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ် လှုပ်ရှားမှုအဖြစ် လူတစ်စုတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ခုလုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန်ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးစွမ်းနိုင်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး၏ သံတမန်အခင်းအကျင်း တစ်ရပ်အဖြစ်ဖြင့် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်သည်ဟု မျှော်လင့်ယုံကြည်ကြသည်။

အားကစား၏ ပင်မရည်မှန်းချက်မှာ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးဖြစ်သည်နှင့်အညီ ပြည်သူတစ်ရပ်လုံး ပါဝင်နိုင်သည့် လူထုအားကစားလှုပ်ရှားမှု (Mass sport movements) များကို ဦးစားပေးရန် စီမံချက်များ ရေးဆွဲပြင်ဆင် ဆောင်ရွက်နေကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအတွဲ(၁)၊ (၂)နှင့် အလားတူ ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ အခြေခံ/အဆင့်မြင့် အေရိုးဗစ်လေ့ကျင့်ခန်းများကဲ့သို့သော လှုပ်ရှားမှုများကို အပတ်စဉ် ပုံမှန်ပြုလုပ်နိုင်စေမည့် နည်းလမ်းများ၊ အားကစားမျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေး လုပ်ငန်းစဉ်များ၊ စံချိန်သစ်၊ စံချိန်ကောင်းများ ရရှိစေမည့် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေနိုင်မည့် နည်းလမ်းများကို ရှာကြံပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။ အကြောင်းမှာ အားကစားလှုပ်ရှားမှုများသည် နှစ်ကာလရှည်လျားလာသည်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်ဖြစ်ရာ လွန်ခဲ့သောနှစ်(၄၀)ကျော်ကာလနှင့် များစွာကွာခြားခဲ့ပြီဖြစ်သည်ကို သတိမူရမည်ဖြစ်ပေသည်။

မြန်မာ့အားကစားမှာ လွန်ခဲ့သောဆယ်စုနှစ်လေးခုခန့်က အရှေ့တောင်အာရှတွင် အောင်မြင်မှုများဖြင့် ရွှေခေတ်ဖြစ်ခဲ့သော်လည်း ယနေ့အခါမှာ အရှေ့တောင်အာရှကျွန်းဆွယ်ပွဲများကဲ့သို့ နိုင်ငံ ၅ နိုင်ငံ ၆ နိုင်ငံသာ ပါဝင်ယှဉ်ပြိုင်သည့် ခေတ်မဟုတ်တော့ဘဲ နိုင်ငံပေါင်း ၁၁ နိုင်ငံ ပါဝင်ယှဉ်ပြိုင်သည့် ပုံမှန်ကျင်းပနေသော ဒေသတွင်းနိုင်ငံများ၏ အားကစားပြိုင်ပွဲကြီးတစ်ရပ်အဖြစ် ဦးတည်လာခဲ့ပြီဖြစ်သည်။ ပြိုင်ဘက်နိုင်ငံများမှ အားကစားသမားများမှာလည်း ၁၉၆၀ ပြည့်လွန်နှစ်များကကဲ့သို့ ထွန်းသစ်စနိုင်ငံများ မဟုတ်ကြတော့ဘဲ တိုးတက်ပြောင်းလဲလာကြကာ တိုးတက်လာသည့် အားကစားနည်းစနစ်များ၊ ခေတ်မီအထောက်အကူပြု ပစ္စည်းကိရိယာများကို သုံးစွဲလေ့ကျင့်လာကြသည့်အပြင် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် အချို့ဆိုလျှင် အားကစား အင်အားကြီးနိုင်ငံများနှင့် ပူးတွဲလေ့ကျင့်ခြင်း၊ ကာလရှည်စေလွှတ်လေ့ကျင့်ခြင်း၊ လက်ရည်စမ်းပွဲ၊ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခြင်းများဖြင့် အားကစားစွမ်းရည်ကို မြှင့်တင်ကာ ပြိုင်ပွဲဝင်လာကြပြီဖြစ်ရာ အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲမှာ ယခင်ကျွန်းဆွယ်အားကစားပြိုင်ပွဲများနှင့် ပြိုင်ပွဲဝင်အရေအတွက်သာမက အားကစားအဆင့်အတန်းမှာလည်း များစွာကွာခြားနေပြီဖြစ်သည်ကို သတိပြုဆင်ခြင်ရမည်ဖြစ်သည်။ ကျွန်းဆွယ်အဆင့် အားကစားပြိုင်ပွဲတွင်ရခဲ့သော အောင်မြင်မှုဥခွံတွင်းမှ ရုံးထွက်ကြရမည့်ကာလဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြရမည်မှာ ဆယ်စုနှစ် ၃ ခုကျော်မျှ ဖြတ်သန်းခဲ့ရပြီးဖြစ်သော်လည်း ခေတ်ကာလအခြေအနေ၊ အထွေထွေသောအကြောင်းတရားများအရ အကန့်အသတ် အတားအဆီးများ၊ ပွင့်လင်းမြင်သာ ထိရောက်စွာ ဆောင်ရွက်ခွင့်မရခဲ့သည်မှာလည်း အများအသိ၊ တစ်နိုင်ငံလုံးအသိပင် ဖြစ်ပါသည်။

> အပြုသဘောဆောင်သော အကြံဉာဏ်နှင့် မည်သည့်ဝေဖန်ထောက်ပြမှုများကိုမဆို ကြိုဆိုပါသည်။ ပြည်ထောင်စုဝန်ကြီးကလည်း လိုအပ်သည်များကို ဝေဖန်ထောက်ပြ အကြံပေးကြရန် ကမ်းလှမ်းဖိတ်ခေါ်ထားပြီးဖြစ်ရာ အားကစားလောက . . .

ထိုသို့သော အခါသမယတွင် နိုင်ငံတော်၏ ကံကြမ္မာကို ပြည်သူတို့ကိုယ်တိုင် ဖန်တီးပုံဖော်နိုင်မည့် အခွင့်အလမ်းက ပွင့်လန်းလာခဲ့သည်။ နိုင်ငံတော်သစ်ကို ပြည်သူတို့ကိုယ်တိုင် တင်မြှောက်သည့် အစိုးရကဦးဆောင်ပြီး ပုံဖော်နိုင်ရန် သမ္မတသစ်ဦးဆောင်မည့် အစိုးရသစ်ကို ကြေညာသည်။ ဝန်ကြီးဌာနများကိုလည်း ယခင်ထက် လျှော့ချကာ ၂၁ ခုသာထားခဲ့သည်။ သို့ဖြစ်ရာ အစိုးရသစ်မှာ တာဝန်များ စတင်ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာဌာနအသီးသီးရှိ အရာရှိကြီးများနှင့် တွေ့ဆုံမိတ်ဆက်ရင်း လုပ်ငန်းအခြေအနေအရပ်ရပ်ကို သုံးသပ်တင်ပြ ညှိနှိုင်းကြသည်။ ပြည်ထောင်စုဝန်ကြီးက မိမိအကောင်အထည်ဖော်မည့် ရည်မှန်းချက်နှင့် မူဝါဒကို ချပြမိတ်ဆက်ပြီး ဝန်ထမ်းများဘက်မှတင်ပြရန်ရှိသည်များကို မြန်မြန်ဆန်ဆန်စစ်ကြခြင်းဖြင့် ပွင့်လင်းမြင်သာသော ဒီမိုကရေစီအခင်းအကျင်းသစ်ကို စတင်ခဲ့ကြသည်မှာ မင်္ဂလာရှိသောမြင်ကွင်းဖြင့် နှစ်သစ်ကို ကြိုဆိုကြသည်မှာ မြန်မာနိုင်ငံတော်သစ်ဖြစ်တည်မှုနိဒါန်းအဖြစ် ခမ်းနားလှသည်ဟု ဆိုချင်ပါသည်။

အားကစားဌာနအနေဖြင့် လက်ရှိကာလအထိ ဆောင်ရွက်နိုင်ခဲ့မှုများတွက် နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုရရှိထားမှုအပါအဝင်၊ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ရေးဆွဲဆောင်ရွက်နေမှုအခြေအနေ၊ အားကစားတက္ကသိုလ် ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေ၊ အားကစားပြတိုက် ဖွင့်လှစ်ပြသထားရှိနိုင်မှုအခြေအနေ၊ အားကစားဥပဒေမူကြမ်း ရေးဆွဲထားနိုင်မှုနှင့် Sport Master Plan ရေးဆွဲထားရှိမှုများကို တင်ပြခဲ့ပြီး အစိုးရသစ်လက်ထက်တွင် ဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက်ရေးအတွက် အားကစားဆိုင်ရာမူဝါဒများနှင့်အညီ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များအတိုင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြခဲ့သည်။

တစ်ဖက်နှင့်တစ်ဖက် အသက်နှင့်ရင်း၍ ရင်ဆိုင်တိုက်ခိုက်ရသည့် စစ်မှုရေးရာကိစ္စရပ်များတွင်ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လှုပ်ရှားယှဉ်ပြိုင်ရသည့် အားကစားပြိုင်ပွဲများတွင်ဖြစ်စေ၊ အရှုံးအနိုင်ရလဒ်အဖြေမှာ အမြဲတစေ ထွက်ပေါ်လျက်ရှိပါသည်။ စစ်ပွဲတစ်ပွဲပြီးဆုံးပါက စစ်ပွဲ၏ အောင်မြင်ရခြင်း၊ ရှုံးနိမ့်ရခြင်း အကြောင်းအရင်းကို စစ်ရေးသုံးသပ်ချက်များပြုလုပ်ကာ အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်မှတ်တမ်းတင်ကြရသည်။ အားကစားပြိုင်ပွဲများတွင်လည်း အောင်မြင်မှု၊ ရှုံးနိမ့်မှု အခြေအနေများကို မူတည်ကာ အားနည်းချက်၊ အားသာချက်များကို အားကစားဆိုင်ရာ တာဝန်ရှိသူများက အမြဲတစေ ဖော်ထုတ်ဆောင်ရွက်နေကြသလို မီဒီယာလောကသားများအနေဖြင့်လည်း မှန်ကန်သည့် သုံးသပ်ချက်၊ အပြုသဘောဆောင်သည့် မျှတသည့်ဝေဖန်ချက်များဖြင့် ထောက်ပြရေးသားခြင်းကို ကျေနပ်လက်ခံရမည်သာ ဖြစ်ပါသည်။

ယနေ့စနစ်သစ် ခေတ်သစ်တွင် အားကစားလောကအား နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအတွက် အသွင်သစ်ဖြင့် မိမိတို့၏ ပုံရိပ်မှန်ကို ပြန်လည်ဖော်ထုတ်ရမည့် အချိန်အခါဖြစ်လာပါပြီ။ မိမိတို့၏ ဆောင်ရွက်ချက်များကို ဝေဖန်အကြံဉာဏ်ပေးနိုင်ပါသည်။

အပြုသဘောဆောင်သော အကြံဉာဏ်နှင့် မည်သည့်ဝေဖန်ထောက်ပြမှုများကိုမဆို ကြိုဆိုပါသည်။ ပြည်ထောင်စုဝန်ကြီးကလည်း လိုအပ်သည်များကို ဝေဖန်ထောက်ပြ အကြံပေးကြရန် ကမ်းလှမ်းဖိတ်ခေါ်ထားပြီးဖြစ်ရာ အားကစားလောက တိုးတက်အောင်မြင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးစားသွားကြဖို့သာရှိပါသည်။

အားကစားကလောင်ရှင်များသာမက အမျိုးသားရေး အမြင်ရှိကြသော မီဒီယာများနှင့် လူပုဂ္ဂိုလ်အားလုံးကို လက်ကမ်းကြိုဆိုပါကြောင်း ကြေညာ မောင်းခတ်လိုက်ရပါသည်။

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် ချင်းပြည်နယ် ဖလမ်းမြို့နယ် အိုင်ရီဘွာလ်ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ

**ဖလမ်း မေ ၂၀**

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီးယဲန်းဇဲလ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးယို၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်တင်မန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ချင်းရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် အိုင်ရီဘွာလ်ဒေသခံပြည်သူများနှင့် မေ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ယာယီမဏ္ဍပ်၌ တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး ချင်းရေးရာဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အဆိုပါကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းကြသည်။ ထို့နောက် သိက္ခာတော်ရဆရာတော် လျန်လိုင်မန်းက ကျေးရွာ၏ လိုအပ်ချက်များကိုတင်ပြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပျော်ရွှင်ခြင်းသည် ဘဝကိုတိုးတက်စေကာ ခွန်အားကိုဖြစ်စေ

**à** သရက်တန်းစိုးရွှေ (စိတ်ပညာ)

ပတ်ဝန်းကျင်တစ်ခု စိတ်ချမ်းသာမှုတို့ ပျောက်ကွယ်သွားအောင် တစ်ဦးတစ်ယောက်က စွမ်းဆောင်နိုင်ပေသည်။ လူတိုင်းအရေးကြီးနေသည်။ ငြိမ်းချမ်းစွာနေထိုင်သော မိသားစုအတွင်း မူးရူးရမ်းကားသူတစ်ယောက်ပါလာသမျှ ပူပန်သောကတို့ ရောက်ကြရမြဲပင်ဖြစ်သည်။ လောကအတွင်းနေထိုင်ခြင်းအတွက် ကျေနပ်ပျော်ရွှင်ခြင်းများနှင့် ရှင်သန်နိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ကျေနပ်ခြင်းသည် ဆန္ဒတစ်ခုပြည့်မြောက်ပြီးသွားခြင်း အောင်မြင်ခြင်းများနှင့် ဆက်စပ်နေလေ့ရှိသည်။ လူအမျိုးမျိုးစိတ်အထွေထွေကြား ခံစားမှုကွဲပြားသည်တော့ ရှိနေတတ်ပေသည်။ လက်ရှိကာလတွင် အများစုသောသူတို့မှာ အဝေးမှ တောင်တန်းစိမ်းသည်သာ ထင်နေတတ်ပြီး အနီးကသစ်ပင်ရိပ်ကို မကောင်းပြောနေတတ်ပေသည်။

မကောင်းပြောခြင်း ဝေဖန်ခြင်း အပြစ်ပြောခြင်းများစွာဖြင့် နေ့စွဲတစ်ခုကို လွှမ်းခြုံထားပါက ထိုနေ့စွဲတွင် မှန်ကန်သောကျေနပ်နှစ်သက်မှု ရရှိမည်မဟုတ်ပါတော့ချေ။ ကျေနပ်ပျော်ရွှင်ခြင်းများအတွက် ကိုယ်တိုင်လုပ်ကိုင်နေသည့် အလုပ်နှင့် ကိုယ့်ပတ်ဝန်းကျင်ကို ချစ်ခင်တတ်ရပေမည်။ ကိုယ့်အလုပ်ကိုချစ်ပါမှ ကိုယ့်အလုပ်ကကိုယ့်ကို ပြန်လည်ချစ်လာမည်ဖြစ်သည်။

သူတစ်ပါးအား လက်ညှိုးတစ်ချောင်းထိုးခြင်း၏ နောက်ကွယ်တွင် ကိုယ့်ထံပြန်ထိုးသော လက်လေးချောင်းရှိနေပေသည်။ ကျေနပ်ပျော်ရွှင်ရေးအတွက် ဗျာများတတ်သောစိတ်ကို ဦးစွာထိန်းချုပ်ရပေမည်။ ဗျာများနေသောစိတ်သည် မည်သည့်အရာကိုမျှ ပေါက်မြောက်အောင် စွမ်းဆောင်နိုင်ခြင်းမရှိလှပါချေ။ လွယ်လွယ်ကြိုက်သမျှ အစွမ်းအစက မတိုးတက်ဘဲ အဆိုးဘက်အားသာသွားတတ်ပေသည်။ သို့အတွက် ပျော်ရွှင်ငြိမ်းချမ်းသောဘဝတစ်ခုကို ရလိုသမျှ ယနေ့ကပင် စတင်နိုင်ပေသည်။ သို့အတွက် ပျော်ရွှင်ခြင်းများ၏တန်ဖိုးကိုသိကာ ကောင်းတာပြုပြောရင်း မှန်ကန်သောခံယူချက်ကောင်းတို့ဖြင့် ယခုကစပြီး စတင်နိုင်ပေသည်။ ကျေနပ်ပျော်ရွှင်မှုရသတို့ ခံစားရလေလေ ကိုယ်တိုင်ကကိုယ့်ကိုယ်ကို တန်ဖိုးထားလေဖြစ်သည်မို့ ကျေနပ်ပျော်ရွှင်ခြင်းများ၏ တန်ဖိုးကို နားလည်ကျင့်သုံးကြရပေမည်။

တိုးတက်ခြင်းဆိုသောစကားကို ပါးစပ်မှပြောနေရုံမျှဖြင့် မရပါချေ။ အခြေခံသဘောထားများမှစတင်ကာ ပြုပြင်ယူကြရမည်ဖြစ်သည်။ လက်ရှိကာလ လူမှုကွန်ရက်များတွင် တစ်ဖက်နှင့်တစ်ဖက် အပြိုင်ဆဲကာ အမှားထောက်ရင်း အမုန်းပွားကာ နေကြပေသည်။ ဆဲခြင်းကမ္ဘာတွင် မည်သူမျှ စိတ်ချမ်းသာပျော်ရွှင်မှု ရမည်မဟုတ်ပါချေ။ ပျော်ရွှင်ခြင်းသည် ဘဝကို တိုးတက်စေကာ ခွန်အားတို့ဖြစ်စေပါသည်။ ပျော်ရွှင်ခြင်းသည် လူ့ဘဝအတွက် လူဖြစ်ရကျိုးနပ်စေသည့် ခံစားမှုပင်ဖြစ်သည်။ ပျော်ရွှင်သောမျက်နှာပိုင်ရှင်သည် စိတ်အေးချမ်းစေကာ ချစ်စဖွယ်ဖြစ်နေပါပေသည်။ သို့အတွက် အချင်းချင်းဆဲဆိုမှုကိုရှောင်ကာ လေမဟုတ် အလုပ်နဲ့သက်သေပြရင်း ကျေနပ်ပျော်ရွှင်ခြင်းများဖြင့် တိုးတက်အောင် ပြုမူနေထိုင်သင့်ပါပေသည်။

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မေလ၊ ၇၊ ၈ (၆၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

မေလ (၇-၈)ရက်များတွင် ၆၁-ကြိမ်မြောက် ဦးရေ (၇၆၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရွှေတင်း။ (ကျိုက္ကဆံဘုရားပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသိရီလက်ခံရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ ဝါးခယ်မမြို့သို့ သွားရောက်မျက်စိခွဲစိတ်ကုသမှု အစီအစဉ်တွင် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)နှင့် မျက်စိခွဲစိတ်ကုသမှုအဖွဲ့သည် ၅-၅-၂၀၁၆ ရက်မှ ၇-၅-၂၀၁၆ ရက်ထိ ဝါးခယ်မမြို့သို့ သွားရောက်ပြီး ဝါးခယ်မနယ်သူ/နယ်သားများကို စက္ခုပါလဆေးခန်း၌ (န၀မ)အကြိမ်မြောက် အခမဲ့ မျက်စိကုသပေးမည်ဖြစ်ပါသည်။ ၎င်းပြင်မျက်စိစမ်းသပ်၍ ဒီဂရီ မျက်မှန်တပ်ဆင်ပေးရန် ရှိပါသည်။

သို့ပါ၍ဝါးခယ်မနွယ်ဖွားများအနေဖြင့် မျက်စိခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေ လူနာတစ်ဦးလျှင် ၄၀၀၀၀/-နှင့် ဒီဂရီမျက်မှန်တစ်လက်လျှင် ၇၀၀၀/-နှုန်းဖြင့် အောက်ပါနေရာများ၌ လှူဒါန်းနိုင်ပါသည်။

- ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၊ အမှတ်(၁၂)၊ ပထမထပ်၊ စဉ့်အိုးတန်းလမ်း၊ ရန်ကုန်။ ဖုန်း-၀၁-၂၂၆၅၉၀
- ဦးအုံ့ကျော် ဂုဏ်ထူးဆောင်နာယက၊ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) အမှတ်(၁)၊ မိုးမခလမ်း၊ ဗဟန်း။ ဖုန်း-၀၁-၅၄၉၃၀၁
- ဦးသန်းဌေး ဥက္ကဋ္ဌ၊ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) အမှတ်(၁၂)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ် ဖုန်း-၀၁-၂၂၆၅၉၀၊ ၀၉-၅၁၃၇၁၉၂

### YWCA
ဝန်းအလှပြုပြင်နည်းသင်တန်း
အခြေခံ၊ အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း

နေ့ရက် - ၂၅-၄-၂၀၁၆ မှ ၁၃-၅-၂၀၁၆
အချိန် - မွန်းလွဲ၁း၀၀နာရီ မှ ၃း၀၀နာရီ
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။
မှတ်ချက်- ဓါတ်ပုံ(၃)ပုံ၊ပန်းညှပ်ကတ်ကြေးမှတ်စုစာအုပ်ယူဆောင်လာရန်။

SH မြင့်သူထက် VU
Non-Stop ၂၃-၄ စနေ
ဆရာ/မ (နေ့စား)
နည်းပြ (ယဉ်ကျေးမှု)
ပြည်တွင်းအခွန်
ကွန်ပျူတာ စာစီစာရိုက်
MBBS
B.DS
UDE
တန်းစုံ၊ မေဂျာစုံ
ကျောင်းသား/သူ နှင့် ကျွမ်းကျင်ဆရာဖြစ်
တိုက် (၃၅) ၃ လွှာ၊ ၃၉ (၅၀)လမ်း၊ (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MODERN LINK V.3 သင်္ဘောသည် ၂၃-၄-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### အိမ်အကူအမျိုးသမီး (၃) ဦး
### အမြန်အလိုရှိသည်
ဆက်သွယ်ရန် Ph:09-5515050

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**သုံးရာသီ** ဝပ္ပဒါန
မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ၊
April - 25, 29
420144148, 421153797

**ရွှေအိုးကြီး**
Aircon Express
မြဝတီ၊ မဲဆောက်၊ မဲခေါ်
Apr-29, May 20
Special Pass(Visa) 90000Ks
09-421073634, 09-777636630

ပေ(၆၀×၈၀) မြေကွက်၊ U-10မြောက်ဒဂုံ၊ ဗိုလ်မှူးဗထူး တန်ဖိုးနည်းအိမ်ရာဝင်းဘေး၊ ပါမစ်မြေ ဗိုလ်မှူးဗထူးလမ်းမကြီး ကျောကပ်လမ်း၊ ထောင့်ကွက်။ သိန်း (၂၅၀၀)
Ph: 09-8618613

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုအပ်သော ၆၆/၃၃၊ ၆၆/၁၁၊ ၃၃/၁၁ကေဗွီ ဓာတ်အားခွဲရုံနှင့် 33KV Switch Bayတို့အတွက်လိုအပ်သော ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများအား Lotအလိုက် မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | -၂၅-၄-၂၀၁၆ရက် |
| တင်ဒါပိတ်မည့်ရက် | -၁၂-၅-၂၀၁၆ရက် |
| တင်ဒါပိတ်မည့်အချိန် | -၁၂း၀၀ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၂၄၅၊ ဖက်စ်-၀၆၇-၈၁၀၄၂၄၆

### မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရနှင့် ဝန်ထမ်း Uniform များအတွက် အရောင်စုံ၊ အသားစုံ၊ Designစုံ ကြိုက်ရာယူ
- ချည်သား T.Shirt - 1200 ကျပ်
  Sport Shirt - 3250 ကျပ်
  Shirt လက်တို - 3200 ကျပ်
  ဦးထုပ် - 1100 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- **Ph:01-292129, 01-9000260, 09-250388594**
- **Email:kyonedoe@gmail.com**

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း
မှတ်ပုံတင်အမှတ် - ကက - ၁၃/၄၁/၀၇၁ (လှိုင်)
မှတ်ပုံတင်အမှတ် - ကက - ၁၃/၀၇/၂၀၉ (တာမွေ)

## ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေးဘော်ဒါ
(သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်း အထိ)
IDEAL CLASS EDUCATION CENTRE
# ICEC

**"စံ" ပညာရိပ်သာ (လှိုင်)**
မြေအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ် ရန်ကုန်မြို့။ Website : www.icecprivateschool.com
Tel : 09-300 59147, 09-300 59148, 09-795886818, 09-255965938

**"စံပြ" ကျောင်း (တာမွေ)**
(A-5) မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 7316 6911, 09-2559 65939, 09-7316 2577, 09 7996 43183

**"စံဓိ" ကျောင်း (လှိုင်သာယာ)**
အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျွန်စစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09-44037 8745, 09-44037 8746, 09-78527 4023

၂၀၁၆-၁၇ ပညာသင်နှစ်အတွက် လှိုင်သာယာ ICEC ကျောင်းခွဲကို ထပ်မံဖွင့်လှစ်လိုက်ပါပြီ။ (ကျောင်းအပ်လက်ခံနေပြီ)

လက်ကားဝယ်ယူသူများအတွက် . . .
## အထူးအခွင့်အရေး
TEN®
# 5% DISCOUNT
၁၈-၄-၂၀၁၆ မှ
၃၀-၄-၂၀၁၆ အထိ
# မိုးကာအကျီ | မိုးကာဘောင်းဘီ
တိုက် (၇)၊ အခန်း (၃)၊ နှင်းဆီလမ်း၊ ယုဇနပလာဇာဘေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၆ ၀၀၀ ၀၀၀၊ ၀၉ ၄၂၇ ၀၀၀ ၀၀၀၊ ၀၁ ၂၉၄၀၂၆

# ကြော်ငြာ


**သန်းငွေရှင့်ခရောင်းရင်းများ ၅ ကျိုက်ထီးရိုး/ချောင်းသာ(ဖူးပွင့်)**
✿ မုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ (စွယ်တော်လေးဆူ)၊ ပခုက္ကူ (၃)ရက်။
✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ဓမ္မတော်ကက္ကူ (၃)ရက်။
✿ မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၃/၅)ရက်။
✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ ဇက်ဘိ (၅)ရက်။
✿ မော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီ၊ ဇော်ဝဲကမ်းခြေ (၂/၃)ရက်။
✿ ကျိုကထိုရေတော်ခွန်၊ ဘားအံ ဂူ(၅)ဂူ (သောကြာ/စနေ)
✿ ပြည်၊ အကောက်တောင်၊ နဂါးရစ် (စနေ/တနင်္ဂနွေ)
✿ ဇလွန် ✿ နေပြည်တော် ✿ မဲလဲဆံတော်ရှင် (စနေ/တနင်္ဂနွေ)
**Apr 22,29, May 6,13,20,27** ✿ ကားစီးလိုသူများ စီစဉ်ပေးသည်
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422



**Modern Myanmar** TRAVELS
ကျိုက်ထီးရိုး (နေ့စဉ်) 10000
ချောင်းသာ { Guest (ဖူးပွင့်) 35000 / Hotel 50000 }
ငွေဆောင် (Hotel+ကား) 40000
ကားစီးလိုသူများ အလျှုစီစဉ်ပေးသည်
09-450047016, 09-253540004



**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100



**လပြည့်** 09-50-37438
532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။



**RUBY** ကားစီးလိုးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၈) ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)


## ပူလဲရေတူမင်္ဂလာဆုမွန်လွှာ

ဖေဖေ ဦးလှမင်း [ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)] နှင့် မေမေ ဒေါ်နိုင်နိုင်မော် တို့၏ ၂၁-၄-၂၀၁၆ ရက်တွင် ကျရောက်သော နှစ်(၃၀)မြောက်မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပတ်လည်များစွာတိုင် ကျန်းမာအေးချမ်းစွာဖြင့် သာသနာပြုနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်။

သမီးကြီး သဇင်ဦး
သမီးငယ် မို့မို့မဥ္ဇူ
သားကြီး ကောင်းမြတ်ပြည့်စုံ
သားငယ် မင်းထက်ပြည့်စုံ

## "ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများအား ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ခြင်း"

(၂၀၁၅-၂၀၁၆)ပညာသင်နှစ်တွင် **ES4E ကိုယ်ပိုင်အထက်တန်းကျောင်း** မှ **အဋ္ဌမတန်း (အောင်ချက် ၁၀၀%)** နှင့် **စတုတ္ထတန်း (အောင်ချက် ၉၆%)** အပါအဝင် တစ်ကျောင်းလုံးရှိ ကျောင်းသူ/ကျောင်းသားများအား အောင်ချက်ရာခိုင်နှုန်း ကောင်းမွန်အောင် စွမ်းစွမ်းတမံ သင်ကြားပေးခဲ့သော ဆရာ/ဆရာမများ နှင့် ကြိုးစားအားထုတ်သင်ယူခဲ့ကြသော ကျောင်းသူ/ကျောင်းသားများအား ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ES4E ကိုယ်ပိုင်အထက်တန်းကျောင်း**
(အုပ်ချုပ်သူနှင့်ဒါရိုက်တာအဖွဲ့)







ရန်ကုန်-သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေး၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ Top Royal (ပါရမီ)၊ JCGV (Square & Maw Tin)၊ မန္တလေး-ဝင်းလိုက်၊ မြို့မ၊ JCGV၊ ပြည်-မင်္ဂလာထွန်းသီရိ၊ နေပြည်တော်-JCGV၊ အောင်သပြေ၊ တောင်ကြီး-မြသုခ၊ ပန်းမော်-စတား ပြင်ဦးလွင်-Movie Planet၊ လားရှိုး-သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပုသိမ်-ရွှေပြည်တော်၊ ထားဝယ်-အောင်မင်္ဂလာ **ပြပြီ။**


**တိုက်ခန်းရောင်းမည်**
(၁၂ဒ်ပေ×၅၀ပေ×၉ပေ) မြေညီထပ် ပြင်ဆင်ပြီး၊ အလင်းရောင်လမ်း၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။
ဖုန်း-၀၉ ၄၂၅၀ ၂၅၂၈၁



**POST** ဂျာနယ်ဝင်ခွင့်သင်တန်း (တအုပ်ရပြီ)
**မူလတန်းပြဆရာမဝင်ခွင့်ဖွင့်ပြီ**
၁၆၅(ပထမ)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉ ၇၃၁ ၆၁၁၄၀




# သံဃာတော်များအတွက်
# ပိဋကကျမ်းစာနှင့် အင်္ဂလိပ်ဘာသာ အထူးသင်တန်း
# ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏
# ဓမ္မဝိနယစင်တာ
# Institute of Dhamma Education
# (I.D.E-YGN)

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ဒေသတွင် ဖွင့်လှစ်သင်ကြားမည်။**

(၁) Study Program

1. English (4-Skills)
2. Pitaka Text (Selected)
3. Abhidhamma Study
4. Pāli-English Word Study

(၂) ဓမ္မာစရိယ အောင်လက်မှတ်ရရှိပြီး၍ သက်တော် ၂၅ နှစ်ထက်မကျော်သော ရဟန်းတော်များနှင့် ရှင်သာမဏေများ လျှောက်လွှာ တင်သွင်းနိုင်ပါသည်။

(၃) ၂၀၁၆ ခုနှစ်၊ မေလ ၂၂ ရက် နောက်ဆုံးထား၍ လျှောက်လွှာလက်ခံပြီး မေလ ၂၈ ရက်တွင် ဝင်ခွင့်စာမေးပွဲ နှင့် အင်တာဗျူးဖြေဆိုရမည်။ ၂၉ ရက်တွင် ဝင်ခွင့်ရသူစာရင်း ကြေညာမည်။ ဝင်ခွင့်ရသူများကို ဇွန်လ ၁ ရက်တွင် စတင်လက်ခံမည်။ သင်တန်းကာလမှာ Level တစ်ခုလျှင် (၃) လ ဖြစ်သည်။

မှတ်ချက်။ ။လျှောက်လွှာကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ကထိကဆောင် - (၁၀၃)၊ ကထိက ဆရာတော် ဒေါက်တာဝိမလ ဖုန်း - ၀၉-၂၁၅၁၁၅၈ (samana.vimala@gmail.com) ထံတွင် တောင်းယူတင်သွင်းရပါမည်။

**သင်တန်းကြီးကြပ်ရေးကော်မတီ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့ရွာများအတွက် ရုံးအဆောက်အအုံများဆောက်လုပ်ခြင်းအား Turn Key စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat)ဖြင့် အပ်နှံလိုပါသည်-

| | | |
|---|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | - | ၂၅-၄-၂၀၁၆ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁၂-၅-၂၀၁၆ ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၂း၀၀ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၂၄၅၊ ဖက်စ်-၀၆၇-၈၁၀၄၂၄၆

မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါပိတ်ရက်တိုးမြှင့်ကြောင်းအသိပေးခြင်း**

မြန်မာ့မီးရထားမှ အောက်ဖော်ပြပါလုပ်ငန်းအား ဆောင်ရွက်ရန် တင်ဒါပိတ်ရက်ကို ယခင် (၂၂.၄.၂၀၁၆) ရက် (၁၂း၃၀)နာရီ အစား (၂၅.၄.၂၀၁၆)ရက် တနင်္လာနေ့(၁၄း၀၀)နာရီသို့ တိုးမြှင့်ကြောင်း အသိပေးအပ်ပါသည်။

**တင်ဒါအမှတ်-၀၁/မမ/ (CE)(2016-2017)**

တိုင်းအမှတ်(၂)ရွာထောင်နယ်မြေရှိ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းကံကြီး-ဖော်ချောင်းကြား၊ တံတားအမှတ်(၂၈၁)ဖော်ချောင်းတံတား (၃/၈၅'-၆") အသစ်တည်ဆောက်ခြင်း

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-294352, 291994.

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ ပတ္တမြား(၄)လမ်း၊ တိုက်အမှတ်(၁၀၈၀)၊ ၃ လွှာ(ပထပ်)ဟုခေါ်တွင်သော ဒေါ်သူဇာမြင့်[၁၂/ကတန(နိုင်)၀၀၀၅၉၆]ပိုင်ဆိုင်သော တိုက်ခန်း ၁၈' × ၅၅' ကို ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း တရားဥပဒေအရ ဆက်လက်၍ အပြီးတိုင်စာချုပ်ချုပ်ဆို သွားမည် ဖြစ်ပါသည်။

ဦးမြတ်ကိုကို[၁၂/ပဘတ(နိုင်)၀၀၅၆၀၇]
အမှတ်(၉)၊ ရေကျော်လမ်းမကြီး၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၀၁၂၀၉၇၊ ၀၉-၇၈၈၉၅၇၆၉၁

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ကြော်ငြာ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးခင်ဦး (၉၃)နှစ်
### ရမ်းဗြဲမြို့နယ်၊ ရမ်းပေါက်တိုက်နယ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ပုလုပ်တောင်ရပ်နေ (ဦးငယောင်း-ဒေါ်ရွှေကျင်)တို့၏သမီး၊ (ဒေါ်သိန်းတင်)၊ ဦးသိန်းကျော်-ဒေါ်ခင်သန်း၊ ဒေါ်သန်းခင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၆)လမ်း၊ အမှတ်(၃၅)နေ ဦးဝေသာထွန်း-ဒေါ်သန်းမြတင်၊ မရမ်းကုန်းမြို့နယ်နေ ဦးမောင်ဖုန်းတင်-ဒေါ်စန်းစန်းညွန့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုကျော်နိုင်-မခင်နန္ဒာဦး၊ မလင်းလင်းနိုင်၊ ကိုအောင်ကိုမြတ်၊ မောင်စိုးမိုးနိုင်၊ မောင်စိုးရန်နိုင်၊ မအိရွှေငြိမ်းတို့၏အဘွားသည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ရေကန်ဒါယိကာမကြီး
## လီအလျှံ(ခ)ဒေါ်အေးဟန်
## အသက်(၉၂)နှစ်

ရန်ကုန်မြို့ အမှတ် (၅၈/A-1)၊ ကန္တာလမ်း စောရန်ပိုင်အနောက် ရပ်ကွက်၊ အလုံမြို့နယ်နေ (ဦးငေါ်ကျော်ရင်)၏ဇနီး၊ ငေါ်ယုခင် (Hong Kong)၊ ဦးသိန်းတင်(ခ)ဦးသက်ဦး-ဒေါ်ကောင်းရှောင်းရှောင်း၊ ဦးသိန်းနိုင်- ဒေါ်သီတာအေး၊ ဦးသိန်းထွန်း (Japan)၊ (ဦးခင်မောင်ဝင်း)-ဒေါ်သန်းအေး၊ ဦးသိန်းလွင်၊ ဦးသိန်းမိုင်-ဒေါ်သင်းသင်းနိုင်တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၉-၄-၂၀၁၆(အင်္ဂါနေ့) ည ၈း၄၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်ကြည် (၈၉)နှစ်
### (ကော့ကဒွတ်)
### (မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်စံပြကျေးရွာ)

ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်စံပြကျေးရွာနေ (ဦးထွန်းရွှေ-ဒေါ်ဖြူဖြူ)တို့၏သမီး၊ (ဦးရှိန်)၏ဇနီး၊ ဦးလှမြင့်-ဒေါ်ရွှေရည်၊ ဦးအောင်မြင့်-ဒေါ်လှညို၊ ဒေါ်လှရီ၊ (ဦးသန်းညွန့်)-ဒေါ်လသန်း၊ ဦးကျော်လှ-ဒေါ်ဝင်းချို၊ ဦးမြင့်ဝင်း-ဒေါ်နှင်းနှင်းသက်၊ ဦးကျင်ထွန်း-ဒေါ်ချိုချိုတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၈ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘွားသည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကော့ကဒွတ်ကျေးရွာသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဂွမ်ကြည်ဦး (၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၁၉/က)လမ်း၊ အမှတ် (၈၉၈-ခ)နေ (ဦးစံကော်ဝါး-ဒေါ်ကျင်ပို)တို့၏သား၊ (ဦးတယ်ကင်ဟုတ်)-ဒေါ်ဖိတ်ကြူးတို့၏သားသမက်၊ ဒေါ်ချိုချို၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်)-ဒေါ်ခင်လှိုင်တို့၏မောင်၊ ဦးအောင်မြင့်-ဒေါ်ဂင်နိုင်၊ ဦးဉာဏ်လင်း-ဒေါ်စိုးစိုးလှိုင်တို့၏အစ်ကို၊ မောင်ကျော်မင်းဦး၊ မောင်ကျော်လင်းတို့၏ မွေးသဖခင်သည် ၁၉-၄-၂၀၁၆ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၆(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာရန် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## မထက်ထက်မိုးဦး (ခ) မထက်ထက် (၁၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးမြကန်သာရပ်ကွက်၊ မနော်ဟရီလမ်းနေ ဦးညွန့်ရွှေ-ဒေါ်အေးသိန်းတို့၏မြေး၊ ဦးအောင်လှကျော်-ဒေါ်ဝင်းဝင်းထိုက်(ခ)ဒေါ်ကြည်မုံတို့၏သမီး မထက်ထက်မိုးဦး(ခ)မထက်ထက်သည် ၁၈-၄-၂၀၁၆ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား၊ အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဦးတင်အောင် (၈၉)နှစ်
### ညွန်ကြားရေးမှူး(ငြိမ်း) အိမ်တွင်းစက်မှုလက်မှု ဦးစီးဌာန သမဝါယမဝန်ကြီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းသွယ် (၆)၊ အမှတ် (၂၉)နေ (ဦးဘဂျမ်း-ဒေါ်သိန်းမေ) မုံရွာမြို့တို့၏သား၊ [ဒေါ်စီစီဝင်း (ပါမောက္ခ/ဌာနမှူး မြန်မာစာဌာန၊ ရန်ကုန်မြို့)]၏ခင်ပွန်း၊ Dr. ကိုကိုမော် (အမှုဆောင်ညွှန်ကြားရေးမှူး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဗဟို)-ဒေါ်သာနှောင်းအေး(အထက-၃၊ မင်္ဂလာတောင်ညွန့်)၊ Dr. အေးမင်း(U.S.A)တို့၏ဖခင် ဦးတင်အောင်သည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားပါသည်။]

ကျန်ရစ်သူမိသားစု

## Capt; သန့်ဇင်စိုး (၆၆)နှစ်
### (အောင်ဆန်းသူရိယလှသောင်း ကျောင်းသားဟောင်း)
### [ဘွဲ့ရDiver(ငြိမ်း)ပုလဲကျွန်း]
### (ပြည်သူ့ပုလဲနှင့်ငါး Corporation)

ရန်ကုန်မြို့နေ [ဒု-ဗိုလ်မှူးကြီးစိုးမြင့်-ဒေါ်လှကြည် (ပန်းတနော်)]တို့၏ သားကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိကျေးရွာနေ (ဦးအလှ-ဒေါ်စော)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၅၉)၊ ပထမထပ်(ဘီ)နေ ဒေါ်ခင်ပြုံးလွင် (လက်ထောက် ပုလဲမွေးမြူရေးမှူး-ငြိမ်း၊ ပုလဲကျွန်း)၏ခင်ပွန်း၊ ဒေါ်ကြည်ပြာ သန့်ဇင် (လက်ထောက်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးဝဏ္ဏသန့်ဇင်၊ ဦးစည်သူသန့်ဇင်တို့၏ဖခင်၊ မောင်ဝေဖြိုး၏အဘိုး၊ ဦးထွန်းဇော်စိုး-ဒေါ်ဖြူဖြူအေး၊ ဦးသန်းငွေ-ဒေါ်ဥမ္မာစိုး၊ (ဦးထွန်းမောင်စိုး)၊ (ဦးတိုးတင့်)-ဒေါက်တာစန္ဒာစိုး (ပါမောက္ခ၊ မြန်မာစာဌာန၊ ရွှေဘိုတက္ကသိုလ်)တို့၏အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီးသည် ၁၉-၄-၂၀၁၆ရက် နံနက် ၀၀း၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုအောင်ကိုကိုသက်ပိုင်ထွန်း
## အသက် (၃၃)နှစ်

မော်လမြိုင်မြို့နေ (ဦးထွန်းမြင့်)-ဒေါ်ညွန့်ဝင်းတို့၏မြေးဦး၊ ရွှေပြည်သာမြို့နယ်နေ ဦးအေးထွန်း-ဒေါ်မာလာခိုင်တို့၏ သားကြီး၊ အင်းစိန်မြို့နယ်၊ ရွာမ(အရှေ့) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၉၉၆)နေ (ဦးမြင့်ထူး)-ဒေါ်ငွေဝင်းတို့၏ သားသမက်၊ မဝင်းပပထူး (Lighthouse Enterprises Ltd.)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ညီညီသက်ခိုင်ထွန်း-မသီရိထွန်း၊ ကိုထက်ပိုင်အာကာထွန်း-မယမင်းစုလှိုင်တို့၏ အစ်ကိုသည် ၁၉-၄-၂၀၁၆(အင်္ဂါနေ့) ည ၇း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၆ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## အန်တန်စိန်(ခ)ဦးသံချောင်း(ခ) ဦးလွင်အောင်
## အသက်(၈၈)နှစ်

တောင်ငူမြို့၊ အမှတ် (၁၃/၄၄၅)၊ ဦးမှန်းလမ်းနေ (ဦးစိန်ငါး-ဒေါ်လှစိန်)တို့၏သား (ဦးရင်တီ-ဒေါ်စိန်တီ)တို့၏ သားသမက်၊ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ Mr. OGASAWARA AKIO- ဒေါ်စန်းစန်းလွင်၊ MR. SOMA IKIO -မအေးအေးလွင်၊ ဦးစိုးလွင်-ဒေါ်ခင်ဆွေဝင်း၊ ဦးသက်လွင်-ဒေါ်ဥမ္မာလွင်၊ ဦးကျော်ထက်-ဒေါ်နုနုလွင်၊ ဦးကျော်မျိုးလွင်-ဒေါ်နှင်းနှင်းအေးတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုး အန်တန်စိန်(ခ)ဦးသံချောင်း(ခ) ဦးလွင်အောင်သည် ၂၀-၄-၂၀၁၆ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ ရက် ညနေ ၃နာရီတွင် တောင်ငူမြို့ တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးဝင်းကြည်
### ဆေးရုံအုပ်(ငြိမ်း)၊အထူးကုဆေးရုံကြီး၊ မြောက်ဥက္ကလာ(ဝေဘာဂီ)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၅၄)၊ လေးလွှာနေ (ဦးအေးရာ-ဒေါ်ကျင်ငွေ)တို့၏ သား၊ (ဦးကျင်အောင်-ဒေါ်ထွေးမေ)တို့၏သားသမက်၊ ဒေါ်ရီမြင့်၏ခင်ပွန်း၊ ဦးအောင်ကိုမင်း၊ ဒေါ်ထက်ထက်ခိုင်၊ ဒေါ်ဇင်မာမြင့်၊ ဦးထွန်းထွန်းစိုး-ဒေါ်လဲ့ယဉ်မြင့်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၁၆ (အင်္ဂါနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဦးလှရွှေ(အရာခံဗိုလ်-ငြိမ်း)
## အသက်(၇၄)နှစ်

ကျောက်ပန်းတောင်းမြို့နယ်၊ ဒါန်ကျင်းကျေးရွာနေ (ဦးစိန်တင်-ဒေါ်ငွေဆင်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄/ရပ်ကွက်၊ မေတ္တာ(၁)လမ်း၊ အမှတ်(၃၇၄)နေ (ဦးချစ်မောင်-ဒေါ်ကျင်နု)တို့၏ သားသမက်၊ ဒေါ်လှလှသွင်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသာထူးလင်း-ဒေါ်ခိုင်စန္ဒာ၊ ဦးအောင်ငွေဦး-ဒေါ်စန္ဒာလင်းတို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၄၅နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆(အင်္ဂါနေ့) နံနက်တွင် ၄/ရပ်ကွက်၊ မေတ္တာ(၁)လမ်း၊ အမှတ်(၃၇၄) နေအိမ်သို့ ကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယကာကြီး
## ဦးစိုးအောင် (၄၅)နှစ်
### (မင်္ဂလာတောင်ညွန့်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ (၁၁၄) လမ်း၊ အမှတ် (၁၉)နေ (ဦးသောင်း)-ဒေါ်ချစ်ငွေတို့၏ သား၊ ဒေါ်ခင်မျိုးနွယ်၊ ဒေါ်လှမျိုးနွယ်(မလေး)တို့၏မောင်၊ မခင်ဆွေဆွေ(ငယ်လေး)၏အစ်ကို၊ မောင်ဝေယံရဲထွဋ်၊ မစုနိုင်နိုင်ထွန်းတို့၏ဖခင် ဦးစိုးအောင်သည် ၂၀-၄-၂၀၁၆ ရက် နံနက် ၃း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဆွေ (၄၉)နှစ်
### ဌာနခွဲစာရေး၊ လ/ထညွှန်မှူး (မြေဆီလွှာရုံး)၊ စူးစမ်းလေ့လာရေး ဌာနခွဲ (ဆ/မရုံးချုပ်)
### (B.Sc; Chem)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ သိဂ္ဂီ(၂)လမ်းတောင်၊ အမှတ် (၂၅၄)နေ (ဦးမောင်တင်)-ဒေါ်တီစိုးတို့၏သမီးချွေးမ၊ ဦးသောင်းဝင်း-ဒေါ်သိန်းမြင့်တို့၏သမီး၊ ဦးဇော်မင်း-ဒေါ်မော်မော်၊ ဒေါ်အေးလွင်တို့၏ညီမ၊ ဦးဇော်ထွေးအောင်-ဒေါ်မြင့်မြင့်ကြည်၏အစ်မ၊ မောင်နေလင်းထွန်း-မဇင်နွယ်၊ မဆုမွန်ဇော်တို့၏အဒေါ်၊ ဦးစိုးမြင့်၏ချစ်လှစွာသောဇနီးသည် ၁၉-၄-၂၀၁၆ (အင်္ဂါနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်ကြည် (၈၉)နှစ်
### (ကော့ကဒွတ်)
### (မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်စံပြကျေးရွာ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၅/B)၊ လိပ်ကန်လမ်းနေ ဦးကျင်ထွန်း (BENUA KINTA COM PANY LIMITED) Electrical Engineer-ဒေါ်ချိုချို၏ မွေးသမိခင်ကျေးဇူးရှင်၊ မခင်ချိုသင်း(ခေတ္တ-စင်ကာပူ) (Sigma.3 Pte Ltd)၊ မသက်ဆုလှိုင် (KDDI Myanmar Co., Ltd)တို့၏ ချစ်လှစွာသောအဘွားသည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကော့ကဒွတ်ကျေးရွာသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်ဂျူလီမ (၇၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ အမှတ်(၆-ခ) ခြောက်လွှာ၊ မြင်သာ(၁)လမ်းနေ (ဦးဘအောင်-ဒေါ်ဒွေးမြ)တို့၏သမီးကြီး၊ ဒေါ်စိုးစိုးဝင်း၊ ဦးဝင်းကိုကို၊ ဒေါ်လှလှဝင်းတို့၏မိခင် ဒေါ်ဂျူလီမသည် ၂၀-၄-၂၀၁၆ရက် နံနက် ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းကျောင်းဒါယိကာမကြီး
## ဒေါ်ယဉ်သန်းဦး(မြောင်းတကာ)
## အသက်(၆၉)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် (၉၉)၊ စိမ်းလဲ့သာယာလမ်း၊ (၃၂) ရပ်ကွက်နေ ဦးကျော်အုန်း၏ဇနီး၊ ဦးရောမင်း-Dr.အေးမွန်ကျော်၊ ဦးနေဇာလင်း-ဒေါ်ထိုက်ထိုက်ဝင်းတို့၏မွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၀-၄-၂၀၁၆ ရက်တွင် ဆာကူရာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [နေအိမ်မှကားများ မွန်းတည့် ၁၂နာရီနှင့် မြောင်းတကာ (၅၃ ဂိတ်မှ)ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်ငွေ (၅၄)နှစ်
### (စစ်မှုထမ်းဟောင်း)

ရန်ကုန်မြို့၊ (ဒါးပိန်)နေ (ဦးစိန်မောင်-ဒေါ်မြကြည်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၄၉)၊ ပထပ်(ဝဲ)နေ ဒေါ်မြင့်မြင့်ရီ (မြင့်မြင့်ဇာဘော်လီ)၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ခင်သန်းဝင်းတို့၏ မောင်၊ (ဦးမောင်မောင်ဝင်း) (ဒုလဝက မှူး)၏အစ်ကို၊ ကိုနိုင်ဝင်းအောင်-မထက်ထက်အောင်၊ ကိုအောင်မျိုး-မရွှေရည်ဝင်း၊ ကိုစန်းမင်းထွေး-မမျိုးမမျိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ထက်မြတ်သွေး၏အဘိုး၊ မစုလှိုင်ဝင်း၏ ဦးလေးသည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၄-၂၀၁၆(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းကျောင်းဒါယိကာမကြီး
## ဒေါ်ထွေးယဉ် (၇၈)နှစ်
### တွဲဖက်ပါမောက္ခ (ငြိမ်း)၊ ဒဿနိကဗေဒ၊ ရန်ကုန်တက္ကသိုလ်

(ပါမောက္ခ ဒေါက်တာအေးကျော်)၏ဇနီး၊ ဦးအောင်မြင့်ကျော် (MS. Westernllinois University)-ဒေါက်တာမွန်မွန်မြင့်စံ (MD, Kaiser)၊ ဦးကြည်ဖိုးမင်း [MS. MBA (UC Berkeley)]-ဒေါက်တာတိုးတိုးကျော် (MD, Kaiser)၊ ဒေါက်တာ ဥမ္မာကျော် (DNP, Asso. Director, Woodhull Hospital)၊ ဦးသုတကျော် (BS, BA, Hunter College NY)၊ ဦးနိုင်ကျော် (MIS Teacher, Touro University, NY)၊ ဒေါ်ယဉ်မေကျော် (Nursing, Florida)တို့၏မိခင်၊ ဧရာမင်း၊ မော်လီဆွဒ်၊ကေစီဆွဒ်တို့၏အဘွား ဆရာမကြီး ဒေါ်ထွေးယဉ်သည် ကယ်လီဖိုးနီးယားနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဇနိတရာမကျောင်းတိုက်(မိုးကုတ်)၊ ရန်ကုန်မြို့တွင် ရက်လည်တရားနာဆွမ်းကျွေးသို့ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေတပည့်များအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးတန်ကျင်ရှင်(ခ)ဦးကျင်စိန်
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၃)၊ သုံးလွှာ၊ လမ်း(၉၀)၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးတန်ခိုကိန်း-ဒေါ်ကြူ)တို့၏ ဒုတိယသား၊ ဒေါ်ခင်ခင်မြ၏ ခင်ပွန်း၊ ဦးကျော်ဝင်း-(ဒေါ်စန်းစန်းဝင်း)၊ ဒေါ်နုနုဝင်း-ဦးတင်အောင်ငွေ၊ ဒေါ်သီတာဝင်း-ဦးကူမင်ရန်တို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးကျင်စိန်သည် အမှတ် ၂၃၆ (၅-အေ)၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၌ ခေတ္တနေထိုင်ပြီး ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (မြေနီကုန်း၊ ရတနာလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အမှတ် ၂၃၆ (၅-အေ)၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်ငွေယိုင်ဦး(စနဲမြို့)
## အသက် (၇၇)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ စနဲမြို့၊ အလယ်ပိုင်းရပ်ကွက်နေ ဦးသာမြ၏ဇနီး၊ ဒေါ်ရွှေရွှေ၊ ဒေါ်လုံးကြည်၊ မရီရီမြ၊ ဒေါ်မြရွှေ၊ မောင်မောင်မောင်လှ၊ မြစ်ကြီးနားမြို့နေ ဦးဝင်းနိုင်-ဒေါ်ဖြူဖြူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဖိုးပြည့်-မဇင်မာ၊ မောင်သူရိန်ထွန်း၊ မယွန်းဖြူစင်ဝင်း၊ မောင်မင်းသက်ခိုင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၇-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ (၂၁) အရှေ့လမ်း၊ အမှတ် (၄၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသဒ္ဓမ္မပါလ(ဒုတိယတိုက်အုပ်နာယက)
## သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၃)နယ်မြေ၊ မဟာငှက်ပစ်တောင်တိုက်ဘုရားကျောင်း၊ ဒုတိယတိုက်အုပ်နာယကအမှတ်(၃) နယ်မြေဥက္ကဋ္ဌ လဇ္ဇီပေသလ သိက္ခာကာမဂရုဂါရဝဖြစ်တော်မူသော ဘဒ္ဒန္တသဒ္ဓမ္မပါလ မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်) ၁၆-၄-၂၀၁၆(စနေနေ့) ညနေ ၅း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ ခု၊ တန်ခူးလပြည့်ကျော် ၅ရက်) ၂၇-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် အန္တိမ အဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များ

### ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်ခဲရယ်လ်စိန်ဒွေး(ခ) Carol (၅၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၄၁၆)နေ (ဦးစောစီစိန်ဒွေး-ဒေါ်နော်ဖရီးလေအုံး)တို့၏သမီး၊ ဦးခင်မောင်မြင့်၏ဇနီး၊ စောအယ်လယ်သ (a) Edel Stein Naw Blessing စောအယ်လောလ (a) Saw Praisingတို့၏ကျေးဇူးရှင်မွေးသမိခင်သည် ၁၉-၄-၂၀၁၆ရက် နံနက် ၁း၅၀နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၄-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့ လူမျိုးပေါင်းစုံ (ပထမ)နှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်၍ ကြာကန်ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများ အားလုံးတို့အား အသိပေးအပ်ပါသည်။ [အောက်မေ့ဖွယ်ဝတ်ပြုကိုးကွယ်ခြင်းကို ၂၉-၄-၂၀၁၆(သောကြာနေ့) နံနက် ၁၀နာရီတွင် အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ ဗင်တန်ဘုရားကျောင်း၌ ပြုလုပ်သွားမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မီမီစိန် (၄၅)နှစ်
### Director, Champion Construction Materials Co. Ltd

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ် (၄)၊ အမှတ်(၁၈၂/၅)နေ (ဦးစိန်မြင့်-ဒေါ်လှမေ)တို့၏ သမီးငယ်၊ (ဒေါ်နီနီစိန်)၏ညီမ၊ ဦးစိုးကိုကို၏ဇနီး၊ မောင်ဟန်ထက်အောင်၏ချစ်လှစွာသောမိခင် ဒေါ်မီမီစိန်သည် ၁၉-၄-၂၀၁၆ရက် ညနေ ၄း၀၂နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ပု
## အသက်(၇၄)နှစ်

ညောင်ဦးမြို့နယ်၊ တက်မကျေးရွာနေ (ဒေါ်အမာတင်)၏ခင်ပွန်း၊ ဦးဇော်နိုင်၊ ကိုရဲနိုင်၊ ဒေါ်ချို၊ ဦးထူးထူးတို့၏ မွေးသဖခင်သည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကင်းဝါ (၆၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ သရဖီလမ်း၊ တိုက်(၂၁၁)၊ အခန်း(၆)နေ (ဦးယု-ဒေါ်ကျင်ရီ)တို့၏သား၊ (ဦးငေါ်ဝမ်-ဒေါ်အမာ)တို့၏သားသမက်၊ ဦးတင်ဝင်း-ဒေါ်ခင်ပြုံး၊ ဦးရန်းဝါ-ဒေါ်မြင့်မြင့်ခိုင်တို့၏အစ်ကို၊ မောင်ရဲမင်း သူ (MIB Co., Ltd.)-မယုဇနလှိုင်၊ မောင်အောင်ကိုဇော် (Air Mandalay Co., Ltd)တို့၏မွေးဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်အေးခိုင်(လဝက၊ အနောက်ပိုင်းခရိုင်ရုံး)၏ ချစ်လှစွာသောခင်ပွန်း ဦးကင်းဝါသည် ၁၉-၄-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (သုဝဏ္ဏနေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှမြတ်စိုး(ဖိုးလိမ္မာ)
### B.Sc(Maths)
## အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄) ရပ်ကွက်၊ ရန်နိုင်လမ်းသွယ် (၁၂)၊ တိုက် (၁၆၇)၊ အခန်း(၃)နေ ဦးစိုးလှိုင်-ဒေါ်ကြည်ကြည်အောင်တို့၏ ချစ်လှစွာသော သားကြီး၊ ဦးစိုးမိုးနိုင်-ဒေါ်ဆွေဆွေဝင်းလှိုင် (မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်)၊ ဦးဝင်းမိုးစိုး(ခေတ္တ-စင်ကာပူ)-ဒေါ်ခိုင်ဇာမောင်(ခေတ္တ-စင်ကာပူ)တို့၏ အစ်ကိုကြီး၊ မောင်ရဲမြတ်သူရ၊ မဆုပြည့်မွန်ဦးတို့၏ ဦးကြီးသည် ၁၉-၄-၂၀၁၆ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၆ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းကျောင်းဒါယိကာမကြီး
## ဒေါ်ခင်မျိုးညွန့် (၅၃)နှစ်
### သဃ်န်းကျွန်း၊ ရန်ကင်းမြို့နယ်

ငါးသိုင်းချောင်းမြို့နေ (ဦးညွန့်ရွှေ-ဒေါ်လှခင်)တို့၏ သမီးကြီး၊ (ဦးဝင်းမြင့်ဦး)-ဒေါ်ခင်ညိုတို့၏ညီမ၊ ဦးထွန်းထွန်းဦး-ဒေါ်ရင်ရင်မွေ၊ ဦးကျော်ကျော်ဦးတို့၏အစ်မ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမ၊ မလိခအိမ်ရာ တိုက်(၂)၊ အခန်း(၃၄)နေ ဦးစန်းဝင်း (တွဲဖက်အတွင်းရေးမှူး၊ ရန်ကင်းမြို့နယ်စာရေးဆရာအသင်း)၏ချစ်လှစွာသော ဇနီး၊ မောင်ရဲရင့်သူ-မသီရိမြတ်မွန်၊ မောင်ထက်မြက်သူတို့၏မွေးသမိခင်၊ မောင်သုခန့်ထည်၏အဘွားသည် ၁၉-၄-၂၀၁၆ရက် ည ၁၁း၀၅ နာရီတွင် အောင်ရတနာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၆ ရက် ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကင်း ၁၂-လုံးတန်းနှင့် သဃ်န်းကျွန်းနေအိမ်မှ ကားများ ညနေ ၄း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမိုးကျော်မောင် (၄၈)နှစ်
### လက်ထောက်မန်နေဂျာ၊အမှတ်(၈) သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်မြို့နေ ဦးမြမောင်(မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ကြူကြူတို့၏သား၊ ဦးသိန်းအေး (လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်လှဝင်းတို့၏သားသမက်၊ ဦးမိုးကျော်အောင်- ဒေါ်နီလာစန်း(အကောက်ခွန်)၊ ဦးသန့်ဇင်မောင်(အငယ်တန်းလက်ထောက်၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်မို့မို့မွေးကြူ၊ ဦးမျိုးဝဏ္ဏထွန်း (အင်တာအေးရှားသဘော်လိုင်း)-ဒေါ်စန်းမြကြူတို့၏အစ်ကို၊ ဒေါ်နွယ်နွယ်ဦး (အငယ်တန်းလက်ထောက်၊ မြန်မာ့သစ်လုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒုဗိုလ်ခန့်အုပ်စိုး (သိမ်ဇရပ်)၊ မောင်ခန့်မင်းဟန်တို့၏ဖခင်သည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [မရမ်းကုန်းမြို့နယ်၊ ၉ မိုင်၊ သီရိကွန်ဒို၊ တိုက်အမှတ်(D)၊ အခန်းအမှတ်(၆၂၃)၊ ခြောက်လွှာနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



နဝမတန်းထူးချွန်လူငယ်များ တည်းခိုရန် စီစဉ်ထားသည့် ညောင်ရွှေဟူပင်ဟိုတယ်အား တွေ့ရစဉ်။

# မျိုးဆက်သစ်တို့၏ သမိုင်းမှတ်တိုင် အပန်းဖြေခရီးစဉ်များ ပြင်ဆင်ထားရှိ

**စေတနာမောင်**

မြန်မာနိုင်ငံ၏ အနာဂတ်မျိုးဆက်များဖြစ်သည့် ယနေ့ ကျောင်းသားလူငယ်များကို ဘက်စုံထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ စသည်တို့အပေါ်တွင် စိစစ်ရွေးချယ်ပြီး ဂုဏ်ပြုချီးမြှင့်သည့်အစီအစဉ်ကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါအစီအစဉ်များအနက် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် (၂၅)ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် အစီအစဉ်ကို ရပ်နားခဲ့ရပါသည်။

၁၉၈၈ ခုနှစ်တွင် ရပ်နားခဲ့ရသော လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း အဖြစ် စတင်ဆောင်ရွက်ခဲ့ပါသည်။ ယခုနှစ်တွင်လည်း အခြေခံပညာကျောင်းများမှ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းကျောင်းသား ကျောင်းသူ ၅၂၈ ဦးအား ပုဂံ၊ အင်းလေး၊ ငွေဆောင် အပန်းဖြေခရီးများတွင် နေထိုင်အပန်းဖြေနိုင်ရန်အတွက် ကြိုတင်စီစဉ်ထားရှိမှုများအား တာဝန်ရှိသူများနှင့်ဆက်သွယ်ကာ မေးမြန်းတင်ပြလိုက်ရပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍




## နိုင်ငံတကာအဆင့်မီအားကစားသမားများပေါ်ထွက်စေရန် နိုင်ငံတကာမန္တလာအိုးပင်းဖလား ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မေ ၂၀**

နိုင်ငံတကာအဆင့်မီမျိုးဆက်သစ်ဘတ်စကက်ဘောအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၁၆ခုနှစ် ပထမအကြိမ် နိုင်ငံတကာမန္တလာ အိုးပင်းဖလား ဘတ်စကက်ဘောပြိုင်ပွဲအလွတ်တန်းနှင့် အသက်(၂၀)နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကို မေ ၂၅ရက် မှ ၃၀ ရက်အထိ မန္တလေးမြို့ ဗထူးအားကစားကွင်းမိုးလုံလေလုံအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးဘတ်စကက်ဘောဆပ်ကော်မတီမှ သိရသည်။

လူငယ်များ ဘတ်စကက်ဘောအားကစားကို ပိုမိုစိတ်ဝင်စားပါဝင်လာနိုင်စေရန်နှင့် နိုင်ငံတကာအဆင့်မီ မျိုးဆက်သစ်ဘတ်စကက်ဘောအားကစားသမားများပေါ်ထွန်းလာစေရန်အတွက် ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ဘတ်စကက်ဘောဆပ်ကော်မတီနှင့်ကောင်းဆုအောင် ကုမ္ပဏီလီမိတက် (စိုက်ပျိုးရေးနှင့်ပရဆေးရောင်းဝယ်ရေး)တို့ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကာ ပြိုင်ပွဲတွင် အသက်(၂၀)နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲနှင့် အလွတ်တန်း အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတို့ပါဝင်မည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ✪

